# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၃)
အမှတ် (၁၆၁)

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၁၀ ရက်၊ တနင်္လာနေ့။


**နိုင်ငံ့တာဝန် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

# မွန်ပြည်နယ်ရှိ ဒေသအားလုံးဖွံ့ဖြိုးတိုးတက်လာနိုင်မည့် နည်းလမ်းများ ပူးပေါင်းဖော်ထုတ်

**မော်လမြိုင် မတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ မော်လမြိုင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ ပါမောက္ခ၊ ဌာနမှူးဆရာ ဆရာမကြီးများနှင့် တွေ့ဆုံပွဲကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာဌေးအောင်က တက္ကသိုလ်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် တက္ကသိုလ်၊ ကောလိပ်ဆိုသည်မှာ ပညာ၊ ဗဟုသုတရှာမှီးရင်း စာတွေ့လက်တွေ့ လေ့ကျင့်ခန်းကို အပတ်တကုတ် လေ့လာဆည်းပူးသော နေရာဖြစ်ပါကြောင်း၊ ထိုမှ သင်ယူပြီးတတ်မြောက်လာမည့် အသိ၊ အတတ်ပညာများဖြင့် လူမှုဝန်းကျင်ထဲသို့ ဝင်ရောက်ကြရမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများဆိုသည်မှာ နောင်တစ်ချိန် အနာဂတ်တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုသွားကြမည့်သူများ ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်နယ်ခန်းမ၌ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ရန်ကုန်-မြိတ်လမ်းပေါ်ရှိ ကလော့တံတား

**သတင်းနှင့်ဓာတ်ပုံ-နေမျိုးထွဋ်(ရေး)**

**ရေး မတ် ၉**

ရန်ကုန်-မြိတ်လမ်း တံတားအမှတ်(၄/၁၀၃) ကလော့တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)မှ တာဝန်ခံလက်ထောက်အင်ဂျင်နီယာမြို့ပြ ဦးကျော်သီဟ၊ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးသိန်းထွန်းတို့ဦးဆောင်၍ တံတားစီမံကိန်းအထူးအဖွဲ့ (၆)က ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်က စတင်တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည် ပေ ၁၂၀၊ အကျယ် ၂၉ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေ၊ ခြောက်လက်မစီရှိပြီး သံကူကွန်ကရစ်တံတားဖြစ်၍ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် ၆၀ ဖြစ်သည်။ စီမံကိန်းခွင့်ပြုတန်ဖိုး ငွေကျပ် ၃၄၂ ဒသမ ၄၀ သန်း အကုန်အကျခံတည်ဆောက်လျက်ရှိရာ တံတားအချိန်မီပြီးစီးရေးအတွက် စီမံကိန်းအထူးအဖွဲ့ (၆)က နေ့ညမနားမနေ ကြိုးစားဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံရန် ဆွီဒင်နှင့်ဂျပန်တို့ စိတ်ဝင်စား

**သတင်း-ဝေယံဦး**

**ရန်ကုန် မတ် ၉**

နိုင်ငံတကာမှ စီးပွားရေးကုမ္ပဏီများက မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိရာ ဆက်သွယ်ရေးကဏ္ဍ၌ ဆွီဒင်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံများမှ စီးပွားရေးကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ရှိနေကြောင်း သိရသည်။

"လာမယ့်ဘဏ္ဍာရေးနှစ်အတွင်းမှာလည်း ဆက်သွယ်ရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေထပ်ရှိလာနိုင်တယ်။ အခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ဆက်သွယ်ရေးကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်မယ်လို့ မျှော်မှန်းထားပါတယ်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းနဲ့ ဟိုတယ်လုပ်ငန်းတွေကတော့ အစဉ်လိုက် ရင်းနှီးမြှုပ်နှံမှုတွေရှိမှာပါ"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးကပြောကြားသည်။

မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်မှုများ ဖယ်ရှားပေးလိုက်ပြီးနောက် ပြည်ပနိုင်ငံများက ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိရာ ဆွီဒင်နိုင်ငံ Ericsson ကုမ္ပဏီကလည်း ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေသကဲ့သို့ ဥရောပနိုင်ငံအချို့ကလည်း စိတ်ဝင်စားစွာ စောင့်ကြည့်လေ့လာလျက်ရှိသည်။

လောလောဆယ်တွင်လည်း အာရှနိုင်ငံများမှ ထိပ်တန်းကုမ္ပဏီကြီးများကလည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စောင့်ကြည့်လေ့လာနေပြီး အလားအလာအကောင်းဆုံးကဏ္ဍတွင် ငွေကြေးရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိသည်။

*စာမျက်နှာ ၅ ကော်လံ ၆* ✻

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကောင်းဆိုးနှစ်တန်လောကဓံ

နွေရောက်ပြီဆိုလျှင် အပူဒဏ်ကိုခံကြရမည်ကို လူတိုင်းမလိုလားလေ့ရှိကြသည်။ အပူကိုကြောက်၍ နွေကိုမလိုလားကြခြင်းဖြစ်သည်။ အေးအေးချမ်းချမ်းရှိလှသည့် ဆောင်းရာသီကိုမူ လူတိုင်းနှစ်သက် ကြပေလိမ့်မည်။ မိုးရာသီမှာ ဆောင်းရာသီလောက် လူကြိုက်မများသော်လည်း နွေလောက်မဆိုးပေ။ အမှန်စင်စစ် ဥုရာသီသုံးမျိုးသည် လူသားတို့အတွက် အကျိုးဖြစ်စေချည်းသာ ဖြစ်ပါသည်။

ပူပြင်းသောနွေ၏ အပူရှိန်သာမရှိလျှင် အဘယ်မှာ သစ်ရွက်များ ကြွေနိုင်ပါတော့အံ့။ သစ်ရွက်များ မကြွေလျှင် ရွက်သစ်ရွက်နုတို့လည်း ဖူးထွက်နိုင်တော့မည်မဟုတ်။ အဟောင်းမကြွေလျှင် အသစ်လည်း ဝေမည်မဟုတ်တော့ပါ။ အဟောင်းရှိလျှင် အသစ်လည်းရှိရမည်။ အကောင်းရှိလျှင် အဆိုးလည်းရှိရမည်။ အဆိုးကုန်လျှင် အကောင်းလည်းရောက်ရစမြဲပင်။ လောကသည် အကောင်းချည်းသက်သက်မရှိနိုင်သကဲ့သို့ အဆိုးချည်းလည်း မဖြစ်နိုင်ပါ။ အကောင်းနှင့်အဆိုးသည် ဒွန်တွဲလျက်ရှိသည်မှာ ဓမ္မတာ သဘောပင်ဖြစ်၏။

သို့သော် အချို့သောသူတို့သည်ကား အဆိုးကိုမလိုလား၊ အဆိုးကိုလက်မခံနိုင်။ ကောင်းသောအရသာ၊ ကောင်းသောအရာများကိုသာ စွဲမက်ကြကုန်၏။ ယစ်မူးကြကုန်၏။ ပင်ပန်းဆင်းရဲခြင်း၊ ရုန်းကန်ကြိုးစားရခြင်း၊ အနစ်နာခံခြင်း၊ သည်းခံခွင့်လွှတ်ခြင်းစသော အဆိုးဖြစ်ရခြင်းအပေါ် လက်မခံနိုင်ဘဲရှိကြသည်။ ပင်ပန်းဆင်းရဲမည်၊ ရုန်းကန်ကြိုးစားရမည်၊ စွန့်စားရမည်ဆိုလျှင် လေပင်မချွန်ချင်ဘူးဆိုသူများသာ များလှသည်။ အပင်ပန်းခံကြိုးစားအားထုတ်ရမည့်အလုပ်ကို စွန့်စွန့်စားစား မလုပ်ကိုင်ကြလျှင် အောင်မြင်မှုဆိုသည်မှာ ရှိနိုင်ပါဦးမည်လော။ အမှန်စင်စစ်လုပ်သင့်လုပ်ထိုက်သောအချိန်တွင် ပြင်းပြင်းထန်ထန် ဝီရိယစိုက်ထုတ်ကြိုးစားပါမှ ဘာမဆိုအောင်မြင်နိုင်မည် ဖြစ်ပါသည်။

နွေကိုမမုန်းကြပါနှင့်။ စွန့်စွန့်စားစားလုပ်ကိုင်ရမည်ကိုလည်း မကြောက်ကြပါနှင့်။ လူတိုင်းလူတိုင်းသည် စွန့်စွန့်စားစား ကြိုးစားပါမှ ဘဝတွင် တိုးတက်ကြီးပွားအောင်မြင်နိုင်မည် ဖြစ်ပါသည်။ **No Pain, No gain** ဟုဆိုထားသည်။ မည်သည့်အရာမျှ အနစ်နာမခံလျှင် အသာစံရမည်မဟုတ်ပါ။ အနစ်နာအပင်ပန်းခံ ကြိုးစားမှသာလျှင် အောင်မြင်တိုးတက်လာမည်ဖြစ်ပါသည်။ အောင်မြင်လိုသူတိုင်းသည် ကြိုးစားခြင်းဖြင့် ပေးဆပ်ရမည်သာ ဖြစ်ပါသည်။

သို့သော် အချို့သောလူငယ်များသည် ပင်ပန်းမှုမရှိသည့် အလွယ်လမ်းကိုသာ လိုက်ကြလေ့ရှိပါသည်။ ဖြတ်လမ်းနည်းဖြင့်သာ ကြီးပွားလိုကြသည်။ ရိုးသားဖြောင့်မတ်စွာ အားထုတ်ကြိုးစားခြင်းမရှိကြပါ။ ရိုးသားဖြောင့်မတ်စွာ အပင်ပန်းခံကြိုးစားမှသာ အရာရာအောင်မြင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် နွေကိုကြောက်စရာမလိုသလို ပင်ပန်းဆင်းရဲမည်ကိုလည်း မကြောက်ပါနှင့်။ မည်သည့်အရာမဆို ကိုယ်လုပ်မှ ကိုယ်ရမည်ဖြစ်ပါသည်။ ကိုယ်ကြိုးစားမှ ကိုယ်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ။

## ပြည်တွင်းသတင်း

# တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်းဆင်း

**နေပြည်တော် မတ် ၉**

တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမှာစကား ပြောကြားရာတွင် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းကို တိုင်းတာရာတွင် ယင်းနိုင်ငံတွင်ရှိသည့် ပြည်သူလူထု၏ ပညာရေးအဆင့်အတန်း ပြည့်စုံမှု၊ အသက်ရှည်ကျန်းမာရေး အဆင့်အတန်းပြည့်စုံမှု၊ ဝင်ငွေနှင့်လူမှုစီးပွား အဆင့်အတန်းပြည့်စုံမှု စသည့် အခြေခံအချက်များအပေါ် မူတည်ပြီး တိုင်းတာကြခြင်း ဖြစ်ကြောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်း မြင့်မားအောင်ဆောင်ရွက်သည့်နေရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် သင်ကြားလေ့ကျင့်မွေးထုတ်ပေးနေရသည့် ဆရာ ဆရာမများ၏တာဝန်သည် လွန်စွာမှကြီးလေးမွန်မြတ်လှပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရသည့် ဆရာ ဆရာမများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ပညာအရည်အချင်း၊ ဗဟုသုတ၊ စာတွေ့လက်တွေ့အပြင် မြေပြင်အတွေ့အကြုံများကို ပါပေါင်းစပ်ပြီး သင်ကြားလေ့ကျင့်ပေးကြရမှာဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်မြင့်မားခြင်းအားဖြင့် ထုတ်လုပ်မှုစွမ်းအားမြင့်တက်လာပြီး နိုင်ငံ၏လူမှုစီးပွားရေးလည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ စာပေဗဟုသုတလည်း အလားတူဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျော့ကျလာနိုင်မှာဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားကိုပါ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲသွားစေနိုင်သည့်အတွက် ဒေသအလိုက် လုပ်သားဈေးကွက်မှာ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် သင်ကြားလေ့ကျင့်မွေးထုတ်ပေးရန်နှင့် ဒေသအကျိုးပြု သုတေသနလုပ်ငန်းများ၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်ကြရန်ကိုလည်း အထူးတိုက်တွန်းမှာကြားလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးသည် အဓိကအခန်းက ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိ၏ အရည်အသွေးမြင့်မားနေရန်အတွက် ခေတ်မီပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဝိဇ္ဇာနှင့်သိပ္ပံပညာများကို အမြဲတစေ လေ့လာဆည်းပူးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်က ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းပြီး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ပညာရေး ကဏ္ဍအနေဖြင့်လည်း လက်တွေ့ကျသော ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အရပ်ဘက်လူမှုအဖွဲ့အစည်းမျိုးစုံနှင့် ပညာရေးအခြေပြု လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များအားလုံးက ပူးပေါင်းဝိုင်းဝန်းပြီး အမျိုးသားပညာရေးနှင့်ပတ်သက်သည်များကို လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နေကြသည်ကိုလည်း အမျိုးသားပညာရေးမှာ တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်နေမှုအဖြစ်နှင့် တွေ့မြင်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ဆရာ ဆရာမတို့အနေဖြင့် မိမိတို့သင်ကြား လေ့ကျင့်ပေးနေရသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ပညာဗဟုသုတအပြင် ၂၁ ရာစုရဲ့ လိုအပ်သော စွမ်းရည်များဖြစ်သည့် ကျွမ်းကျင်စွာ ပြောဆိုနိုင်သော စွမ်းရည်၊ အများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သောစွမ်းရည်၊ စဉ်းစားဆုံးဖြတ်နိုင်သော စွမ်းရည်၊ တီထွင်ဖန်တီးနိုင်သောစွမ်းရည်နှင့် **ICT** ကို အသုံးပြုနိုင်သော စွမ်းရည်များ ပြည့်မီသွားအောင် လေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားကာ ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် ဘဏ္ဍာရေးလုပ်ငန်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၉**

ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် ဘဏ္ဍာရေးလုပ်ငန်းဆွေးနွေးပွဲ (Global Financial Markets and Treasury Business Seminar )ကို မတ် ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ MIZUHO BANK., Ltd. မှ Asia and Oceania Division Joint General Manager, Mr. Takuya Ito က အဖွင့်မိတ်ဆက်စကား ပြောကြားပြီး Chief Represontative, Mr. Tetsuro Nonaka က ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် ဘဏ္ဍာရေးလုပ်ငန်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခ၊ အငြိမ်းစားပါမောက္ခ၊ ကထိက၊ ဆရာ ဆရာမများ၊ ဘောဂဗေဒမဟာဘွဲ့၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့နှင့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့သင်တန်းသားများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို မတ် ၁၀ ရက် ညနေ ၅ နာရီခွဲတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်နီလာရတုခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

MIZUHO BANK.,Ltd. သည် နိုင်ငံပေါင်း ၃၀ကျော်တွင် ပြည်ပရုံးခွဲပေါင်း ၈၀ကျော်ဖြင့် ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် ဘဏ္ဍာရေးလုပ်ငန်းများကို လုပ်ဆောင်နေသည်။ ကမ္ဘာ့နေရာအနှံ့အပြားတွင် ဘဏ္ဍာရေးကဏ္ဍများ ဦးဆောင်မှုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် တိုးချဲ့လုပ်ဆောင်နေကြောင်းနှင့် စက်ရုံများသို့လေ့လာမှု၊ လုပ်ငန်းအသင်းစု၊ ဘဏ္ဍာရေးလည်ပတ်မှု၊ ထုတ်လုပ်မှုဘဏ္ဍာရေး၊ ဘဏ္ဍာရေးဖွဲ့စည်းမှု၊ ဘဏ္ဍာရေးထိန်းသိမ်းမှုစသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ MIZUHO BANK., Ltd. သည် ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် ဘဏ္ဍာရေးလုပ်ငန်းအကြိုဆွေးနွေးပွဲကို မတ် ၇ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ကျောက်ဖြူ သီလဝါနှင့်ထားဝယ်အထူးစီးပွားရေးဇုန်များသည် ဒေသအတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူဖြစ်စေမည်

**နေပြည်တော် မတ် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ မတ် ၆ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ပြီးနောက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါ ဆဋ္ဌမအကြိမ် ဒေလီဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အိန္ဒိယနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ အိန္ဒိယကမ္ဘာ့ရေးရာဆိုင်ရာကောင်စီ၊ တောင်အာရှရေးရာလေ့လာရေးဌာနနှင့် အိန္ဒိယနိုင်ငံ၊ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာရေးဌာနတို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ ဒေလီဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆာလ်မန်ခါရှစ်က အမှာစကားပြောကြား ဖွင့်လှစ်ပေးခဲ့သည်။

**အမြင်ချင်းဖလှယ်**

ဆဋ္ဌမအကြိမ် ဒေလီဆွေးနွေးပွဲတွင် အာဆီယံ-အိန္ဒိယမျှော်မှန်းချက်ဆိုင်ရာကြေညာချက်ကို အပြည့်အဝအကောင်အထည်ဖော်သွားရေး၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒတွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ၏ အခန်းကဏ္ဍ၊ အာရှ-ပစိဖိတ်ဒေသတွင် အာဆီယံနှင့်အိန္ဒိယနိုင်ငံတို့၏ အခန်းကဏ္ဍနှင့် ဒေလီဆွေးနွေးပွဲ၏ အနာဂတ်စသည့်ကဏ္ဍလေးခုကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့သည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**(အပေါ်ပုံ)**က “မိတ်ဖက်ဆက်ဆံရေးနှင့်သာယာဝပြောရေးကိုရည်မျှော်လျက် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး၏မျှော်မှန်းချက်” ခေါင်းစဉ်ဖြင့် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းများ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် အလေးထား ဆောင်ရွက်သွားမည့် ကဏ္ဍများဖြစ်သည့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ အပြည့်အဝ အကောင်အထည်ဖော်ရေး၊ ဒေသအတွင်း အသေးစားနှင့်အလယ်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးအတွက် အစိုးရ-ပုဂ္ဂလိကမိတ်ဖက် ပူးပေါင်းဆောင်ရွက်ရေး၊ ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုအဆင့်ကွာဟမှုလျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်သည့် အသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းရေး၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ အာဆီယံ ပေါင်းစပ်ဆက်သွယ်ရေးအစီအမံကို ထိရောက်စွာအကောင်အထည်ဖော်ရေးနှင့် အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်အတွက် အခြေခံအချက်များ ဖော်ဆောင်သွားရေးတို့ကို အသိပေးပြောကြားခဲ့သည်။

ထို့အပြင် အကြိမ်(၂၀) မြောက် အာဆီယံ-အိန္ဒိယဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်ခဲ့သည့် အာဆီယံ-အိန္ဒိယ မျှော်မှန်းချက်ဆိုင်ရာ ကြေညာချက်ကို အပြည့်အဝ အကောင်အထည်ဖော်သွားရေးအတွက် ဆက်လက်ဆောင်ရွက်သွားသင့်သည့် အချက်များ၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်သွားနိုင်သည့် အလားအလာများကိုလည်း အကြံပြုပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏မဟာဗျူဟာမြောက် ပထဝီဝင်အနေအထားအရ အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသကို ဆက်စပ်ပေါင်းစည်းပေးရန် အလေးထားပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ မဲခေါင်-အိန္ဒိယ စီးပွားရေးစင်္ကြံ တည်ထောင်မှုအပေါ် ပံ့ပိုးမှုများကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံကိုဖြတ်သန်း၍ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမနှင့် အိန္ဒိယနှင့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့်ဗီယက်နမ်တို့ကို ဆက်သွယ်ပေးမည့် အာရှလမ်းမကြီးများသည် ဒေသအတွင်း ပေါင်းစပ်ဆက်သွယ်ရေးအတွက် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယအကြား ကုလားတန် ပို့ဆောင်ရေးစီမံချက်သည်လည်း ဒေသတွင်းနိုင်ငံများနှင့်ကူးသန်းဆက်သွယ်ရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကျောက်ဖြူ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များသည်လည်း ဒေသအတွင်း ပေါင်းစပ်ဆက်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ပြောကြားခဲ့သည်။

**အသိပေးပြောကြား**

ပြည်ထောင်စု ဝန်ကြီးသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံအမတ်ကြီးနှင့် မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးနှင့် ဝန်ထမ်းများကို တွေ့ဆုံလျက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့်ဖြစ်ပေါ်တိုးတက်မှုများကို အသိပေးပြောကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဆဋ္ဌမအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များ၊ သုတေသီများ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ အာဆီယံ-အိန္ဒိယ မဟာဗျူဟာဆွေးနွေးဖက် ဆက်ဆံရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❖ *ကျောဖုံးမှ*

ရန်ကုန်မြို့နှင့် အထက်အညာဒေသငါးပိဈေးကွက်များတွင် ပိဿာချိန်တစ်ရာလျှင် ငွေကျပ် ၈၀၀၀၀ မှ ၉၀၀၀၀ အထိ ဈေးနှုန်းရရှိနေကြောင်း သိရသည်။

ထိုသို့ ဈေးနှုန်းမြင့်တက်နေခြင်းမှာ ယခု ၂၀၁၃-၂၀၁၄ ပင်လယ်ရေလုပ်ငန်းရာသီတွင် ဂါးဖောင်လုပ်ငန်းများ သိသိသာသာလျော့နည်းနေသဖြင့် ငါးပိကုန်ထွက်နည်းနေသောကြောင့်ဖြစ်သည်။ ဂါးဖောင်လုပ်ငန်းများသည် ပင်လယ်ဝဒေသများနှင့် ပတ်ဝန်းကျင်နေရာများတွင်သာ လုပ်ကိုင်ဆောင်ရွက်ကြသည့် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများ၏ ရှေးကျသည့် ပင်လယ်ရေလုပ်ငန်းကြီးတစ်ခု ဖြစ်သည်။ ရှေးယခင်က ဂါးဖောင်လုပ်ငန်းရှင်များမှာ ကျေးရွာဒေသများ၏ ကျေးရွာမျက်နှာဖုံး လုပ်ငန်းရှင်များဖြစ်သည်။ ဂါးဖောင်လုပ်ငန်းမှာ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများ၏ အထင်ကရရေလုပ်ငန်းကြီးတစ်ခုဖြစ်၍ ဒေသအတွင်းရှိ ငွေရှင်ကြေးရှင်များနှင့် ရန်ကုန်မြို့ရှိ ငါးပိ၊ ငါးခြောက်ပွဲရုံများမှ ဂါးဖောင်လုပ်ငန်းပိုင်ရှင်များ၏ လိုအပ်သောငွေကြေးများကို ထုတ်ပေးချေးငှားကြသည်။ ဂါးဖောင်လုပ်ငန်းပိုင်ရှင်တစ်ဦးသည် ငွေကြေးအင်အားပေါ်မူတည်၍ ဂါးဖောင် ၁၇ ဖောင်အထိ လုပ်ကိုင်ဆောင်ရွက်ကြသည်။ သို့သော် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး နောက်ပိုင်းမြစ်ဝကျွန်းပေါ် ပင်လယ်ပြင်ဒေသများတွင် ဂါးဖောင်များတဖြည်းဖြည်းလျော့နည်းလာခဲ့ပြီး ယခုနှစ် ၂၀၁၃-၂၀၁၄ ပင်လယ်ရေလုပ်ငန်းရာသီတွင် သိသိသာသာ နည်းပါးနေကြောင်း ဦးသိန်း၏ပြောကြားချက်များအရ သိရသည်။

**ရှင်းလင်းပြောကြား**

“နာဂစ်ပြီးနောက်ပိုင်း ဂါးဖောင်တွေ တဖြည်းဖြည်းနည်းလာတာ ဒီနှစ်မှာတော့ အသိသာဆုံးပဲ။ ဂါးဖောင်တွေနည်းလာရတာက အရင်းအနှီးပိုများလာတာရယ်။ သစ်ဝါးရှားပါးလာတာရယ်။ ရေလုပ်ငန်းတွေကလည်း ပိုပြီးဆန်းသစ်လာတာရယ်။ ငါး၊ ပုစွန်တွေကလည်း ပင်လယ်ထဲကို ဝေးဝေးသွားနိုင်မှ များများရနိုင်တဲ့အခြေအနေတွေဖြစ်နေတယ်။ ဂါးဖောင်ဆိုတာကလည်း ပင်လယ်ဝမှာပဲ လုပ်တဲ့လုပ်ငန်းဆိုတော့ ငါး၊ ပုစွန်ဖမ်းဆီးရမိမှုနည်းလာတယ်။ ဖမ်းဆီးရမိမှုနည်းလာတော့ အကျိုးအမြတ်ကလည်းနည်းလာတာပေါ့။ ဒီတော့ အရင်းအနှီးထုတ်ပေးတဲ့ ငွေရှင်တွေကပိုပြီး အကျိုးအမြတ်ရနိုင်တဲ့ ရေလုပ်ငန်းတွေကိုပဲ ငွေထုတ်ပေးနေကြတော့တယ်။ တချို့ပင်လယ်ရေလုပ်ငန်းရှင်တွေကလည်း ဆန်းသစ်တီထွင်လုပ်ကိုင်နေတဲ့ ရေလုပ်ငန်းအသစ်တွေကို ပြောင်းလုပ်ကြတယ်။ ဒါကြောင့် လုပ်တဲ့သူ သိပ်မရှိတော့တာ။ ကြာရင် ဂါးဖောင်လုပ်ငန်းတွေ မြန်မာ့ပင်လယ်ပြင်ကနေ ပျောက်တောင်သွားနိုင်တယ်”ဟု ဦးသိန်းက ရှင်းလင်းပြောကြားသည်။

ဂါးဖောင်များကို ဝါးပိုးဝါးများဖြင့် ဖောင်ဖွဲ့ကာ ဖောင်ပေါ်တွင်ပင်လယ်ရေလုပ်သားများနေထိုင်ရန် တဲအဆောက်အအုံကို ဒီရေတောကြီးများမှ သစ်များခုတ်ယူဆောက်လုပ်ကြသည်။ ထို့ကြောင့် ယခင်ကဝါးပိုးဝါးတစ်လုံးကို ငွေကျပ် သုံးလေးထောင်ခန့်သာရှိနေပြီး သစ်ဝါးတွေကို မိန်းမလှဒီရေတော၊ ပြုံးမွေးဒီရေတောစသည့် ဒီရေတောကြီးများမှ ခုတ်ယူရရှိနေသဖြင့် ဂါးဖောင်အတွက် ပိုက်ဖိုး၊ ကြိုးဖိုးအပါအဝင် ငွေကျပ်နှစ်သိန်း၊ သုံးသိန်းမျှသာ ကုန်ကျသည်။

ယခုအခါ နာဂစ်မုန်တိုင်းကြောင့် ဒီရေတောကြီးများကိုလည်း အားကိုး၍မရနိုင်တော့သဖြင့် သစ်များကိုမြို့မှဝယ်ယူသုံးစွဲကြရသည်။ လုပ်ငန်းသုံးကိရိယာများဖြစ်သည့် ပိုက်ဈေး၊ ကြိုးဈေးများကလည်း တစ်ဆမက မြင့်တက်လာခဲ့သဖြင့် ဂါးဖောင်တစ်ဖောင်၏တန်ဖိုးမှာ ခုနစ်သိန်း၊ ရှစ်သိန်းအထိ မြင့်တက်လာခဲ့သည်။ ဂါးဖောင် ၁၅ ဖောင်ခန့် လုပ်ကိုင်မည်ဆိုလျှင် ငွေကျပ် သိန်း ၁၂၀ ခန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရမည်ဖြစ်သည်။

ထိုသို့ ရင်းနှီးမြှုပ်နှံမှုများပြားလာသဖြင့် လုပ်ကိုင်သူ နည်းပါးလာကာ ဂါးဖောင်လုပ်ငန်းများ သိသိသာသာ လျော့နည်းနေခြင်းဖြစ်ကြောင်း ဦးသိန်းထံမှ သိရသည်။

ဂါးဖောင်လုပ်ငန်းများမှထွက်ရှိလာသည့်ဂါးမျှင်ငါးပိခြောက်များကို ကုန်သည်များနှင့် ငွေကြေးထုတ်ချေးငှားထားသူများကဝယ်ယူကာ မျှင်ငါးပိအဖြစ် ကြိတ်ခွဲပြီး ရန်ကုန်မြို့ဘုရင့်နောင်ပွဲရုံဈေးကွက်နှင့်မန္တလေး၊ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ မကွေး၊ ပြည်စသည့် စိမ်းစားငါးပိဈေးကွက်များသို့ တင်ပို့ရောင်းချကြသည်။ ယခင်က ဂါးမျှင်များကို ဂါးဖောင်လုပ်ငန်းတစ်မျိုးတည်းကသာ ဖမ်းယူရမိနေသော်လည်း ယခုအခါ ဆန်းသစ်လုပ်ကိုင်လာသည့် အင်္ဂလန်ကျားပိုက်လုပ်ငန်း၊ ဂျပ်ပိုက်လုပ်ငန်း၊ ဖြတ်ဆက်လုပ်ငန်းနှင့် ဒစ္စကိုပိုက်လုပ်ငန်းများကလည်း အခါအားလျော်စွာ ဖမ်းယူရမိမှုတွေရှိနေသည်ဟုဆိုသည်။ ထို့ကြောင့် ငါးပိကုန်သည်များနှင့် ငွေကြေးချေးငှားသူများက ဂါးဖောင်လုပ်ငန်းကို စိတ်ဝင်စားမှုနည်းပါးလာခဲ့ကြသည်။

ဤအချက်မှာလည်း ဂါးဖောင်လုပ်ငန်းများ လျော့နည်းလာရသည့် အကြောင်းအချက်တစ်ခုဖြစ်သည်။ လက်ရှိတွင် ဂါးဖောင်လုပ်ငန်းများကို မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေတစ်ခွင်တွင် ဘိုကလေးမြို့နယ်ပင်လယ်ကမ်းခြေဒေသတွင်သာ အများဆုံးလုပ်ကိုင်နေကြောင်း ဂါးဖောင်လုပ်ငန်းပိုင်ရှင် ဦးသိန်းထံမှ သိရသည်။

နိုင်ငံတကာသတင်း

## မြောက်ကိုရီးယားရေနံတင်သင်္ဘော ခွဲထွက်ရေးသမားများထံမှ ဆီတင်ဆီဖြည့်ပါက ဖောက်ခွဲမည်ဟု လစ်ဗျားဝန်ကြီးချုပ်ပြော

**ထရီပိုလီ မတ် ၉**

မြောက်ကိုရီးယားအလံလွှင့်ထူထားသော ရေနံတင်သင်္ဘောသည် လစ်ဗျား ခွဲထွက်ရေး စစ်သွေးကြွများထိန်းချုပ်ရာ ဆိပ်ကမ်း၌ ဆီဖြည့်ရန် ကြိုးစားမည်ဆိုပါက ဗုံးဖောက်ခွဲမည်ဟု လစ်ဗျားဝန်ကြီးချုပ်**(ယာပုံ)**က မတ် ၈ ရက်၌ ခြိမ်းခြောက် ပြောဆိုခဲ့သည်။

ဝန်ကြီးချုပ် အလီဇီဒန်း၏ပြောဆိုချက်အရ ရေနံတင်သင်္ဘောပေါ်ပါ အဖွဲ့များအားလုံးကို ဖမ်းဝရမ်းထုတ်ထားပြီးဖြစ်သည်ဟုလည်း သိရသည်။

ထရီပိုလီမြို့အရှေ့ဘက်ကမ်း ဆီဒရာဆိပ်ကမ်း၌ အဆိုပါသင်္ဘောက ဆီတင်မှုများ ပြုလုပ်တော့မည်ဖြစ်ကြောင်း အစောပိုင်းက ခွဲထွက်ရေးဝါဒီသမားများက ပြောကြားသည်။

စစ်သွေးကြွများသည် ပြီးခဲ့သည့် ဩဂုတ်လကတည်းက နိုင်ငံမှ ရေနံအရင်းအမြစ်များ ထပ်မံရရှိရေးအတွက် အဓိက ဆိပ်ကမ်းကြီးသုံးခုကို ထိန်းချုပ်ထားနိုင်ခဲ့ပြီးဖြစ်သည်။

"ကျွန်တော်တို့ ရေနံတင်ပို့မှု စတင်နေပြီဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် ပထမဆုံးပို့ကုန်တင်ပို့မှုဖြစ်ပါတယ်"ဟု စစ်သွေးကြွ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

လစ်ဗျားအစိုးရတာဝန်ရှိသူများကမူ ယင်းသည် ပင်လယ်ဓားပြဆန်ဆန် လုပ်ရပ်တစ်ခုဖြစ်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

## အိမ်တွင်းပဋိပက္ခများဆိုင်ရာ ဥပဒေမူကြမ်းအပေါ် လက်ဘနွန်ပြည်သူများ ချီတက်ဆန္ဒပြ

**ဘေရွတ် မတ် ၉**

အိမ်တွင်း ပဋိပက္ခများကို ဟန့်တားစေသော ဥပဒေတစ်ခု ပြဋ္ဌာန်းပေးရန် လက်ဘနွန်နိုင်ငံရှိ နိုင်ငံရေးသမားများအား ထောင်ပေါင်းများစွာသော လက်ဘနွန် ပြည်သူ ပြည်သားများသည် မြို့တော် ဘေရွတ်တစ်လျှောက် လူစုလူဝေးဖွဲ့ကာ တောင်းဆိုခဲ့ကြသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ၄င်းလူစုဖွဲ့ တောင်းဆိုသည့်နေ့သည် နိုင်ငံတကာ အမျိုးသမီးများနေ့လည်းဖြစ်ကာ စုဝေးတောင်းဆိုသူများတွင် အကြမ်းဖက်ခံရသည့် အမျိုးသမီးများ၏ ဆွေမျိုးများက ဦးဆောင်မှုပြုခဲ့ကြသည်။

လက်ဘနွန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ လစ်ဘရယ်အဖြစ်ဆုံး နိုင်ငံများထဲမှ တစ်နိုင်ငံအဖြစ် ရှုမြင်ခံရသော်လည်း မိသားစုဝင်များက ပဋိပက္ခပြဿနာများမှ အမျိုးသမီးများအား ကာကွယ်ပေးခြင်းအတွက် ဥပဒေရှိမနေပေ။

ဥပဒေမူကြမ်းသစ်သည်လည်း မိရိုးဖလာ ဘာသာရေးကိုင်းရှိုင်းသူများက တင်းမာသော ဆန့်ကျင်မှုများ အလယ် အားပျော့နေရလျက်ရှိသည်။ လက်ဘနွန်နိုင်ငံ၌ အိမ်တွင်းပဋိပက္ခပြဿနာများနှင့် ပတ်သက်ပြီး အမျိုးသားကိန်းဂဏန်းဆိုင်ရာ အချက်အလက်များလည်း မရှိပေ။

စည်းရုံးလှုံ့ဆော်သူများ၏ ပြောကြားချက်အရ ခင်ပွန်းပယောဂကြောင့် သေဆုံးသူဇနီးသည် လစဉ်ပျမ်းမျှ တစ်ဦးရှိကြောင်း၊ နှစ်စဉ်ဆိုပါက ကာယအားဖြင့် လည်းကောင်း၊ အပြောအဆိုအားဖြင့်လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်ခံရမှု ထောင်ပေါင်းများစွာသော အမျိုးသမီးတို့ ခံစားနေရကြောင်း သိရသည်။

ဆန့်ကျင် ဆန္ဒပြသူများက လက်ဘနွန်မြို့တော်ရှိ လမ်းမများတစ်လျှောက် ပိုစတာများ ကိုင်ဆောင်ကာ စုဝေးဆန္ဒပြကြခြင်းပင်ဖြစ်သည်။

အဆိုပြုထားသော အိမ်တွင်းပဋိပက္ခနှင့်ပတ်သက်သော ဥပဒေမူကြမ်းသည် နိုင်ငံရေးသမားများအား နှစ်ခြမ်းကွဲသွားစေခဲ့သည်။

ပါလီမန်က လက်ဘနွန်အာဏာရ ဘာသာရေးအဖွဲ့အစည်းက မဲဆွယ်စည်းရုံးအပြီး ပြင်ဆင်ပေးခဲ့သည်။

စည်းရုံး လှုံ့ဆော်သူများစွာက အမျိုးသမီးလူထုအတွက် ဦးစားပေးထားသည့် မူကြမ်းကို ဆန့်ကျင်ဘက်သို့တိုင် ပြောင်းလဲရန် လိုလားလျက်ရှိကြသည်။ **(ဘီဘီစီ)**

## မလေးရှား အဲယားလိုင်းပိုင်လေယာဉ် မပျောက်ဆုံးမီ နောက်ကြောင်းပြန်လှည့်လာသည်ဟုဆို

**ကွာလာလမ်ပူ မတ် ၉**

တရုတ်နိုင်ငံသို့ ဦးတည်ပျံသန်းလာသော မလေးရှားအဲယားလိုင်းပိုင် လေယာဉ်သည် ရေဒါအချက်ပြမပျောက်ဆုံးမီ နောက်ကြောင်းပြန်လှည့်လာခဲ့သည်ဟုယူဆရကြောင်း မလေးရှားလေကြောင်းရုံးက မတ် ၉ ရက်က ပြောသည်။

CCTV မှတ်တမ်းများအရ အဆိုပါလေယာဉ်ပေါ်၌ ခိုးယူခံရသည့် နိုင်ငံကူးလက်မှတ်များကိုအသုံးပြု၍ လိုက်ပါစီးနင်းသူ ခရီးသည်နှစ်ဦးရှိခဲ့ရာ မလေးရှားအာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။ ၎င်းပျောက်ဆုံးနေသောလေယာဉ်ကို ဆက်လက်ရှာဖွေမှုများပြုလုပ်နေရာ ၃၆ နာရီ ကြာခဲ့သော်လည်း ၎င်းနှင့်ပတ်သက်သည့် သတင်းအချက် အလက်များကို အတည်ပြုပြောကြားနိုင်ခြင်း မရှိသေးပေ။ **(အပေါ်ပုံ)** **(ဆင်ဟွာ)**

## AU မစ်ရှင်အား EUမှ ယူရို သန်း ၅၀ ထောက်ပံ့

**အဒစ္စအာဘာဘာ မတ် ၉**

အာဖရိကသမဂ္ဂ (AU) နှင့် ဥရောပသမဂ္ဂ (EU)တို့သည် အပြည်ပြည်ဆိုင်ရာဗဟိုထောက်ပံ့ရေးမစ်ရှင် (MISCA)အရ ယူရိုသန်း ၅၀ (အမေရိကန်ဒေါ်လာ သန်း ၇၀ )အာဖရိကကို တရားဝင်ထောက်ပံ့ပေးရန် သဘောတူညီမှုတစ်ခု လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်ကို AU ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကော်မရှင်အဖွဲ့ဝင် Chergui နှင့် AU အခြေစိုက် EU ကိုယ်စားလှယ် Gary Quince တို့က အဒစ္စအာဘာဘာမြို့ရှိ AU ဌာနချုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း AU က ဖော်ပြခဲ့သည်။ ၎င်းသဘောတူညီချက်အရ ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဇွန်လအထိ တပ်ဖွဲ့ဝင်များကို ထောက်ပံ့ကြေးပေးမည်ဖြစ်ပြီး အခြား MISCA အသုံးစရိတ်များတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင် Chergui က အာဖရိက၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ EU ကြိုးပမ်းမှုများတွင် EU ၏ ထောက်ပံ့မှုများကို ကျေးဇူးတင်ရှိကြောင်း၊ ဗဟိုအာဖရိကနိုင်ငံ (CAR )၏ ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်မှုများတွင် ကူညီပေးရန် AU နှင့် နှစ်ဦးနှစ်ဖက် လုပ်ဖော်ကိုင်ဖက်များအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကိုလည်း အလေးထားပါကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများဖြစ်ပွား

**ဘဂ္ဂဒက် မတ် ၉**

အီရတ်နိုင်ငံ နေရာအနှံ့အပြား၌ ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများကြောင့် ဧပြီ ၃၀ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦးအပါအဝင် ၃၁ ဦးသေဆုံးပြီး အခြား ၄၉ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း ရဲအရာရှိက ပြောသည်။

ပါလီမန်ကိုယ်စားလှယ်လောင်း Al-Gawamid စီးနင်းလာသောကားကို ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၂၈၀ အကွာ Sharqat ၌ အမည်မသိ သေနတ်သမားများက တိုက်ခိုက်ခဲ့ရာ ၎င်းကိုယ်စားလှယ်လောင်းသေဆုံးခဲ့ပြီး ရဲအရာရှိနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ၎င်းကိုယ်စားလှယ်လောင်းသည် ဒုတိယမြောက်အသတ်ခံရသော ကိုယ်စားလှယ်လောင်းဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက်ကလည်း ဘဂ္ဂဒက်အနောက်ပိုင်း၌ အခြားကိုယ်စားလှယ်လောင်းတစ်ဦး အသံတိတ်သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

အီရတ်နိုင်ငံသည် ယခုနှစ်များအတွင်း အဆိုးရွားဆုံးတိုက်ခိုက်မှုများကို ခံစားနေရသည်။ ကုလသမဂ္ဂ အီရတ်ထောက်ပံ့ရေးမစ်ရှင်အရ ၂၀၁၃ ခုနှစ်အတွင်း အရပ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၇၈၁၈ ဦး အပါအဝင် စုစုပေါင်း သေဆုံးသူ ၈၈၆၈ ဦးရှိခဲ့ရာ ယခုနှစ်များတွင် သေဆုံးမှုနှုန်းအများဆုံးဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## နှစ်သန်း ၁၅၀ က ရှိခဲ့သော အကြီးမားဆုံးဒိုင်နိုဆော သိပ္ပံပညာရှင်များဖော်ထုတ်

**ဘာသာပြန် - ကျော်သဲအိမ်**

ပေါ်တူဂီသိပ္ပံပညာရှင်များသည် လွန်ခဲ့သောနှစ်သန်း ၁၅၀ က ဥရောပတွင်ရှိခဲ့သည့် အကြီးမားဆုံး ဒိုင်နိုဆောကို ဖော်ထုတ်နိုင်ခဲ့ကြောင်း မတ် ၅ ရက်က ထုတ်ဖော်ပြောကြားသည်။

၃၃ ပေ(၁၀ မီတာ)ရှည်လျားသော ယင်းဒိုင်နိုဆောမှာ အသားစားဒိုင်နိုဆောအမျိုးအစားထဲကဖြစ်ပြီး အဟန့်ကောင်းကာ ၎င်းကြီးစိုးရာနယ်ရှိ တိရစ္ဆာန်များအတွက် ကြီးမားသည့်အန္တရာယ်တစ်ရပ်ဖြစ်ကြောင်း ဆိုသည်။

ယင်းဒိုင်နိုဆောသည် အသားမစားဒိုင်နိုဆောများ အပါအဝင် ကြီးမားသောသားကောင်များကို ရှာဖွေစားသောက်ကာ ရှင်သန်ကြီးထွားကြောင်း၊ ခြေထောက်နှစ်ချောင်းရှိပြီး အလေးချိန်ငါးတန်ခန့်ရှိကာ လေးပေနီးပါးရှည်သော ဦးခေါင်းခွံရှိကြောင်း၊ ထိုခေတ်ထိုအခါက တိရစ္ဆာန်များမှာ ၎င်း၏လက်ချက်ဖြင့် ဒုက္ခပင်လယ်ဝေခဲ့ရကြောင်း ပေါ်တူဂီနိုင်ငံ နိုဗာဒီလစ်ဘိုရာတက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ခရစ္စတိုဖီအင်ဒရစ်က ပြောကြားသည်။

သိပ္ပံပညာရှင်များသည် ယင်းအသားစား ဒိုင်နိုဆောအမျိုးအစား၏ရုပ်ကြွင်းများကို လစ္စဘွန်းမြို့နှင့် ၄၅ မိုင်ကွာဝေးသော လော်ရင်ဟာဒေသရှိ ကျောက်ကမ်းပါးများ၌ တူးဖော်ရရှိခဲ့ကြသည်ဟု သိရသည်။

**(အမ်အင်န်အေ/ရိုက်တာ)**



## ဆီးရီးယားသတင်းထောက်တစ်ဦး စစ်ပွဲသတင်းလိုက်နေစဉ် အသတ်ခံရ

**ဘာသာပြန်-ထန်နိုး**

ဆီးရီးယား သတင်းထောက်တစ်ဦးသည် နိုင်ငံအရှေ့ပိုင်းဒေသ အယ်လ်ဇောမြို့၌ အစိုးရတပ်ဖွဲ့နှင့် အတိုက်အခံ တိုက်ခိုက်ရေးသမားများအကြား တိုက်ခိုက်မှုများနှင့်ပတ်သက်၍ သတင်းလိုက်နေစဉ် အသတ်ခံရသည်ဟု ဒေသရုပ်သံလွှင့်ဌာနတစ်ခုက ပြောကြားသည်။

ဘီဂွတ်မြို့တော် အခြေစိုက် အယ်လ်မာယာဒင်းရုပ်သံလွှင့်ဌာန၏ ဓာတ်ပုံသတင်းထောက် အိုမာအဗ္ဗဒဲလ်ကာဒါသည် မတ် ၈ ရက်ကလည်ပင်း၌ပစ်ခတ်ခံရပြီး ဆေးရုံသို့ ရောက်ရှိပြီး မကြာခင်သေဆုံးသည်ဟု ယင်းရုပ်သံလွှင့်ဌာနက ၎င်း၏ဝက်ဘ်ဆိုက်ပေါ်တွင် ဖော်ပြသည်။

**ပြောကြား**

ဆီးရီးယားသည် ၂၀၁၃ ခုနှစ်တွင် သတင်းထောက်အများဆုံး ထိခိုက်သေကျေမှု ဖြစ်ပွားသည့်နေရာအဖြစ် နှစ်နှစ် ဆက်တိုက်ရပ်တည်သည်ဟု နယူးယောက်မြို့ အခြေစိုက် မီဒီယာအခွင့်အရေးအုပ်စုဖြစ်သော သတင်းထောက်များအား အကာအကွယ်ပေးရေးကော်မတီ CPJ က ဒီဇင်ဘာလတွင် ပြောကြားခဲ့သည်။

ယမန်နှစ်က ဆီးရီးယားနိုင်ငံတွင် သတင်းထောက် ၂၉ ဦးထက်မနည်း အသတ်ခံခဲ့ရကြောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများအပေါ် အကြမ်းဖက်နှိမ်နင်းပြီးနောက်ပိုင်း ပြည်တွင်းစစ်အသွင်ဆောင်လာခဲ့သည့် သုံးနှစ်ကြာ ပဋိပက္ခကြောင့် လူပေါင်း ၁၄၀၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ကြောင်း CPJ က ပြောကြားသည်။

ဓာတ်ပုံသတင်းထောက် အိုမာအဗ္ဗဒဲလ်ကာဒါသည် သူပုန်ထိန်းချုပ်သည့်မြို့၏နယ်မြေဆီသို့ ဦးတည်ချီတက်လာသည့် အစိုးရတပ်ဖွဲ့ကို ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးနေစဉ် လက်ဖြောင့် သေနတ်သမားတစ်ဦး၏ ပစ်ခတ်ခြင်းခံရသည်ဟု ဆီးရီးယား တပ်မတော်မှ ဒေသဆိုင်ရာတပ်မှူးတစ်ဦး၏အဆိုကိုကိုးကား၍ အယ်လ်မာယာဒင်းရုပ်သံလွှင့်ဌာနက ဖော်ပြသည်။

အဗ္ဗဒဲလ်ကာဒါ၏ မိသားစုသည် ကင်မရာသမား၏ (၂၇ နှစ်)ပြည့် မွေးနေ့ကျင်းပရန် ပြင်ဆင်နေစဉ်၎င်း၏ သေဆုံးမှုသတင်းကြားသိရသည်ဟု အဗ္ဗဒဲလ်ကာဒါ၏ ညီမတစ်ဦးက ပြောကြားသည်။

**(အမ်အင်န်အေ/ရိုက်တာ)**

# (၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (AFMM)နှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအသိပေး

**နေပြည်တော် မတ် ၉**

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (18th ASEAN Finance Ministers' Meeting-AFMM)နှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

**ထုတ်ပေးမည်**

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.asean 2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 18th ASEAN Finance Ministers' Meeting (AFMM) ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မတ်လ ၂၅ ရက်နေ့ နောက်ဆုံးထား ဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကိုအစည်းအဝေးစတင်သည့် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆက်သွယ်မေးမြန်းနိုင်**

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံတကာဆက်ဆံရေးဌာန ဘဏ္ဍာရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၁၀၁၉၈ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

■ *ကျော်ဖုံးမှ*

ချက်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တအဂ္ဂဓမ္မ အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရနှင့် ဘဒ္ဒန္တဝေပုလ္လ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတတို့က ပြန်လည်ရှင်းလင်း လျှောက်ထားကြသည်။ ထို့နောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်တစ်ပါးကို အတည်ပြုပေးရန်နှင့် ဒုတိယဥက္ကဋ္ဌ ဆရာတော်တစ်ပါး လျှာထားခြင်းကို အတည်ပြုပေးရန် လျှောက်ထားသည်။ ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားလှယ်ဆရာတော်များက ဆွေးနွေးတော်မူကြပြီး ဒုတိယအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလှူရှင် (ဦးမောင်မောင်ဆွေတင်)-ဒေါက်တာမြသီတာဆွေတင် SI ကုမ္ပဏီမိသားစုနှင့် ဘဒ္ဒန္တကုဒ္ဒိဗလ (ဥက္ကဋ္ဌ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့)ဆရာတော်တို့ကဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ရေးဆွဲလျက်ရှိပြီး ရက်ပေါင်း ၆၀ အတွင်း ပြီးမြောက်အောင်ဆောင်ရွက်သွားမည်

**ရန်ကုန် မတ် ၉**

ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ အများပြည်သူဝန်ဆောင်မှု ဥပဒေများနှင့် လက်ရှိအခြေအနေများ၊ DVB-T2 လွှင့်စက်များတပ်ဆင်ပြီးစီးမှု၊ Set Top Box များ အခမဲ့ဖြန့်ဝေခြင်း၊ FM လွှင့်စက်များ ထပ်မံတပ်ဆင်ခြင်းတို့နှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေနှင့်သတင်းမီဒီယာဥပဒေများ ဆက်လက်အတည်ပြုရေးထိုးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတထံသို့ ပေးပို့ထားကြောင်း၊ လက်ရှိအချိန်တွင် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ရေးဆွဲလျက်ရှိပြီး ရက်ပေါင်း ၆၀ အတွင်း ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းဆိုင်ရာအသင်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောကြားသည်။

"သတင်းမီဒီယာဥပဒေရဲ့ နည်းဥပဒေများကိုတော့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)က ရေးဆွဲပေးဖို့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုရေးဆွဲရာမှာ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြီးစီးပါက ပြန်ကြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရကို တင်ပြပေးပြီး အတည်ပြုချက်ရယူပေးမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ဆက်လက်ပြောကြားသည်။

၂၀၁၃ ခုနှစ် မေလတွင် အများပြည်သူဝန်ဆောင်မှု ဥပဒေကြမ်းအား လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ တင်ပြထားပြီးဖြစ်ကာ ဥပဒေ၏ ထက်ဝက်ခန့်ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းဆွေးနွေးပြီးဖြစ်ကြောင်းနှင့် ရုပ်သံလွှင့်ဥပဒေကြမ်းကို ၂၀၁၄ ခုနှစ် မတ်လ ၇ ရက်က လွှတ်တော်သို့တင်သွင်းပြီးဖြစ်ကြောင်း အထက်ပါစာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ယနေ့ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူး ဦးဝင်းကြည်က DVB-T2 လွှင့်စက်များ တိုးချဲ့ခြင်း၊ Set Top Box များ အခမဲ့ဆက်လက်ဖြန့်ဝေခြင်းနှင့် FM လွှင့်စက်များတပ်ဆင်ခြင်းနှင့် ဖမ်းယူရရှိမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို Analogue စနစ်ဖြင့် ထုတ်လွှင့်နေရာမှ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် Digital စနစ်ဖြင့် DVB-T2 ဖြင့် ရုပ်သံလိုင်းသစ်သုံးလိုင်းကို ပြောင်းလဲထုတ်လွှင့်ပေးပြီးဖြစ်ပါကြောင်းနှင့် ၂၀၂၀ ခုနှစ်တွင် နောက်ဆုံးထား၍ Digital စနစ်သို့ လုံးဝပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လုပ်ရာတွင် ပထမအဆင့်နှင့် ဒုတိယအဆင့်တွင် ပါဝင်သောဒေသများသို့ DVB-T2 Set Top Box အလုံးပေါင်း ၁၀၄၉၄၄ ကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့် အခမဲ့ဖြန့်ဖြူးရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ယနေ့အထိ အလုံးရေ ၃၂၂၇၇ ကို အခမဲ့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် DVB-T2 စက်များ တပ်ဆင်ထားပြီးဖြစ်သည့် ဒေသများသို့ ယခုမတ်လအတွင်း အလုံးရေ ၁၀၈၁၀၅ ကို အခမဲ့ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးဝင်းကြည်က ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးဝင်းကြည်က FM လွှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်းနှင့် ဖမ်းယူရရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော သတင်းမီဒီယာများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးတို့က ပြန်လည် ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

## စာပေမြင့်မှ လူမျိုးတင့်မည်

*ရှေ့ဖုံးမှ*

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် နော်ဝေအခြေစိုက် တယ်လီနောကုမ္ပဏီနှင့်ကာတာအခြေစိုက် Ooredoo ကုမ္ပဏီတို့က လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားပြီးဖြစ်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရန် ကြိုးစားနေပြီဖြစ်သည်။ သို့သော်လည်း နောက်ထပ် ကုမ္ပဏီအသစ်များကလည်း ဆက်လက်ရင်းနှီးမြှုပ်နှံရန် ကြိုးစားနေသည်။

**ငါးဘီလီယံခန့်ရှိလာနိုင်**

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံခန့်ရှိမည်ဖြစ်ပြီး လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကာလတွင် အမေရိကန်ဒေါ်လာ လေးဘီလီယံနှင့် ငါးဘီလီယံခန့်ရှိလာနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆရာအာသာ SUCCESS Language Academy အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်
202046, 392048
SUMMER ENGLISH
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs
March 10 ရက်
ဖွင့်လှစ်မည်
(၆+၇) တန်း နှင့်(၈+၉) တန်း
Essay, Letter • Grammar
7:30 to 9:30 (Sat+ Sun) 8 Mar
10 to 12:00 (Sat+ Sun) 8 Mar
7:30 to 9:00 (Mon – Thurs) 10 Mar
စပါပြီ

BASIC ENGLISH SPEAKING
1 - 2:30 (Mon – Thurs) 10,24 Mar
6 - 7:30 (Mon – Thurs) 11 Mar
9 - 12:00 (Sat +Sun) 22 Mar
3:30 - 5 (Mon – Thurs) 31 Mar
FOUR SKILLS ENGLISH
2 - 6:00 (Sat + Sun) 9 Mar
10-11:30 (Mon – Thurs) 10 Mar
1 - 2:30 (Mon – Thurs) 17,31 Mar
7:30-10:30 (Sat + Sun) 22 Mar
PRE-INTERMEDIATE
7:30-10:30 (Sat + Sun) 22 Mar
2 - 6:00 (Sat + Sun) 29 Mar
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon – Thurs) 3 Mar
6 - 7:30 (Mon – Thurs) 1 Apr
VOCAB ENRICHMENT
7:30 - 9 (Mon – Thurs) 18 Mar
BASIC WRITING
1:30 - 3:30 (Sat + Sun) 26 Apr
BASIC GRAMMAR
7:30 - 9 (Mon – Thurs) 18 Mar
IELTS (Four Skills)
7:30-9:30 (Mon – Thurs) 17 Mar
IELTS (Exam Practice)
3:30 - 5 (Mon – Thurs) 3 Mar
IELTS (Speaking)
1 - 2:30 (Mon – Thurs) 24 Mar
IELTS (Reading)
7:30-9:30 (Mon – Thurs) 24 Mar
IELTS (Writing)
11 - 1:00 (Sat + Sun) 19 Apr

ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
Ph: 01-503472, 09 73001453

| | | | |
|---|---|---|---|
| English Speaking | 2 - 5:00 p.m. | Sat + Sun | 16 Mar |
| | 7:30-9:00 a.m. | Mon to Thurs | 17 Mar |
| | 3:30-5:00 p.m. | Mon to Thurs | 31 Mar |
| Four Skills English | 10:30 - 12 a.m. | Mon to Thurs | 10 Mar |
| | 9 - 12:00 a.m. | Sat + Sun | 22 Mar |
| | 1 - 2:30 p.m. | Mon to Thurs | 24 Mar |

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ ကျူရှင်စနစ်

## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေ အကောင်အထည်ဖော်ရေးကို နိုင်ငံတော်က အလေးပေးဆောင်ရွက်ဖို့ ဆွေးနွေးညှိနှိုင်းမှုမျိုးစုံ ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့တွင်သာမက တိုင်းဒေသကြီး/ပြည်နယ်တွေမှာလည်း ဆွေးနွေးနေကြပါတယ်။ ရန်ကုန်မြို့ ပြည်လမ်းမှာရှိတဲ့ တက္ကသိုလ်ဝင်းထဲက စိန်ရတုခန်းမမှာလည်း ပညာရှင်များ စုဝေးပြီး ဆွေးနွေးအဖြေရှာလျက်ရှိပါတယ်။**

မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ကိုသုံးသပ်တဲ့အခါ ဆွေးနွေးဖို့လိုအပ်တဲ့ လျစ်လျူရှုလို့မရတဲ့ကိစ္စက ကျူရှင်စနစ်ပဲဖြစ်ပါတယ်။ ကျူရှင်စနစ်ဟာ ကြီးထွားလျက်ရှိပါတယ်။ ကျူရှင်စနစ်ဟာ အခုဆိုရင် မြန်မာ့ပညာရေးစနစ်မှာ အမြစ်တွယ်လျက်ရှိပါတယ်။ အတန်းတိုင်း၊ ကျောင်းသားကျောင်းသူတိုင်း ကျူရှင်ကို အားကိုးနေကြတယ်။ အဆိုးဆုံးက ပါရဂူဘွဲ့ တက်နေကြတဲ့သူတွေအတွက်တောင် ကျူရှင်ရှိနေတာကို အံ့သြစရာ တွေ့ရပါတယ်။

ကျူရှင်ဆိုတာဘာလဲ၊ အဓိပ္ပာယ်ကို တိတိကျကျ သိဖို့လိုပါတယ်။ အင်္ဂလိပ်စကား Tuition ဟာ သင်ကြားမှုဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်။ မြန်မာပြည်မှာဖြစ်နေတဲ့ အခြေအနေက နဂိုအဓိပ္ပာယ်မဟုတ်တော့ဘဲ Private Tuition အပိုသင်တဲ့သဘောဖြစ်သွားပါတယ်။ ကျူရှင်စနစ်ကို ကိုင်တွယ်လိုစိတ်ရှိရင် သမိုင်းကိုပြန်သုံးသပ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်ငယ်ငယ်က ဘိုကျောင်းမှာ တက်ရပါတယ်။ နာမည်ကြီးတဲ့ကျောင်း။ ဒီတုန်းက ကျူရှင်ရှိသလားလို့မေးရင် လုံးဝမရှိတော့ဘူးလို့တော့ မပြောနိုင်ပါဘူး။ အတန်းထဲမှာ စာညံ့တဲ့ကျောင်းသားတွေဟာ စာမလိုက်နိုင်လို့ အပြင်က ဆရာဆရာမတွေထံက ကျူရှင်ယူကြပါတယ်။ ဒါပေမယ့် ကျူရှင်ယူကြရတဲ့သူတွေကို ကျန်တဲ့ကျောင်းသားတွေက အထင်သေးကြတယ်။ အတန်းထဲမှာ သင်ကြားတာကို မလိုက်နိုင်သူတွေဟာ ရှက်ကြတယ်။ သူတို့ညံ့တာကို ဝန်ခံတဲ့သဘောပေါ့။

အခုတော့ အခြေအနေတွေက ပြောင်းပြန်ဖြစ်နေပြီ။ ကျူရှင်ယူမှ ဂုဏ်ရှိတယ်လို့ ထင်ကြတယ်။ မိဘလုပ်သူတွေ မတတ်နိုင်လို့ ကျူရှင်မယူနိုင်ကြတာတဲ့၊ ကျူရှင်တွေ အများကြီးယူတာကိုပဲ ဂုဏ်ယူပြီး ကြွားနေကြတာတွေ့ရတယ်။ မိဘလုပ်သူတွေကလည်း နာမည်ကြီးတဲ့ ဆရာ၊ ဆရာမတွေမှာ ကျူရှင်ယူရတာကို လူတွေသိအောင် ပြောကြတယ်။ ရှက်စရာဆိုတာကိုများ မသိလေတော့သလား။

ကျွန်တော်က ဘယ်သူ့ကိုမှ ဝေဖန်အပြစ်မတင်လိုပါဘူး။ ဘာကြောင့် ကျွန်တော်တို့နိုင်ငံမှာ ကျူရှင်စနစ်ခေတ်စားပြီး ကြီးထွားလာခဲ့တဲ့ အကြောင်းရင်းတွေကိုပဲ ဖော်ထုတ်စေချင်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ "ပေါက်ပင် ဘာလို့ကိုင်းရတယ်"ဆိုတဲ့အတိုင်း အကျိုးဆက်တွေက အများကြီးပါ။ အရေးကြီးတာက ကျူရှင်ပေါ်လာရခြင်းနဲ့ ဇာစ်မြစ်ကိုကြည့်ဖို့ လိုအပ်ပါတယ်။ ဆရာဝန်တစ်ယောက် လူနာရဲ့နဖူးကိုစမ်းပြီး ကိုယ်ပူတာကို ဘာကြောင့် အခုလိုဖြစ်ရသလဲဆိုတာကို အကြောင်းရင်းမရှာဘဲ အပေါ်ယံဆေးမြီးတိုနဲ့ ကုသသလိုဖြစ်မှာ စိုးပါတယ်။

**ကျူရှင်ဘာကြောင့်ယူကြသလဲလို့ စဉ်းစားတဲ့အခါ မိဘတွေရဲ့ စဉ်းစားတွေးခေါ်မှု၊ ခံယူချက်တွေကို စဉ်းစားဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးဟာ ပညာကိုတန်ဖိုးထားတယ်။ သားသမီးပညာရေးအတွက် ငွေကုန်ကြေးကျခံဖို့ ဝန်မလေးကြဘူး။ ကုန်ကျစရိတ်အဖြစ် မစဉ်းစားဘဲ ရင်းနှီးမြှုပ်နှံခြင်းလို့ လက်ခံကြတယ်။ သားသမီး စာမေးပွဲမှာ အမှတ်ကောင်းကောင်းရရှိရေး ဦးတည်ချက်နဲ့ ကျူရှင်ယူစေတယ်။ ဒါဟာ ကလေးတစ်ယောက်ရဲ့ အရည်အချင်းကို သုံးသပ်ဆန်းစစ်ရာမှာ စာမေးပွဲရမှတ်တစ်ခုတည်းကို အခြေခံထားလို့ ဖြစ်တယ်။ စာမေးပွဲဟာ ကျောင်းသား ကျောင်းသူတစ်ဦး တိုးတက်ဖွံ့ဖြိုးမှုရဲ့ အစိတ်အပိုင်းတစ်ခုသာဖြစ်ပါတယ်။ အနုပညာ၊ အားကစား၊ ရပ်ရေးရွာရေးကိစ္စရပ်တွေမှာ ပါဝင်မှု စတာတွေဟာ ကလေးတစ်ဦးရဲ့ လွှမ်းခြုံတဲ့ ဖွံ့ဖြိုးမှုကို ဖန်တီးပေးနိုင်ပါတယ်။ အခုတော့ မိဘတွေရော၊ ကလေးတွေရော၊ ဆရာ ဆရာမတွေအပါအဝင် စာမေးပွဲရမှတ်တစ်ခုတည်းကိုသာ စဉ်းစားနေကြတာဖြစ်ပါတယ်။**

ကျွန်တော်လက်ခံတာက လူတစ်ယောက်မှာ ဉာဏ်ရည်ထက်မြက်မှု Intelligence လေးရပ်ရှိပါတယ်။ ပထမက Physical Intelligence(PQ) ဖြစ်ပါတယ်။ အဓိပ္ပာယ်က ကိုယ်ကာယသန်မာရှင်သန်ဖို့ဖြစ်တယ်။ ဒါကြောင့် လူတိုင်းအတွက် ကျန်းမာရေးဟာ အရေးကြီးတယ်။ ကျန်းမာရေးကို ဂရုစိုက်ရမယ်။ အလေးထားရမယ်။ ကျန်းမာရေးချို့တဲ့ရင် ကျန်တာတွေက အလကားပါပဲ။

ဒုတိယက ဉာဏ်ရည်ထက်မြက်မှုက ဦးနှောက်ပိုင်းဆိုင်ရာ ထက်မြက်မှုဖြစ်တယ်။ Mental Intelligence(IQ)ဖြစ်တယ်။ စာသင်ကြားရေးမှာ များသောအားဖြင့် (IQ) ကိုပဲ ဦးစားပေးကြတယ်။ (IQ) ကောင်း၊ မကောင်းကို ယေဘုယျအားဖြင့် စာမေးပွဲစစ်ဆေးပြီး သတ်မှတ်လေ့ရှိကြတယ်။ တတိယအမျိုးအစားကတော့ ခံစားမှုနဲ့ပတ်သက်ပြီး ဉာဏ်ရည်ထက်မြက်မှု ဖြစ်ပါတယ်။ Emotional Intelligence(EQ)ဖြစ်ပါတယ်။ အများနဲ့ဆက်ဆံဆက်သွယ်ရာမှာ ကိုယ်ချင်းစာခြင်း၊ မိမိရဲ့ခံစားမှုကို ထိန်းချုပ်နိုင်ခြင်းဖြစ်ပါတယ်။

**ကလေးတစ်ယောက်ရဲ့ အရည်အချင်းကို သုံးသပ်ဆန်းစစ်ရာမှာ စာမေးပွဲရမှတ်တစ်ခုတည်းကို အခြေခံထားလို့ဖြစ်တယ်။ စာမေးပွဲဟာ ကျောင်းသား ကျောင်းသူတစ်ဦး တိုးတက်ဖွံ့ဖြိုးမှုရဲ့ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါတယ်။ အနုပညာ၊ အားကစား၊ ရပ်ရေးရွာရေးကိစ္စရပ်တွေမှာပါဝင်မှု စတာတွေဟာ ကလေးတစ်ဦးရဲ့ လွှမ်းခြုံတဲ့ ဖွံ့ဖြိုးမှုကို ဖန်တီးပေးနိုင်ပါတယ်။ အခုတော့ မိဘတွေရော၊ ကလေးတွေရော၊ ဆရာ ဆရာမတွေအပါအဝင် စာမေးပွဲရမှတ်တစ်ခုတည်းကိုသာ စဉ်းစားနေကြတာဖြစ်**

နောက်ဆုံးအမျိုးအစားကတော့ ယုံကြည်ကိုးကွယ်မှုနဲ့ပတ်သက်ပြီး ဉာဏ်ရည်ထက်မြက်မှု Spiritual Intelligence(SQ)ပဲဖြစ်ပါတယ်။ လူတစ်ဦးစီမှာ မိမိယုံကြည်ကိုးကွယ်မှုရှိကြပါတယ်။ ဘာသာလို့ အများနားလည်ကြတယ်။ မိမိကိုးကွယ်တဲ့ဘာသာတရားကို မြတ်နိုးသလို တစ်ဖက်သားရဲ့ ယုံကြည်မှုကိုလည်း လေးစားရမှာသာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ လက်ရှိပညာရေးစနစ်မှာ အခုလို ဉာဏ်ရည်ထက်မြက်မှုလေးမျိုးစလုံးကို ပြုစုပေးမှုမရှိဘဲ ဦးနှောက်ပိုင်းဆိုင်ရာ IQကိုသာ ဦးစားပေးနေတာဖြစ်ပါတယ်။ ဒါကြောင့် စာမေးပွဲအမှတ်တစ်ခုတည်းကိုသာ ဦးစားပေးနေတဲ့ ပညာရေးစနစ်ရှိနေတဲ့ ကာလပတ်လုံး ကျူရှင်ပပျောက်ဖို့ မလွယ်ပါဘူး။ စာညံ့တဲ့အတွက် ကျူရှင်ယူရတာမျိုးသက်သက်မဟုတ်ဘဲ ပိုပြီးတော်ချင်လို့၊ ပိုပြီးအမှတ်များများရချင်လို့ ယူနေကြတာဖြစ်ပါတယ်။

ကျူရှစ်စနစ်ကို စီးပွားရေးရှုထောင့်က သုံးသပ်တဲ့အခါမှာ အခြေခံအနေနဲ့ ရောင်းလိုအားနဲ့ ဝယ်လိုအားနှစ်ရပ်ရဲ့ လွန်ဆွဲမှုကြောင့် ဖြစ်ပေါ်လာတယ်လို့ သုံးသပ်နိုင်ပါတယ်။ စောစောက တင်ပြခဲ့တဲ့အကြောင်းတွေက ဝယ်လိုအား(Demand) ရှုထောင့်က သုံးသပ်ခြင်းသာဖြစ်ပါတယ်။ မိဘတွေ၊ ကျောင်းသား ကျောင်းသူတွေရဲ့ တောင့်တလိုအပ်ချက်ကြောင့် ကျူရှင်ကို ယူကြတယ်။ တစ်နည်းပြောရရင် ဝယ်လိုအားသာဖြစ်ပါတယ်။ အခုလို တစ်ဖက်က ဝယ်လိုအားရှိပေမယ့် အခြားတစ်ဖက်မှာ ရောင်းလိုအား တစ်နည်းအားဖြင့် ကျူရှင်လိုချင်တဲ့မိဘ၊ ကျောင်းသားတွေရဲ့ လိုလားချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် ကျူရှင်ပေးနိုင်တဲ့ ဆရာ ဆရာမတွေလည်းရှိဖို့လိုပါတယ်။ ကျူရှင်လိုချင်ပေမယ့် ကျူရှင်ပေးမယ့် ဆရာ၊ ဆရာမတွေမရှိရင် ကျူရှင်စျေးကွက်ပေါ်ပေါက်လာမှာ မဟုတ်ပါဘူး။ စာမေးပွဲအမှတ်များများလိုချင်တဲ့အတွက် ကျူရှင်ယူလိုကြတဲ့ ကျူရှင်ထားပေးတဲ့ ကျောင်းသားမိဘတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ အဆင်သင့်ရှိတဲ့ ဆရာ ဆရာမတွေရှိနေတာမို့ ကျူရှင်စျေးကွက်ဟာ ရှိနေခြင်းဖြစ်ပါတယ်။

ရောင်းလိုအား ရှုထောင့်ကသုံးသပ်ရင် ကျူရှင်ပေးသူတွေက ဘယ်သူတွေလဲ။ ကျူရှင်ပေးနေတဲ့ ဆရာ ဆရာမတွေက ကျောင်းပြင်ပက ဆရာ ဆရာမတွေဖြစ်နေရင် ဒီအခြေအနေမျိုးကို မှန်ကန်တဲ့စျေးကွက်လို့ သတ်မှတ်နိုင်ပါတယ်။ တစ်ဖက်က လိုချင်သူရဲ့ဆန္ဒကို တစ်ဖက်က ဖြည့်ဆည်းပေးမှုသာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ကျူရှင်စျေးကွက်ကတော့ Imperfect Market (မပြည့်ဝတဲ့စျေးကွက်) အဖြစ် သတ်မှတ်နိုင်ပါတယ်။ ဆိုလိုတာက ကျူရှင်ပေးတဲ့ ဆရာ ဆရာမတွေက ပုံမှန်အချိန်မှာ ကျောင်းမှာစာသင်ကြားနေတဲ့သူတွေ ဖြစ်နေကြတယ်။ ဒီအခြေအနေကြောင့် မိမိထံက ကျူရှင်ယူတဲ့ကျောင်းသားတွေကို မျက်နှာလိုက်မှုတွေ၊ ပုံမှန်သင်ကြားမှုမှာ အာရုံမရှိဘဲ ကျူရှင်ပေးဖို့သာ အာရုံရှိကြတာတွေရှိနေတာ ဖြစ်ပါတယ်။

ကျူရှင်ပေးနေတဲ့ ဆရာ ဆရာမတွေဘက်က ကြည့်ပြန်ရင်လည်း နိုင်ငံတော်ကပေးတဲ့ လုပ်ခလစာ မလုံလောက်တာမို့ ဝင်ငွေဖြည့်စွက်မှုပြဿနာကို ကျူရှင်နဲ့ဖြေရှင်းခဲ့တာဖြစ်တယ်။ လုပ်ချင်လို့လုပ်တာမဟုတ်ဘဲ မလုပ်ရင်မဖြစ်လို့ လုပ်တာမျိုးဖြစ်နေတာ တွေ့ရပြန်တယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ဆရာ ဆရာမတွေရဲ့လစာဟာ နိုင်ငံတော်ကျောင်းကပေးတဲ့လစာထက် အဆမတန်များပါတယ်။ ဒါကြောင့် တခြားနည်းနဲ့ ဝင်ငွေရှာစရာမလိုအပ်တာ တွေ့ရပြန်တယ်။ ကျောင်းကအခုလို လခများများပေးနိုင်တာဟာလည်း ကျောင်းလခတွေက အလွန်များလို့ဖြစ်ပါတယ်။ ကျောင်းလခများများယူထားတဲ့အတွက် ဆရာတွေကိုလည်း လစာများများပေးနိုင်ခြင်း ဖြစ်ပါတယ်။ အစိုးရကျောင်းတွေမှာတော့ ဒီလိုအခြေအနေမျိုးမရှိနိုင်ပါဘူး။ ဒါကြောင့်လည်း ဆရာ ဆရာမတွေဟာ ကျူရှင်ကို ဝင်ငွေဖြည့်စွက်ဖို့အတွက် လုပ်ကြရတာသာဖြစ်ပါတယ်။ ဆရာ ဆရာမများရဲ့လစာများကို တိုးမြှင့်ဖို့စဉ်းစားရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ကျတော့ ဘဏ္ဍာရေးလိုအပ်ချက်တွေက များပြားလာမှာဖြစ်ပါတယ်။

အခြေခံပြဿနာတစ်ခုက ကျူရှင်ယူနိုင်တဲ့ကျောင်းသားနဲ့ ကျူရှင်မတက်နိုင်တဲ့ကျောင်းသား မညီမျှတာမို့ စာမေးပွဲမှာလည်း တူညီမှာမဟုတ်ပါဘူး။ မယူနိုင်တဲ့ကျောင်းသားတွေအတွက် ဘယ်လိုအဖြေရှာကြမလဲ၊ ကျူရှင်စနစ်ကို လုံးဝပပျောက်ရမယ်ဆိုတဲ့ ဦးတည်ချက်ကိုတော့ မစဉ်းစားသင့်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ စောစောကပြောသလို ကျူရှင်စနစ်ရဲ့ စျေးကွက်ကြီးဟာ ကျူရှင်ယူချင်တဲ့သူနဲ့ ကျူရှင်ပေးနိုင်တဲ့သူတွေ ရှိနေတဲ့ ကာလပတ်တစ်လျှောက်လုံး ရှိနေမှာသာဖြစ်တယ်။

ကျွန်တော်ကိုင်တွယ်စေချင်တဲ့ကိစ္စက ကိုယ်ကျိုးစီးပွားပဋိပက္ခ Conflict of interest ပြဿနာဖြစ်ပါတယ်။ အတန်းထဲမှာစာကို ပေ့ါပေ့ါသင်ကြားပြီး ပြင်ပမှာကျူရှင်ပြနေတဲ့ကိစ္စကိုတော့ ထိန်းချုပ်ရမှာဖြစ်ပါတယ်။ မိမိထံက ကျူရှင်ယူတဲ့ ကျောင်းသားကိုမျက်နှာလိုက်ပြီး အမှတ်ပိုပေးတာမျိုးကတော့ ဆရာတစ်ယောက်ရဲ့ဂုဏ်သိက္ခာကျင့်ဝတ်နဲ့ မညီမျှပါဘူး။

စာမေးပွဲစစ်ပြီး အမှတ်ပေးတဲ့စနစ်ကိုလည်း ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ကျင့်သုံးနေတဲ့ စာမေးပွဲစနစ်ကို သုံးသပ်ရင် အဖြေတစ်ခုရလာနိုင်ပါတယ်။ အမေရိကန်တက္ကသိုလ်ဝင်ဖို့ လျှောက်တဲ့အခါ အများသိကြတဲ့ SAT စာမေးပွဲကို ကျောင်းသားတွေက ဖြေကြရတယ်။ ဒီစာမေးပွဲကို တစ်ကမ္ဘာလုံးနေရာအနှံ့မှာ ဖြေနိုင်ပါတယ်။ ဒီစာမေးပွဲကို စစ်ဆေးပြီး အမှတ်ပေးတဲ့အခါ စာသင်ကြားတဲ့ဆရာတွေက စစ်ဆေးတာမဟုတ်ဘဲ SAT Test Centre စာစစ်အဖွဲ့က စစ်တာဖြစ်တယ်။ မိမိအနေနဲ့ ပုံမှန်သင်နေသူတွေကို စစ်တာမဟုတ်တာမို့ ဖြေဆိုသူဟာ ဘယ်သူဘယ်ဝါဆိုတာ မသိနိုင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲဟာလည်း ဒီပုံစံနဲ့ခပ်ဆင်ဆင်ဖြစ်ပါတယ်။ ဒါပေမယ့် စာစစ်တဲ့အဖွဲ့ သီးသန့်မရှိဘဲ တက္ကသိုလ်က ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမတွေ၊ အထက်တန်းကျောင်းက ဆရာ ဆရာမတွေက စစ်ပေးကြပါတယ်။

ကျူရှင်စနစ်ကို ပညာရေးရှုထောင့်မှလည်းကောင်း၊ နိုင်ငံရေးရှုထောင့်မှ လည်းကောင်း၊ စီးပွားရေးရှုထောင့်မှလည်းကောင်း ဘက်စုံထောင့်စုံက သုံးသပ်လေ့လာပြီး အဖြေရှာဖို့ လိုပါလိမ့်မယ်။ ဆေးမြီးတိုအဖြေမဟုတ်ဖို့ အရေးကြီးပါတယ်။ အနာထက် ဆေးကမဆိုးဖို့ အရေးကြီးပါတယ်။ အဖြေထုတ်ရာမှာ ပတ်သက်၊ သက်ဆိုင်သူများ Stakeholders တွေနဲ့ တိုင်ပင်ဆွေးနွေးပြီး အဖြေထုတ်စေချင်ပါတယ်။ ။

# လျှပ်စစ်မီးလင်းရေး လုပ်ငန်းများဆောင်ရွက်

**ညောင်လေးပင် မတ် ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာအုပ်စု၌ ငွေစင်ဆန်းသစ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြောက်ဝင်္ဂဘော်-ကြာအင်းကြီးမြေသားလမ်းလုပ်ငန်းခွင်သို့ မြို့နယ်ဦးစီးမှူး ဦးသန်းလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြပြီး ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ မြေသားလမ်းနှင့် ဆက်စပ်၍ ထပ်မံဆောင်ရွက်ပေးရန် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**စီစဉ်ဆောင်ရွက်**

ထို့နောက် နဘဲပင်ကျေးရွာအုပ်စုသို့ ဆက်လက်သွားရောက်ပြီး မီးလင်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

လယ်ယာကဏ္ဍနှင့်လယ်ယာစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှသာ တောင်သူဦးကြီးများ၏ဘဝ တိုးတက်မြင့်မားလာမည်ဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့်နှင့် ပုလဲသွယ်စပ်မျိုးစပါးများ မျိုးစေ့ထုတ်လုပ်ငန်းကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး အဆင့်မြင့်လယ်ယာစေ ၃၀၀၀ အတွင်း၌ ပြုလုပ်လျက်ရှိရာ မတ်လ၏ နေရောင်စူးစူးအောက်တွင် အမျိုးသားရေးခံယူချက်အပြည့်အဝဖြင့် စနစ်တကျ ကွင်းဆင်းမှတ်တမ်းပြုစုနေသည့် ပညာရှင်ဝန်ထမ်းလူငယ်လေးများကို ဤသို့တွေ့ရသည်။ ကိုပေါက်(ဥက္ကာမြေ)

# စလင်းမြို့၌ အရန်မီးသတ်သင်တန်းဆင်း

**စလင်း မတ် ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ အရန်မီးသတ်အကြို အခြေခံမွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၁၄)ကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၆ ရက်အထိ ဖွင့်လှစ်သင်ကြားရာ အဆိုပါသင်တန်းသို့ မြင်တင်ရပ်ကွက်မှ သင်တန်းသား ၃၀၊ စလင်းစည်ပင်သာယာစျေးအဖွဲ့မှ ငါးဦး စုစုပေါင်း ၃၅ ဦးတက်ရောက်ခဲ့သည်။ သင်တန်းဆင်းပွဲကို မတ် ၆ ရက် ညနေ ၃ နာရီက ကျင်းပရာ မီးသတ်ဦးစီးမှူး ဦးငွေးမော်ဦးဆောင်၍ သင်တန်းသားများက မီးသတ်ယာဉ်ပါ ရေစိုလေ့ကျင့်ခန်းလက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**

အမြို့မြို့ အနယ်နယ်ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားများ၏ ပြည်လုံးကျွတ်အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၉**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားများ၏ ပြည်လုံးကျွတ်အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့တွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ Myanmar Peace Center ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းမှုဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တိုင်းရင်းသားများ၏ ပြည်လုံးကျွတ်အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ၊ ဒုတိယအဖွဲ့ခေါင်းဆောင်ပဒိုစောကွယ်ထူးဝင်နှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

**▌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးခြင်း၊ ကရင်ပြည်နယ် ဘားအံမြို့တွင် ကျင်းပမည့် တိုင်းရင်းသားများ၏ ပြည်လုံး ကျွတ်အပစ် အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပွဲနှင့် ပတ်သက်ပြီး ဆွေးနွေး ▌**

### ညှိနှိုင်းဆွေးနွေး

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ မူကြမ်းဆွေးနွေးပွဲတွင်

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးခြင်း၊ ကရင်ပြည်နယ် ဘားအံမြို့တွင် ကျင်းပမည့် တိုင်းရင်းသားများ၏ ပြည်လုံးကျွတ်အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

# သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းသည် သန်းခေါင်စာရင်း၏အနှစ်သာရဖြစ်

**နေပြည်တော် မတ် ၉**

နိုင်ငံ၏ လက်ရှိနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ်နိုင်ရန် လိုအပ်သည့် ကိန်းဂဏန်း အချက်အလက်များ ရရှိရေးအတွက် သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် ပြည်သူအားလုံးပါဝင်ခွင့်ရှိသည့် တစ်ခုတည်းသောလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ပြည်သူများသည် သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် သိရှိနားလည်ပြီး မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားကြရန် အရေးကြီးကြောင်း၊ သန်းခေါင်စာရင်း မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းသည် သန်းခေါင်စာရင်း၏ အနှစ်သာရပင် ဖြစ်ပါကြောင်းဖြင့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မတ် ၇ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မဍ္ဍူသကခန်းမ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း မေးခွန်းများသည် လူဦးရေနှင့်အဖွဲ့အစည်း နေထိုင်မှုစနစ်များနှင့် သက်ဆိုင်သည့် မေးခွန်းများဖြစ်ပါကြောင်း၊ အခွန်ကောက်ခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်မည်မဟုတ်ဘဲ မေးမြန်းခံရသူ၏ ဖြေကြားချက်များကို သန်းခေါင်စာရင်းဥပဒေက ကာကွယ်ပေးထားပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်သည် နိုင်ငံတကာစံနှုန်းနှင့် လူ့အခွင့်အရေးတို့အပေါ် အခြေခံ၍ မတူကွဲပြားမှုများကို အလေးထားကာ ပြည်သူများ၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် ပြည်သူများသိရှိနားလည်စေရေးအတွက်လည်း ဘက်ပေါင်းစုံမှ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့ ကွင်းဆင်းကာ ရှင်းလင်းချပြဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကို မြေပြင်ကွင်းဆင်းကောက်ယူရန် ရက်ပိုင်းမျှသာ လိုတော့သည်ဖြစ်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် တက်ရောက်လာကြသူများကလည်း လက်ဆင့်ကမ်း ရှင်းလင်းချပြပေးစေလိုပါကြောင်း၊ ယခုအခါ ကချင်ပြည်နယ် ပူတာအိုခရိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားဒေသနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းတို့၌ ရာသီဥတုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသခံဘာသာစကား အခက်အခဲတို့ကြောင့် သန်းခေါင်စာရင်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သန်းခေါင်စာရင်းကို ကြိုတင်ကောက်ယူနေပြီဖြစ်ပါကြောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် သန်းခေါင်စာရင်းကို သတ်မှတ်ကာလအတိုင်းသာ ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် အားလုံးပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်၍ အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကူညီကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက သန်းခေါင်စာရင်းဆိုင်ရာ တာဝန်ပေးအပ်လွှာများကို ကော့သောင်းခရိုင်ရှိ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းဆိုင်ရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြို့ပင်ကောက်မြို့တွင် မီးလောင်မှုဖြစ်ပွား

**ကြို့ပင်ကောက် မတ် ၉**

မတ် ၉ ရက် နံနက် ၂ နာရီက ကြို့ပင်ကောက်မြို့ ဈေးချိုမြောက်ရပ်ကွက် ရုံးလမ်းနှင့် အရှေ့ဘက်ဘုရားကြီးလမ်းထောင့်ရှိ ကိုထွန်းထွန်း(၃၆နှစ်)၏ ဒစ်ဂျစ်တယ်ဓာတ်ပုံလုပ်ငန်းဆိုင်မှ အင်ဗာတာအပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ရာ စည်ပင်သာယာဆိုင်ခန်းသုံးခန်း မီးလောင်ခံရကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာဖြူဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၉ ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူး၊ ဦးစီးတပ်ဖွဲ့ဝင် ၁၅ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့သူမြို့သားများမီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၅ မိနစ်တွင် မီးလုံးဝငြိမ်းခဲ့သည်။

### အရေးယူထား

မီးသတ်ဦးစီးမှူး ရဲကျော်စွာဖြူဝင်းက မီးပေါ့ဆသူ ဦးထွန်းထွန်းအား အရေးယူပေးပါရန် တိုင်တန်းမှုကြောင့် ကြို့ပင်ကောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၁၂)

**၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းသိကောင်းစရာ သန်းခေါင်စာရင်းကောက်ယူရေးစီမံချက်အရ မြို့နယ်ကွပ်ကဲရေးရုံး ဆိုင်းဘုတ်တင်ပွဲကို မတ် ၈ ရက်က ကြည့်မြင်တိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာနရုံး၌ ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးနှင့် မြို့နယ်၊ ရပ်ကွက် အထောက်အကူပြုအဖွဲ့ဝင်များက ဖွင့်လှစ်ပေးစဉ်။**တင်ဝင်းလေး(ကြည့်မြင်တိုင်)




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ် ၁၅၅အား ဗိုလ်မှူးမြင့်ဌေး(ငြိမ်း) (ကြည်း-၁၉၀၃၉)အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီးစစ်ဌာနချုပ် အစီအစဉ်ဖြင့် မြေကွက်ချထားပေးပြီးဖြစ်ပါ၍ မြေချပါမစ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄၆၊ မြေကွက်အမှတ် ၂၁၃၈၊ အလျားပေ ၄၀×အနံပေ ၆၀ မြေကွက်ရရှိသူ ဦးအောင်မြင့်ထံမှ ဝယ်ယူသူ ဦးချစ်ဦး (ဘ)ဦးတိုး ၁၄/ဘကလ(နိုင်)၁၂၉၁၀၉ က မြေယာရုံးခွဲ(၁၂)တွင် လယ်ဂျာစာရင်းသွင်းခွင့်ပြုရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေပါမစ်အား စာရင်းသွင်းရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့နယ်၊ ဆားဖိုသိုင်းချောင်းကျေးရွာအုပ်စု၊ သိုင်းချောင်းကျေးရွာနေ ဦးစံဒွန်း၏သား ဦးသန်းထွန်းနှင့် ဦးသန်း ၁၄/ကလန(နိုင်)၀၂၇၉၉၉သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း(ခ)ဦးသန်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်တွင်းသတင်း

* ရွှေဖုံးမှ

အနာဂတ် နိုင်ငံ့ခေါင်းဆောင်၊ အနာဂတ်ဝန်ထမ်းများ ဖြစ်ကြမည့်သူများ၏ အရည်အသွေးသည် ဥယျာဉ်မှူးဖြစ်သော ဆရာ ဆရာမကြီးများ၏ ပြုစုပျိုးထောင်မှုအပေါ် မူတည်ပါကြောင်း။

ပြုစုပျိုးထောင်မှု ဝီရိယရှိလျှင် ရှိသကဲ့သို့၊ ကောင်းလျှင်ကောင်းသကဲ့သို့၊ ညံ့လျှင်ညံ့သကဲ့သို့ ရှင်သန်ကြမည်ဖြစ်သည့်အတွက် ဆရာ ဆရာမကြီးများကိုယ်တိုင် ရှေ့ဆောင်လမ်းပြ မှန်ပါမှ လူတော်လူကောင်းများအဖြစ် ပေါ်ထွက်လာနိုင်ကြမည် ဖြစ်ပါကြောင်း။

ယခုမြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် အခြေခံရော၊ အဆင့်မြင့်ပါ အားနည်းနေပါကြောင်း၊ ကမ္ဘာ့အဆင့်မီရန်နေနေသာသာ အာရှအဆင့်တောင်မမီနိုင်ကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ယခင် စနစ်ဟောင်းအတိုင်း ရှိနေသည်ဟု အမျိုးမျိုးအဖုံဖုံ ဝေဖန်နေကြသည်များ ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့်အစိုးရအဖွဲ့ကလည်း ဒီအတိုင်း ကြည့်မနေပါကြောင်း၊ အစိုးရသစ်တက်လာကတည်းက မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍ အဆင့်မြင့်လာအောင် အမျိုးမျိုးကြိုးဆောင်ပါကြောင်း၊ ပထမနှစ်ကတည်းက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပြီး(CESR)Comprehensive E.S.R ခေါ်သော "ဘက်စုံလွှမ်းခြုံနိုင်သည့် ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှု"ပြုလုပ်ပြီး အဖြေရှာကြည့်ပါကြောင်း၊ အကန့်အသတ်မှာ ပညာရေး ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ အခုပြုပြင် အခုချက်ချင်း အကျိုးကျေးဇူးမခံစားရဘဲ ၁၀ နှစ်၊ ၁၅ နှစ် လောက်ကြာပါမှအဖြေပေါ်ခြင်းဖြစ်ပါကြောင်း။

ယခင်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် Computer တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ အနည်းဆုံး တစ်ကျောင်းစီရှိအောင် ဆောက်လုပ် ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ရည်ရွယ်ချက်မှာ မိမိနေထိုင်သော ဒေသတွင် တက္ကသိုလ်၊ ကောလိပ်ကို အိုးမကွာ အိမ်မကွာ ပညာသင်ကြားနိုင်အောင် စီစဉ်ပေးခြင်းဖြစ်ပါကြောင်း၊ သို့သော် တချို့မြို့များတွင် ဖွင့်လှစ်ပေးသည့် တက္ကသိုလ်၊ ကောလိပ်များသည် မြို့နှင့်အလှမ်းကွာဝေးခြင်း၊ အဆောင်များ မပါရှိခြင်းတို့ကြောင့် အခက်အခဲများ တွေ့ကြုံရပြီး ပညာရေးအရည်အသွေးကို နိမ့်ကျစေသော အချက်တစ်ချက်အဖြစ် ဖြစ်နိုင်ပါကြောင်း။

ယခင်ခေတ်ကာလ တက္ကသိုလ်များ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသည် မြို့ကြီးပြကြီးဖြစ်သော ရန်ကုန်၊ မန္တလေးမြို့များတွင်သာရှိသည့်အတွက် ၎င်းမြို့ကြီးများကိုပဲ သွားရောက်သင်ယူရပါကြောင်း၊တစ်မြို့တစ်နေရာတည်းတွင် အဆောင်များဖြင့်နေထိုင်ပြီး ပညာသင်ကြားရခြင်းတွင် ကောင်းသည့်အချက်မှာ လူမျိုးစုံ၊ စရိုက်မျိုးစုံနှင့် တွေ့ဆုံပေါင်းသင်းရသည့်အတွက် ဗဟုသုတအစုံစုံရရှိပြီး မိတ်ဆွေများလည်း အမြောက်အမြားစုမိပါကြောင်း၊ အပေါင်းအသင်းများခြင်းအားဖြင့် နောင်အခါများမှာလည်း အဘက်ဘက်မှ အကူအညီမျိုးစုံရနိုင်သော အကျိုးကျေးဇူးလည်းရပါကြောင်း။

ထို့အပြင် ပညာရေးသာမကဘဲ စီးပွားရေး၊ လူမှုရေး၊ အားကစားများပြီး ကိုယ်တိုင်အတွေ့အကြုံရသည့်အတွက် ကြိုးစားအားထုတ်မှုလည်း ပိုရှိခဲ့တတ်ပါကြောင်း။

ယေဘုယျအားဖြင့် ပညာရေးကဏ္ဍ မြင့်မားလာအောင်က ဆရာ ဆရာမကြီးများ၏ အရည်အသွေး၊ ကျောင်းသူ ကျောင်းသားများရဲ့ ပင်ကိုဉာဏ်နဲ့ ကြိုးစားမှု၊ စာသင်ခန်းရဲ့ ခေတ်မီအထောက်အကူပြုပစ္စည်း ပြည့်စုံမှု၊ သင်ရိုးညွှန်းတမ်းမှန်ကန်မှု၊ နိုင်ငံတော်ရဲ့ ရှေ့မျှော်မှန်းတဲ့ စီးပွားရေးစီမံကိန်း အခြေအနေနဲ့ ကိုက်ညီတဲ့ သင်ကြားသင်ယူမှုစနစ်တို့ အပြင် အရေးကြီးတာတစ်ခုကတော့ ဆရာ ဆရာမကြီးများရဲ့ လူမှုစီးပွား ဘဝမြှင့်တင်ပေးဖို့ကိစ္စဖြစ်ပါကြောင်း။

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမကြီးများအပါအဝင် ဝန်ထမ်းများအားလုံးရဲ့ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စတွေ အဆင်ပြေပါမှ လေ့လာစာဖတ်ရတာ၊ သင်ပေးရတာ၊ ပိုစိတ်ဝင်စားပြီး ပိုထိရောက်ပါကြောင်း၊ အဂတိလိုက်စားမှုလည်းနည်းမည်ဖြစ်ကြောင်း၊ ကျူရှင်ပေးနေရတဲ့ ဘဝက လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း။

ပညာရေး အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု လျော့နည်းသွားအောင် လုံလောက်သော လစာထောက်ပံ့ပေးနိုင်မှုသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ ဥပမာ အာဆီယံနိုင်ငံထဲတွင် နိုင်ငံငယ်လေးတစ်နိုင်ငံရှိပါကြောင်း၊ လစာအများဆုံးပေးနိုင်သော နိုင်ငံဖြစ်၍ အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံစာရင်းပါပါကြောင်း။

ထိုနိုင်ငံလေးသည် Brain Industry ခေါ် ဦးနှောက်သုံး၍ စီးပွားရှာနိုင်သောနိုင်ငံဖြစ်ပြီး မိမိတို့မှာ Natural Resource Based နှင့် Labour Intensive Based Economy ဖြစ်ပါကြောင်း၊ အခြေခံပညာမှာရော၊ အဆင့်မြင့်ပညာမှာပါ ဆရာ ဆရာမကြီးတို့ မွေးထုတ်ပေးလိုက်သော ဘွဲ့ရများသည် ဘာသာရပ်ကို တကယ်တော်၊ တကယ်တတ်မြောက်လျှင် သဘာဝသယံဇာတ ပေါများကြွယ်ဝသော မိမိတို့နိုင်ငံ၏ စီးပွားရေးသည် တစ်မဟုတ်ချင်းတိုးတက်သွားနိုင်ပါကြောင်း။

ထို့ကြောင့် ကိုယ့်၏တပည့်သားသမီး၊ ကျောင်းသား ကျောင်းသူများကို တကယ်တတ်မြောက်အောင် သင်ပေးကြစေလိုပါကြောင်း၊ ထိုသို့ တကယ်တတ်သော၊ တကယ်တော်သော ဘွဲ့ရများကို မွေးထုတ်နိုင်အောင် ဆရာ ဆရာမကြီးများကိုယ်တိုင်လည်း အမြဲတမ်းအရည်အသွေးပြည့်ဝသူများ ဖြစ်နေအောင် မိမိကိုယ်ကို မိမိလေ့လာဆည်းပူးနေပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မော်လမြိုင်မြို့သို့ ယနေ့ မိမိတို့အဖွဲ့ လာရောက်ရခြင်းမှာ မော်လမြိုင်ဒေသ အပါအဝင် မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ သိရှိရန်၊ နိုင်ငံတော်အစိုးရက လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို သိရှိနိုင်အောင် လိုအပ်သည့် ကူညီမှုများ ပံ့ပိုးကူညီနိုင်ရန်နှင့် ဒေသခံပြည်သူများ၏ အမျိုးမျိုးသော ဆန္ဒအမြင်များ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းရပ်များအပေါ်ကို ကြားသိရအောင်ဆိုသော ရည်ရွယ်ချက်များဖြင့် ရောက်လာခြင်းဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲမှုများကို မြို့မိမြို့ဖများလည်း သတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မော်လမြိုင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ မော်လမြိုင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ ပါမောက္ခ၊ ဌာနမှူး ဆရာ ဆရာမကြီးများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာ၊ ရုပ်မြင်သံကြားမှ ကြားရသိရပြီး ဖြစ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးကို စိတ်ဝင်စားသူတိုင်း နိုင်ငံရေးလုပ်နိုင်ခွင့်၊ ယုံကြည်ချက်၊ အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်၊ စာပေစိစစ်ရေး ရုပ်သိမ်းပြီး သတင်းနှင့် စာပေအမျိုးမျိုးကို လွတ်လပ်စွာ ထုတ်ဝေရေးသားခွင့်၊ အသင်းအဖွဲ့ သမဂ္ဂများ ဖွဲ့စည်းခွင့်၊ လူထုအစည်းအဝေးနှင့် ဆန္ဒဖော်ထုတ်ခွင့် နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာနိုင်ခွင့်၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး စသည်တို့ဖြစ်ပါကြောင်း၊ စီးပွားရေးကဏ္ဍတွင် နိုင်ငံပိုင်စီးပွားရေးမှ ပုဂ္ဂလိကပိုင်စီးပွားရေး၊ ဈေးကွက်စီးပွားရေးကို ပိုမိုအားပေးလာမှု၊ ယာဉ်အိုယာဉ်ဟောင်းများ အစားထိုးလဲလှယ်မှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြုပြင်ပေးမှု၊ မိုဘိုင်းတယ်လီဖုန်းများ လူတိုင်း ကိုင်ဆောင်ခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးမှု၊ ဝန်ထမ်းများ၏ လစာနှင့်ထောက်ပံ့ကြေးတိုးမြှင့်ပေးမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေထုတ်ပြန်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများကို တရားသဖြင့်ယှဉ်ပြိုင်နိုင်စေမှုစသည်တို့သည် စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် သက်ဆိုင်မှုများဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုမှာ ယခင်ကလို အထက်က အမိန့်ကိုစောင့်ပြီး ခွင့်ပြုမှစတင်ဆောင်ရွက်ခြင်းမျိုး မဖြစ်ရလေအောင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ပြည်သူများဆန္ဒအရ တိုက်ရိုက်ရွေးချယ်ခွင့်ပေးခဲ့ပြီး ယခု ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြည်သူလူထု၏ အုပ်ချုပ်ရေးမှူးများပင်ဖြစ်ပါကြောင်း။

မြို့နယ်အဆင့်တွင် စီမံခန့်ခွဲမှုကော်မတီအပြင် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုရေး ကော်မတီသည်လည်း ရပ်ရွာ၏ သိက္ခာသမာဓိရှိသူများနှင့်ဖွဲ့စည်းထားပြီး ရပ်ရွာအရေးကို ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ခြင်းသည် အုပ်ချုပ်ရေးယန္တရားကို ပြုပြင်ပြောင်းလဲအားဖြည့်လိုက်ခြင်း ဖြစ်ပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဆိုလျှင်လည်း အစိုးရက ချုပ်ကိုင်ထားခြင်းမရှိတော့ဘဲ ပြည်သူများကိုယ်တိုင်ဝင်ရောက်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလင်းရေးကိစ္စတွင်လည်း အလားတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ဆောင်ခွင့်ပေးနေပြီဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုအတွက် တိုင်တန်းလိုရင်လည်း လမ်းကြောင်းဖွင့်ထားပါကြောင်း၊ အမှန်တကယ်ဟုတ်မှန်ကြောင်း သက်သေသာဓကပြနိုင်သော ကိစ္စရပ်များကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပုဂ္ဂိုလ်ရေးအရ တစ်ဦးတစ်ယောက်ကို စွပ်စွဲတာမျိုးမဟုတ်ဘဲ ခိုင်မာသော သက်သေအထောက်အထားပြပြီး တိုင်တန်းနိုင်ပြီဖြစ်ပါကြောင်း။

ထို့ပြင် အခြားသော အကြောင်းကိစ္စကြီးငယ်အတွက် အထက်အဖွဲ့အစည်းကို တင်ပြတိုင်တန်းလိုပါကလည်း လမ်းကြောင်းဖွင့်ထားပေးပြီးဖြစ်ပါကြောင်း၊ ပြည်သူတို့ သတိမထားမိခြင်း ဖြစ်နိုင်ပါကြောင်း၊ လမ်းကြောင်းများမှာ မိမိတို့ရွေးချယ်တင်မြှောက်ထားသော ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြခြင်း၊ အုပ်ချုပ်ရေးလမ်းကြောင်းမှ အဆင့်ဆင့်တင်ပြခြင်း၊ စီမံခန့်ခွဲမှုကော်မတီ အထောက်အကူပြုကော်မတီများမှ တစ်ဆင့်တင်ပြခြင်း၊ အဂတိလိုက်စားမှုအတွက် သက်ဆိုင်ရာကော်မတီသို့ ရေးသားပေးပို့ခြင်း၊ သတင်းစာ၊ ဂျာနယ်၊ အင်တာနက်များကတစ်ဆင့် အသိပေးနိုင်ခြင်း စသည်တို့ဖြစ်ပါကြောင်း၊ အရေးကြီးသောအချက်မှာ မိမိရေးသားတင်ပြသည့်အချက်များ၊ အင်တာဗျူး ပြောဆိုချက်များ၏ မှန်ကန်မှုများကို မိမိမှတာဝန်ယူနိုင်ရမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် အကျိုးဆက်ကိုလည်း ရင်ဆိုင်ရဲရမည်ဖြစ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ၎င်းဒေသ၏ လိုအပ်ချက်နှင့်အခက်အခဲများကို ကူညီဖြေရှင်းပေးသည့်အချက် ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဲ့သို့ကိစ္စရပ်များ ချက်ချင်းဆောင်ရွက်၍ရသည်များအားလုံးကို ဆောင်ရွက်ပေးပြီး တချို့ကိစ္စများကို နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရပထမနှစ်၊ ဒုတိယနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နောက်ဆုံး အချက်အနေဖြင့် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ဒေသခံမိဘပြည်သူများ၏ဆန္ဒအသံကိုလည်း နားထောင်လိုပါကြောင်း၊ ထိုသို့ တင်ပြကြရာတွင် နိုင်ငံတော်အတွက် မိမိတို့၏ ပြည်နယ်၊ မြို့နယ်အတွက် အထောက်အကူပေးနိုင်မည့်ဆန္ဒမျိုး၊ အကြံဉာဏ်မျိုး ဦးစားပေးတင်ပြကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

**ယခုမွန်ပြည်နယ်၏ တိုးတက်ဖွံ့ဖြိုးမှုကို ဆန်းစစ်ကြည့်ဖို့ညွှန်းကိန်းများကို အကျဉ်းချုံးပြီးကြ**

| | | မွန် | တန |
|---|---|---|---|
| ၁ | အကျယ်အဝန်း | ၄၇၄၇ စတုရန်းမိုင် | ၁၆၇၃၅ စ |
| ၂ | လူဦးရေ | ၁. ၉ သန်းကျော် | ၁ . ၂ သန် |
| ၃ | GDP | ကျပ် ၁၃၉၅ဘီလီယံကျော်(၁၂-၁၃) | ကျပ် ၁၅၈ |
| ၄ | တစ်ဦးချင်း GDP | ၇ သိန်းကျော် | ၁၄ သိန်း |
| ၅ | ဖုန်းရာခိုင်နှုန်း | ၈. ၂၅ % | ၅. ၂၄ % |
| ၆ | ဆန်ဖူလုံမှု | ၁၈၇. ၁၅%(၁၁-၁၂) | ၉၀. ၄၉ % |
| ၇ | ဆင်းရဲနှုန်း | ၁၆. ၃ %(၂၀၁၀) | ၃၂. ၆ % |

**ယခုမော်လမြိုင်(ထားဝယ်/မြိတ်တို့)ရဲ့ ညွှန်းကိန်းများကို အကျဉ်းချုံးကြည့်မယ်ဆိုရင်-**

| | မော်လမြိုင် | ထားဝယ် | |
|---|---|---|---|
| အကျယ်အဝန်း | ၈၄. ၅ စ/မိုင် | ၁၆၄၇. ၉၉ စ/မိုင် | ၅၄ |
| လူဦးရေ | ၂. ၄ သိန်းကျော် | ၁၀၄၁၁၅ ဦး | ၂၄ |
| တစ်ဦးချင်းဝင်ငွေ | ၅. ၇သိန်းကျော် (၁၁-၁၂) | ၅. ၉ သိန်း | ၁၆ |
| ဖုန်းရာခိုင်နှုန်း | ၂၁. ၅ % | ၂၄ % | ၅ |
| နိုင်ငံရေးပါတီ | ဖြိုး/မွန်၂/တစည/NLD | ဖြိုး/တစည/NLD | ဖြိုး |
| ငြိမ်းချမ်းရေးအဖွဲ့ | ကရင်၊ မွန်အဖွဲ့များ | - | - |
| တက္ကသိုလ်ဝင်တန်းအောင် | ၆၂ % | ၅၈. ၉ % | ၄၈ |
| ဆေးရုံ | ခုတင် ၃၀၀ အဆင့် | ခုတင် ၂၀၀ အဆင့် | ခု၀ |

ထိုအညွှန်း ကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် မော်လမြိုင်မြို့အပါအဝင် မွန်ပြည်နယ်သည် ချမ်းသာသောပြည်နယ်၊ ချမ်းသာသောမြို့ မဖြစ်သေးသည်ကို တွေ့ရပါကြောင်း၊ အမှန်ဆိုလျှင် မော်လမြိုင်မြို့သည် လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်း၊ လေကြောင်းအားလုံး ပြည့်စုံသည့်အပြင် နယ်စပ်ကုန်သွယ်ရေးလည်း ရနိုင်သော အခွင့်အရေးများရှိပြီး ခရီးသွားကဏ္ဍ ဖွံ့ဖြိုးနိုင်သည့် ကမ်းခြေ၊ နာမည်ကြီးဘုရားပုထိုးများရှိနေသော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနည်းနေသေးသည်ကိုတွေ့ရပါကြောင်း။

လျှပ်စစ်မီးအပါအဝင် အခြေခံအဆောက်အအုံ မပြည့်စုံသေးခြင်းလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအပြည့်အဝမရရှိသေးသည်လည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်အားနည်းလို့လား၊ အရင်းအနှီးလို၍ ဖြစ်နေခြင်းလားဆိုသည်ကို မွန်ပြည်နယ်အစိုးရကစပြီး မော်လမြိုင်မြို့မိမြို့ဖများ လေ့လာဆန်းစစ်ပြီး အဖြေရှာကြရန် လိုမည်ဟု သုံးသပ်မိပါကြောင်း၊ ထို့ကြောင့် သုံးနှစ်တာကာလအတွင်း နိုင်ငံတော်၏ပွင့်လင်းလာသော ပြုပြင်ပြောင်းလဲမှုများနှင့်အတူ မော်လမြိုင်မြို့၊ မွန်ပြည်နယ်ရှိ ဒေသအားလုံးဖွံ့ဖြိုးတိုးတက်လာနိုင်မည့် နည်းလမ်းများ ပူးပေါင်းဖော်ထုတ်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မော်လမြိုင်၊ ဘီးလင်း၊ ကျိုက်မရော၊ သံဖြူဇရပ်၊ ကျိုက်ထို၊ ချောင်းဆုံ၊ ရေးတို့မှ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများနှင့် ဒေသခံများက ဒေသအလိုက်လိုအပ်ချက်များအား ရှင်းလင်းတင်ပြရာ မွန်ပြည်နယ် ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့် ဖြေရှင်းဆောင်ရွက်နိုင်သည်များကို ပြည်နယ်အဆင့်မှာပင် ဖြေရှင်းပြီး ပြည်ထောင်စုအဆင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ ဒေသခံပြည်သူလူထုနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ စီမံခန့်ခွဲရေးကော်မတီဝင်

...၊ ပညာရေး (သတင်းစဉ်)

များ၊ ပအိုဝ်း/ကရင်/မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ INGO အဖွဲ့အစည်းများနှင့် ဒေသခံ ရပ်မိရပ်ဖများ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်လမြိုင် အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအားတွေ့ဆုံ၍ ဆေးရုံ၏လိုအပ်ချက်များကို မေးမြန်းပြီးလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပင်မခွဲစိတ်ခန်း၊ အထူးကြပ်မတ် ကုသဆောင်၊ အမျိုးသား ခွဲစိတ်ကုသဆောင်၊ ထိခိုက်ဒဏ်ရာနှင့် အရိုး၊ အကြော၊ အဆစ်အထူးကုဌာနတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး CT Scan စက်နှင့် အဆောက်အအုံသစ် ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အစီအစဉ်အရ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ဒုတိယ ဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

အဆိုပါ CT Scan စက် အဆောက်အအုံသည် အလျားပေ ၄၀၊ အနံ ၃၅ ပေရှိ သံကူကွန်ကရစ် နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းကာ ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရား ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် သံဖြူဇရပ်မြို့ ကျုံကတတ် အခြေခံပညာအထက်တန်းကျောင်းတွင် Myanmar Lighting (IPP) ကုမ္ပဏီက လှူဒါန်းသည့် လှူဒါန်းငွေပေးအပ်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စက်စဲကမ်းခြေ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

...းကိန်းများကို အကျဉ်းချုံးပြီးကြည့်မယ်ဆိုရင် -

| | တနင်္သာရီ |
|---|---|
| | ၁၆၇၃၅ စတုရန်းမိုင် |
| | ၁ . ၂ သန်းကျော် |
| ...ကျော်(၁၂-၁၃) | ကျပ် ၁၅၈၅ ဘီလီယံကျော် |
| | ၁၄ သိန်းကျပ် |
| | ၅. ၂၄ % |
| ...၂) | ၉၀. ၄၉ % |
| | ၃၂. ၆ % (၂၀၁၀) |

...ချုံးချုံးကြည့်မယ်ဆိုရင် -

| ထားဝယ် | မြိတ် |
|---|---|
| ...၆၄၇. ၉၉ စ/မိုင် | ၅၄၇. ၄၄ စ/မိုင် |
| ...၀၄၁၁၅ ဦး | ၂၄၉၆၁၀ ဦး |
| ...၊ ၉ သိန်း | ၁၆ သိန်း (၁၁-၁၂) |
| ...၂၄ % | ၅ % |
| ...ဖြိုး/တစည/NLD | ဖြိုး/တစည/NLD |
| | - |
| ...၈. ၉ % | ၄၈ % |
| ...ခုတင် ၂၀၀ အဆင့် | ခုတင် ၂၀၀ အဆင့် |

...းတက်လာနိုင် ...ပူးပေါင်းဖော် ...ာင်းဖြင့် ပြော ...မြိုင်၊ ဘီးလင်း၊ ...ရပ်၊ ကျိုက်ထို၊ ...မြို့နယ် ...ာ်မတီ ဥက္ကဋ္ဌ ...ဒေသအလိုက် ...ရှင်းလင်းတင်ပြ ...ဝန်ကြီးချုပ်က ...ပြသည်။ ...ဒုတိယသမ္မတ ...ခမ်းက တင်ပြ ...၍ ပြည်နယ် ...ရွက်နိုင်သည် ...အဆင့်မှာပင် ...ထောင်စုအဆင့် ...လုပ်ငန်းများကို ...န်ကြီးဌာနများ ...၍ ဆက်လက် ...ည်ဖြစ်ကြောင်း ...ခံပြည်သူလူထု ...ဆက်သည်။ ...သို့ ပြည်နယ် ...ပြည်နယ်တရား ...ယ်ဝန်ကြီးများ၊ ...လှယ်များ၊ နိုင်ငံ ...မ်းရေးအဖွဲ့ဝင် .../ ရပ်ကွက်/ ...းကော်မတီဝင်

# မြေဆိပ်ဖြေဆေးထုတ်လုပ်ရေးအဆောက်အအုံသစ်ပြီးစီးပါက တစ်နှစ်လျှင် အလုံးရေတစ်သိန်းအထိ ထုတ်လုပ်သွားမည်

**ရန်ကုန် မတ် ၉**

အမှတ်(၁) ဆေးဝါးစက်ရုံ ရန်ကုန်တွင် GMP guide line နှင့်အညီ တိုးချဲ့တည်ဆောက်လျက်ရှိသည့် မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေး အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရာတွင် အသုံးပြုသည့် မြင်း၊ သိုးနှင့် မြွေပွေး၊ မြွေဟောက်များ မွေးမြူထားသည့် အခြေအနေများကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက် ၈ နာရီက လာရောက်ကြည့်ရှုကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုးချဲ့တည်ဆောက်လျက်ရှိသည့် မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေး အဆောက်အအုံသစ်သည် နိုင်ငံတော်၏ လိုအပ်ချက်အရ လွှတ်တော်နှင့်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြွေပွေးနှင့် မြွေဟောက်အတွက် မြွေဆိပ်ဖြေဆေး အလုံးပေါင်းငါးသောင်း အမှာစာရရှိခဲ့ပြီး အမှတ်(၁) ဆေးဝါးစက်ရုံ ရန်ကုန်မှ အလုံးရေ ၅၃၇၇၀ ထုတ်လုပ်နိုင်ခဲ့သဖြင့် လိုအပ်ချက်ကိုကျော်လွန်အောင် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ လာမည့် ဘဏ္ဍာနှစ်တွင် မြွေဆိပ်ဖြေဆေး ခြောက်သောင်း ထုတ် လုပ်နိုင်ရန်လျာထားပြီး ယခု တည်ဆောက်နေသည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေး အဆောက်အအုံသစ်ပြီးစီးပါက တစ်နှစ်လျှင် အလုံးရေ တစ်သိန်းအထိထုတ်လုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမှတ်(၁)ဆေးဝါးစက်ရုံ ရန်ကုန်မှ ငွေကျပ်သန်းပေါင်း ကိုးဘီလီယံတန်ဖိုးအထိ ဆေးဝါးများထုတ်လုပ်ခဲ့ပြီး ယခု၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကျန်းမာရေး ဝန်ကြီးဌာန တစ်ခုတည်းကပင် ငွေကျပ်သန်းပေါင်း ၁၄ ဘီလီယံဖိုးရှိ ဆေးဝါးအမှာစာများရရှိခဲ့သောကြောင့် ယခင်ကထက် ပိုမိုကြိုးစား ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ ကျန်းမာရေးဘတ်ဂျက်ပိုမိုရရှိသဖြင့် အမှတ်(၁) ဆေးဝါးစက်ရုံသို့ ဆေးမှာယူမှု သိသိသာသာမြင့်တက်လာခဲ့ကြောင်း၊ တစ်ဖက်က အရေအတွက်တိုးမြှင့်ထုတ်လုပ်သကဲ့သို့ တစ်ဖက်ကလည်း BPI ၏ကောင်းမွန်သော ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းမှုမရှိစေရန် ထိန်းသိမ်းကြရန် တာဝန်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေးဌာန ရှင်းလင်းဆောင်တွင် GMP guide line နှင့်အညီ တိုးချဲ့ တည်ဆောက်လျက်ရှိသည့် မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေး အဆောက်အအုံသစ် တည်ဆောက်နေမှုအခြေအနေ၊ စက်ရုံဆိုင်ရာ ကုန်ထုတ်လုပ်မှုနှင့် ထုတ်ကုန်ရောင်းချနိုင်မှုအခြေအနေများ၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်မှု အခြေအနေများကို စက်ရုံ အထွေထွေမန်နေဂျာက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

အမှတ်(၁) ဆေးဝါးစက်ရုံ ရန်ကုန်သည် ဆေးဝါးအမျိုးအမည် စုစုပေါင်း ၁၆၀ ခန့်ကို နှစ်စဉ် ထုတ်လုပ်လျက်ရှိပြီး ဆေးပြား ၅၉ မျိုး၊ ဆေးဆီဆေးရည် ၁၉ မျိုး၊ ဆေးမှုန့် နှစ်မျိုး၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးအမျိုး ၆၀၊ မြွေဆိပ်ဖြေဆေးနှင့် ကာကွယ်ဆေးရှစ်မျိုးတို့ကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# မောင်တောမြို့နယ် ဒုချီးရားတန်း အလယ်ရွာ၌ မီးလောင်မှုဖြစ်ပွား မိမိနေအိမ် မိမိဘာသာမီးရှို့သူအား ကျေးရွာရှိ မျက်မြင်သက်သေများက တွေ့ရှိသတင်းပေးခဲ့သဖြင့် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိ

**ရန်ကုန် မတ် ၉**

မောင်တောမြို့နယ် ဒုချီးရားတန်းအလယ်ရွာတွင် ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မိမိအိမ်ကို မိမိဘာသာမီးရှို့ခဲ့သူအား ကျေးရွာနေ မျက်မြင်သက်သေများ၏ သတင်းပေးချက်အရ သိရှိရသဖြင့် စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရှိရသည်။

ယနေ့ နံနက် ၁၀ နာရီကျော်ခန့်တွင် ဒုချီးရားတန်းအလယ်ရွာ၌ မီးလောင်မှုဖြစ်ပွားရာ ဘာသာရေး အဆောက်အအုံအငယ် တစ်လုံး၊ ခနိမိုး၊ ထရံကာ လူနေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်ရခြင်းမှာ ယင်းကျေးရွာနေ ဆော်ဒီမူလာ အသက်(၄၂နှစ်) (ဖ) ဦးမိုက်တာက မိမိအိမ်ကို မိမိဘာသာ ဓာတ်ဆီဖျန်းပက်ပြီး မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု ယင်းကျေးရွာနေ ဒေါ်ဟာလာမာဟာဒူ အသက်(၆၀နှစ်)နှင့် မဟာမီဒါ အသက်(၃၀နှစ်)တို့က မျက်မြင်သက်သေများအဖြစ် ထွက်ဆိုခဲ့ကြကြောင်း သိရှိရသည်။

မီးစတင်လောင်ကျွမ်းနေကြောင်း သတင်းရရှိလျှင် ရရှိချင်း နယ်မြေခံ ရဲတပ်ရင်းမှ ရဲမှူးမင်းဦး ဦးစီးအဖွဲ့၊ မောင်တောခရိုင် ရဲတပ်ဖွဲ့မှ ရဲအုပ်သောင်းထွန်းဦးစီးအဖွဲ့ ပူးပေါင်း၍ အခင်းဖြစ်ပွားရာသို့ သွားရောက်ပြီး မီးငြိမ်းသတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာ နေရာသို့ မွန်းလွဲ ၂ နာရီခန့်တွင် ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်း၊ ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း၊ ဒုချီးရားတန်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ မျက်မြင်သက်သေနှစ်ဦး၏ ထွက်ဆိုချက်များအရ လည်းကောင်း၊ မီးစတင်လောင်ကျွမ်းသည့် ဆော်ဒီမူလာ၏နေအိမ်ရှိစပါးကျီမှာ ကြိုတင်ရွှေ့ပြောင်းထားသည့် အနေအထားများ တွေ့ရှိရခြင်း၊ မီးလောင်ကျွမ်းသည့်အချိန်တွင် ၎င်းတို့မိသားစုမှာ မီးငြိမ်းသတ်မှုမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် လည်းကောင်း ရှို့မီးဖြစ်သည်ဟု ယူဆရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်မှာ "ဒုချီးရားတန်း အလယ်ကျေးရွာမှာ နေထိုင်နေတာ လက်ရှိလူဦးရေ ၄၅၀ ခန့်ရှိပါတယ်။ တချို့ယောကျ်ားတွေကတော့ နေ့ဘက်ရှောင်နေပြီး ညဘက်မှာ ကိုယ့်နေအိမ်ကို ပြန်လာကြတာလည်းရှိပါတယ်။ အခုဖြစ်တာက ဆော်ဒီမူလာဆိုသူက ဓာတ်ဆီထည့်ထားတဲ့ ရေသန့်ဘူးကို အိမ်ပတ်ဝန်းကျင်မှာ ဝေ့ယမ်းပက်ဖျန်းပြီး မီးစတင်ရှို့ခဲ့တယ်လို့ အဲဒီရွာက မျက်မြင်သက်သေနှစ်ဦးက ပြောပြတဲ့ အထောက်အထားခိုင်ခိုင်လုံလုံရရှိပါတယ်။ သူတို့ကို စစ်ဆေးတဲ့အချိန်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်ဇံဖြူနဲ့ ကျေးရွာစာရေးဦးသန်းထွန်းဦးတို့သက်သေအဖြစ်ရှိပြီး စကားပြန်အဖြစ် အိုလီဆိုသူက မေးမြန်းဖြေကြားပေးတာဖြစ်ပါတယ်။ ဆော်ဒီမူလာဆိုတဲ့သူက ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းဖြစ်စဉ်မှာ ပါဝင်တယ်လို့ သံသယရှိသူဖြစ်ပြီး တရားခံပြေးအဖြစ် သတ်မှတ်ခံထားရတဲ့သူလည်း ဖြစ်ပါတယ်။ အခုမီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးအနေနဲ့ ငွေကျပ် ခြောက်သိန်းလေးသောင်းခန့်ရှိမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ပြောပြခဲ့သည်။

**(သတင်းစဉ်)**

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးမင်းက ဒုချီးရားတန်း အလယ်ရွာသူရွာသားများအား မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းနေစဉ်။

(သတင်းစဉ်)

**ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မီးလောင်ပျက်စီးမှုကို စစ်ဆေးနေစဉ်။**

(သတင်းစဉ်)

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် ပြည်သူသိရှိနိုင်ရန် ပညာပေး

**ရန်ကုန် မတ် ၉**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းရှိ စံပယ်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် EU (ဥရောပသမဂ္ဂ)တို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်အား ပညာပေးရှင်းလင်းပွဲအခမ်းအနားကို မတ် ၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ EU အဖွဲ့မှ Project Director Ms. Grainne၊ Mr.David၊ Mr. Andy၊ Mr.Sted၊ Mr.Trevor၊ Ms.Frarces Nolan နှင့် သင်တန်းနည်းပြများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့ဝင်များနှင့် မိဘပြည်သူများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်ကို ရပ်ကွက်နေ မိဘပြည်သူများ သိရှိနားလည်ကာ ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ အခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး EU အဖွဲ့ခေါင်းဆောင် Mr. David က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များကို ပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။ **(တိုင်းဒေသကြီးရဲတပ်ဖွဲ့)**

ပညာရေးနှင့် နိုင်ငံတကာအားကစား

# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် သတိပြုသင့်သည့်အချက်များ

**ဒေါက်တာ သန့်စင်(ရူပဗေဒ)**

မကြာခင်ရက်ပိုင်းတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးကို ဖြေဆိုကြတော့မည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဖြေဆိုရာတွင် သတိပြုသင့်သည့်အချက်များကို စာရေးသူ၏ စာစစ်အတွေ့အကြုံဖြင့် ဝေမျှရေးသားလိုက်ပါသည်။

စာမေးပွဲဖြေရမည့်အချိန်မတိုင်မီ စာမေးပွဲဖြေဆိုရမည့်ကျောင်း (စာစစ်ဌာန)သို့ အချိန်မီရောက်သွားရပါမည်။ (ယခုအခါတွင် ရန်ကုန်မြို့အပါအဝင် မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ခြင်းကြောင့် မိမိအိမ်မှ ကြိုတင်တွက်ဆ၍ ထွက်သင့်ပါသည်။ စာမေးပွဲစတင်မှ သွားရောက်ပါက စိတ်ပူပန်ခြင်း၊ စိုးရိမ်မောပန်းခြင်းတို့ကြောင့် စာဖြေဆိုရာတွင် အနှောင့်အယှက်ဖြစ်နိုင်ပါသည်။)

စာမေးပွဲဖြေဆိုနေစဉ်အတွင်း ကျန်းမာရေးဂရုစိုက်သင့်ပါသည်။ ညအချိန်အိပ်ချိန်မရှိဘဲ ညလုံးပေါက်စာကြည့်ပါက စိတ်မကြည်မလင်ဖြစ်ကာ ဖြေဆိုတွက်ချက်မှုများ မှားနိုင်ပါသည်။ စာမည်မျှတော်ပြီး များစွာကြည့်ထားသော်လည်း ကျန်းမာရေးချို့တဲ့သွားပါက တစ်နှစ်လုံး ကျက်မှတ်ကြိုးစားထားသမျှ သဲထဲရေသွန် ဖြစ်သွားနိုင်ပါသည်။

စာမေးပွဲမေးခွန်း အဖြေလွှာကို အစမှအဆုံးထိသေချာစွာ ဖတ်ရှုပြီး မိမိပိုင်ပိုင်နိုင်နိုင်ဖြေနိုင်သောမေးခွန်းမှစ၍ ဖြေဆိုပါ။ မေးခွန်းတစ်ခုလျှင် ထပ်ဆင့်မေးခွန်းများ ထပ်မံပါနိုင်သောကြောင့် ဖြေဆိုရာ၌ မကျန်ရစ်စေရန် ဂရုစိုက်ပါ။

မေးခွန်းများဖြေဆိုရာတွင် လိုအပ်သောပုံများ၊ ညီမျှခြင်းများ၊ ယူနစ်များ၊ ဂရပ်များ စသည်တို့ကို ပြည့်စုံစွာဖြေဆိုပါ။

မေးခွန်းများဖြေဆိုရာတွင် မေးခွန်းနံပါတ်မည်မျှကို ဖြေဆိုနေကြောင်း စာစစ်သူသိရန် မေးခွန်းနံပါတ်ကို တပ်၍ဖြေပါ။

စာမေးပွဲမေးခွန်းများအားလုံးကို ဖြေဆိုရာတွင် ခွင့်ပြုချိန် သုံးနာရီသာ ရရှိပါသည်။ ထို့ကြောင့် မေးခွန်းတစ်ပုဒ်ကို မည်မျှအချိန်ပေးရမည်ကို ကြိုတင်တွက်ထားပါ။ မေးခွန်းတစ်ခုတည်းကို အချိန်ကြာစဉ်းစားဖြေဆိုနေပါက နောက်မေးခွန်းများအတွက် အချိန်မရဖြစ်တတ်ပါသည်။

စာမေးပွဲဖြေဆိုရာတွင် မေးခွန်းများဖြေဆိုပြီးပါက အနည်းဆုံးတစ်ခေါက်ပြန်၍ မိမိအဖြေလွှာကို ပြန်၍စစ်သင့်ပါသည်။ ဖြေဆိုရမည့်မေးခွန်းကျန်၊ မကျန်၊ အဖြေ မှန်၊ မမှန်၊ လိုအပ်သည့်ပုံများကျန်၊ မကျန် ထပ်မံစစ်ဆေးပါ။

စာဖြေရာတွင် အတတ်နိုင်ဆုံး သန့်ရှင်းသပ်ရပ်စွာဖြေဆိုသင့်ပါသည်။ မိမိဖြေဆိုထားသည့် ဂဏန်းများကို ပီပီပြင်ပြင် ရေးသားသင့်ပါသည်။

စာမေးပွဲဖြေဆိုရာတွင် လိုအပ်သည့် ဘောပင်၊ ခဲတံ၊ ပေတံ၊ စာဖြေခွင့်ကတ်ပြားစသည်တို့ကို မဖြေမီညကတည်းက ကြိုတင်ပြင်ဆင်ထားရပါမည်။

စာမေးပွဲဖြေဆိုရမည့် ဘာသာရပ် အချိန်ဇယားကို မိမိစာကြည့်စားပွဲတွင် သေချာစွာကပ်ထားပါ။

စာမေးပွဲကာလနားရက်အတွင်း နောက်နေ့ဆက်လက်ဖြေဆိုရမည့် ဘာသာများအတွက် ဆက်လက်လေ့လာပါ။ ရရှိထားသည့် စာကြည့်ချိန်ကို အကျိုးရှိစွာ အသုံးချပါ။

တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် မိမိဘဝအတွက် အလွန်အရေးကြီးသောစာမေးပွဲဖြစ်ပါသည်။ ယခုစာမေးပွဲရမှတ်သည် မိမိတက်ချင်သည့် တက္ကသိုလ်တက်နိုင်ရန် များစွာအရေးပါရှိပါသည်။ တစ်နိုင်ငံလုံးရှိ မိဘများ၊ ကျောင်းသားများ စိတ်လှုပ်ရှားမှုအရှိဆုံး စာမေးပွဲဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အခြေခံပညာအထက်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ၎င်းတို့၏စာမေးပွဲကာလအတွင်း စာဖြေသူ ကျောင်းသား ကျောင်းသူများ ကောင်းစွာစာကြည့်၍ ဖြေဆိုနိုင်ရန် ပတ်ဝန်းကျင်မှဆူညံသည့် အသံချဲ့စက်သံများ၊ ဆောင်းဘောက်များ စသည့် အနှောင့်အယှက်များကင်းစေရန် မိမိတို့တတ်နိုင်သမျှ ကူညီကြစေလိုပါသည်။

ကျောင်းသား ကျောင်းသူများ စာမေးပွဲမေးခွန်းများကို ကောင်းစွာ ဖြေဆိုနိုင်စေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

## လာလီဂါပွဲစဉ် (သီဟ)

**စပိန်လာလီဂါ ပွဲစဉ်-၂၇** **မတ် ၁၁**

| | | | |
|---|---|---|---|
| အိုဆာဆူနာ | - | မာလာဂါ | နံနက် ၁း၃၀ |
| ဆိုစီဒက် | - | ဗယ်လက်ကာနို | နံနက် ၃း၃၀ |

### ဆိုစီဒက် Vs ဗယ်လက်ကာနို

စပိန်လာလီဂါ ပွဲစဉ်(၂၆)အပြီးမှာ ဆိုစီဒက်ဟာ ရမှတ် ၄၃မှတ်နဲ့ အဆင့် ၆မှာရပ်တည်နေပြီး အဆင့် ၅ ဗီလာရီးရဲလ်နဲ့ တစ်မှတ်သာကွာပါတယ်။ ဧည့်သည် ဗယ်လက်ကာနိုက ရမှတ် ၂၃မှတ်နဲ့ တန်းဆင်းဇုန် အဆင့်၁၉မှာရှိနေပြီး ဒီပွဲရှုံးကန်နိုင်လို့ နိုင်မယ်ဆိုရင်တောင် တန်းဆင်းဇုန်က မလွတ်သေးပါဘူး။ ဆိုစီဒက်ဟာဒီပွဲအမှတ်ပြည့်ရမယ်ဆိုရင် ဗီလာရီးရဲလ်ကို ကျော်တက်သွားမှာပါ။ လက်ရှိခြေစွမ်းမှာ ဆိုစီဒက်က အိမ်ကွင်းမှာ ဘာစီလိုနာကို ဂိုးပြတ်နဲ့နိုင်ထားသလို ဗယ်လက်ကာနိုက ဘာစီလိုနာကို အဝေးကွင်း ဂိုးပြတ်နဲ့ ရှုံးနိမ့်ထားပါတယ်။ ဒီပွဲမှာ အိမ်ရှင်ဆိုစီဒက်က ခြေစွမ်းသာလို့ ရမှတ်သုံးမှတ် အပြည့်ယူနိုင်ပြီး ဂိုးပါပြတ်သွားနိုင်ပါတယ်။

| ဆိုစီဒက် နောက်ဆုံးအိမ်ကွင်းလေးပွဲရလဒ် | | | ဗယ်လက်ကာနို နောက်ဆုံးအဝေးကွင်းလေးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဆိုစီဒက် | ၃-၁ | ဘာစီလိုနာ | ဘာစီလိုနာ | ၆-၀ | ဗယ်လက်ကာနို |
| ဆိုစီဒက် | ၀-၀ | လီဗန်တေး | လီဗန်တေး | ၀-၀ | ဗယ်လက်ကာနို |
| ဆိုစီဒက် | ၄-၀ | အယ်လ်ချီ | အယ်လ်ချီ | ၂-၀ | ဗယ်လက်ကာနို |
| ဆိုစီဒက် | ၂-၀ | ဘီလ်ဘာအို | ဂီတာဖေး | ၀-၁ | ဗယ်လက်ကာနို |

**အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ် အနိုင်-အရှုံး**

**၉-၃-၂၀၁၄**

| | | |
|---|---|---|
| ရှက်ဖ်ဖီး | ၂-၀ | ချာလ်တန် |
| ဟားလ်စီးတီး | ၃-၀ | ဆန်းဒါးလန်း |
| မန်စီးတီး | ၁-၂ | ဝီဂန် |

# မန်ယူထိပ်ဆုံးလေးသင်းနေရာနီးလာ

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူက ဝက်စ်ဘရွန်းအိမ်ကွင်း၌ သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်၍ ထိပ်ဆုံးလေးသင်းပြန်တက်နိုင်မည့် မျှော်လင့်ချက်ပြန်လည်ရှင်သန်လာသည်။

ဖီးဂျုံးက မန်ယူအတွက် ဦးဆုံးဂိုးကို ခေါင်းတိုက်၍သွင်းပေးပြီး မန်ယူကို ဦးဆောင်မှုပေးနိုင်ခဲ့သည်။ ရွန်းနီက ဝဲလ်ဘတ်၏ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးခဲ့သည်။

မန်ယူအတွက် တတိယအနိုင်ဂိုးကို ဝဲလ်ဘတ်ကပင် သွင်းယူပေးခဲ့သည်။ မန်ယူတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် အာဆင်နယ်နှင့်လီဗာပူးတို့ နောက် ၁၁ မှတ်အကွာမှ လိုက်လာသည်။

ထိပ်ဆုံးလေးသင်းနေရာတက်ရန် နီးကပ်လာသည်။ ပွဲစဉ် (၂၉) အပြီး မန်ယူတို့ ထိပ်ဆုံးစတုတ္ထနေရာရောက် မန်စီးတီးနောက်မှ ကပ်လိုက်လာသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

မန်ယူမှ ဖီးဂျုံး ဝက်စ်ဘရွန်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းစဉ်။

# အာဆင်နယ်အဲဗာတန်ကို ဂိုးပြတ်နိုင် အက်ဖ်အေ အကြိုဗိုလ်လုပွဲတက်

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲအဖြစ် အာဆင်နယ်နှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို အိုဇေးလ်က သွင်းယူခဲ့သည်။

ယင်းဂိုးကို လူကာကူက ပထမပိုင်းမပြီးမီ ပြန်လည်ချေပခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် အာတီတာက ပယ်နယ်တီမှတစ်ဆင့် အာဆင်နယ်အတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။

လူစားဝင်လာသူ ဂီရောက်ဒ်က ပွဲပြီးရန် ၁၀ မိနစ်အလို နှစ်ဂိုးသွင်းယူပေးခဲ့သဖြင့် အာဆင်နယ်က လေးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ အာဆင်နယ်တို့ ယင်းပွဲအနိုင်ရလိုက်၍ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဖလားရယူနိုင်မည့် အနေအထားတစ်ရပ်သို့ ရောက်ရှိလာသည်။


**ကန့်ကွက်နိုင်ပါကြောင်း**

သန်လျင်မြို့နယ်တရားရုံး၊ ၂၀၁၃ခုနှစ် တရားမဇာရီမှု အမှတ် ၁၃တွင်၊ ၂၄-၂-၂၀၁၄ ရက်က လေလံတင်ရောင်းချခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စပယ်လမ်း၊ အမှတ် (၃)ဟုခေါ်တွင်သည့် အကွက်အမှတ် ၂၇၊ ကျိုက်ဖောမိတောင်ကွက်၊ ဦးပိုင်အမှတ် N/၃၈ (ပေ၄၀×ပေ၆၀)ရှိ ဦးချစ်ထွန်းအမည်ပေါက် သီးသန့်မြေကွက်နှင့် နေအိမ်အဆောက်အအုံကို လေလံဆွဲဝယ်ယူခဲ့သော ကျွန်တော်ဒေါက်တာရုံမိုး+၁အား ရုံးတော်မှ ရောင်းချခြင်းကို အတည်ပြုခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အရောင်းသက်သေခံလက်မှတ်ထုတ်ပေးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ပစ္စည်းပိုင်ဆိုင်ခွင့်လွှဲပြောင်းမှုကိုလည်းကောင်း၊ အရောင်းစာချုပ်ချုပ်ဆိုမှုကိုလည်းကောင်း၊ အမည်ပြောင်း/ဂရန်လျှောက်ထားမှုကိုလည်းကောင်း မည်သူတစ်ဦးတစ်ယောက်မဆို မည်သည့်အဖွဲ့အစည်းမဆို ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ သန်လျင်မြို့နယ်တရားရုံးတော်သို့လည်းကောင်း၊ ခိုင်မာသည့်အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါက်တာရုံမိုး ၁၄/ပသန(နိုင်)၀၀၂၉၉၁**
**ဖုန်း-၀၉-၈၅၅၂၇၂၄**

**အများသိစေရန်နှင့် ကန့်ကွက်ခြင်း**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၈၇၈၊ ကြာပဒုံမာလမ်း၊ ဧရိယာ (၄၄ပေ×ပေ၆၀)၊ နှစ် ၆၀ဂရန်မြေနှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များသည် အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။

ထိုမြေကွက်နှင့်ပတ်သက်၍ ကျွန်မတို့၏သဘောတူညီချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လျှုဒါန်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ထုတ်ပေးခြင်းစသည်တို့ကို လုံးဝမပြုလုပ်ရန် ကန့်ကွက်ကြေညာလိုက်သည်။

**အမွေဆိုင်များ**
**(၁) ဒေါ်တင်တင်လှိုင် ၁၂/ဒဂမ(နိုင်)၀၀၇၆၂၂**
**အမှတ် ၂၃၃၊ မြေညီ၊ ၃၉လမ်း၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**(၂) ဒေါ်နီနီလှိုင် ၁၂/ဒဂမ(နိုင်)၀၀၇၇၂၃**
**အမှတ် ၁၄၅၊ လေးလွှာ၊ ၃၈လမ်း(ယာ)၊ (၆)ရပ်ကွက် ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**GOLDEN STAR** ခရီးသွားလုပ်ငန်း
❖ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
❖ ရွှေစက်တော်/ငွေဆောင်(သောကြာ)
Ph:209200, 430480, 544383, 703448, 09-5046000

**ပျောက်ဆုံး**

ကျွန်မ နီလာလွင် (ဘ)ဦးတင့်လွင်၏ ပတ်စ်ပို့ No. A-076981 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၄၂၅၂၆၄၁၉၅**

**ပျောက်ဆုံး**

ကျွန်တော် ဘိုဘို (ဘ)ဦးဇော်ဝင်း၏ ပတ်စ်ပို့ No A . 301765သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၂၅၀၁၃၆၁၇၆**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ဇီးကုန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/က၊ မြေကွက်အမှတ် ၆၉ (က+ခ)၊ အလျားပေ ၄၀၊ အနံပေ ၆၀အကျယ်အဝန်းရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စိုးဦးထံမှ ကျွန်တော်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၂၈-၂-၂၀၁၄ရက်စွဲပါ မြေကွက်အရောင်းအဝယ်ကတိစာချုပ်အရ ရောင်းဖိုးငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော် (တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်)ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်မြနှင်းယု LL.B, D.B.L., D.M.L | ဦးအေးနိုင် |
| ဒေါ်ခင်ဇာနီဝင်း LL.B | LL.B., D.B.L., D.M.L.,Advocate |
| အထက်တန်းရှေ့နေများ | တရားလွှတ်တော်ရှေ့နေ |
| Pioneer Law Firm | (စဉ်-၅၀၈၇/၈၉) |
| အမှတ်၁၅၁(ဒုတိယထပ်)၊၃၃လမ်း(လယ်)၊ | ဖုန်း-၀၉-၇၃၀၃၂၃၄၃ |
| ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | |

**တစ်ဦးတည်းဖြစ်ကြောင်း**

ဦးဖေမြင့်၏သမီး ဒေါ်မာမာ ၁၂/အလန(နိုင်)၀၁၆၅၈၆နှင့် အမက (၂) ပန်းဘဲတန်းမှ အလယ်တန်းပြ ဆရာမ ဒေါ်ခင်မာမြင့်သည် တစ်ဦးတည်းဖြစ်ပါသည်။

# လုပ်ငန်းအောင်မြင်မှုအတွက် ဈေးကွက်ရှာဖွေရေးအဆင့်မြှင့်ရန် လိုအပ်ဟု စီးပွားရေးပညာရှင်များ အကြံပြု

အမေး/အရေး- ခင်ရတနာ
ဓာတ်ပုံ- သိမ့်သိမ့်မိုး

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်၌ အာဆီယံစီးပွားရေး လူမှုအဖွဲ့အစည်း (AEC)တွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အစွမ်းကုန်ပြင်ဆင်နေပြီဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ စီမံကိန်းများကို စဉ်ဆက်မပြတ် ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ပြည်ပမှ FDI လုပ်ငန်းများ ပိုမိုဝင်ရောက်လာသည့်နည်းတူ ပြည်တွင်းရှိ အကြီးစား၊ SME လုပ်ငန်းရှင်များသည်လည်း ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်တိုင် ခြေဆန့်နိုင်ရေးအတွက် အရေးပါသည့် ဈေးကွက်ရှာဖွေခြင်းနှင့် ပတ်သက်၍ ပညာရှင်နှင့်လုပ်ငန်းရှင်အချို့ကို မေးမြန်းဖြစ်ခဲ့ပါသည်။

**ပါမောက္ခဒေါက်တာ အောင်ထွန်းသက် (နိုင်ငံတော်သမ္မတ စီးပွားရေး အကြံပေး)**

**မေး။ ဈေးကွက်ရှာဖွေရေးက စီးပွားရေးကဏ္ဍမှာ ဘယ်လောက်အထိ လိုအပ်မှုရှိပါသလဲဆရာ။**

ဖြေ။ ဈေးကွက် ရှာဖွေရေးက လုပ်ငန်းတိုင်းမှာ မရှိမဖြစ် လိုအပ်ချက်ပါ။ စီးပွားရေးကဏ္ဍမှာလုပ်ငန်းတစ်ခုအောင်မြင်မှုရရှိစေဖို့(၁)အရင်းအနှီး၊ (၂) နည်းပညာနဲ့ (၃) ဈေးကွက်ရှာဖွေရေးတွေက အဓိက ထောက်ပံ့နေတာပါ။ FDI တွေ ယခုထက်ပိုပြီးဝင်လာဖို့နဲ့ ပြည်တွင်း Invester တွေ Develop ဖြစ်စေဖို့အတွက် Marketing Plans တွေ ကောင်းမှ ဖြစ်မှာပါ။

**မေး။ နိုင်ငံတကာနဲ့ ဈေးကွက် ရှာဖွေရေး ခေတ်မီနည်းလမ်းတွေအပေါ်ကို အမီလိုက်နိုင်ဖို့ မြန်မာလုပ်ငန်းရှင်တွေအတွက် ဘယ်လိုအချက်တွေ လိုအပ်မလဲဆရာ။**

ဖြေ။ ကျွန်တော်တို့ရဲ့ အဓိက စိန်ခေါ်ချက်က AEC ပါ။ လာမယ့်နှစ်မှာ အာဆီယံ စီးပွားရေး လူမှုအဖွဲ့အစည်း (AEC)ကို စတော့မှာဖြစ်ပါတယ်။ အဲဒါစပြီဆိုတာနဲ့ လက်ရှိ

မဝင်းဝင်းတင့်
မန်နေဂျင်းဒါရိုက်တာ (City Mart)

သန်း ၆၀ ရှိ မြန်မာ့ဈေးကွက်က သန်း ၆၀၀ အထိ ကျယ်ပြန့်နိုင်ပါတယ်။ အာဆီယံအပြင် တရုတ်နိုင်ငံနဲ့ အိန္ဒိယကို ထည့်ပေါင်းရင် လူဦးရေ သန်းပေါင်း သုံးဘီလီယံလောက် ဖြစ်သွားမယ်။ ကျွန်တော်တို့အနေနဲ့ အစိုးရတင်မကဘဲ လုပ်ငန်းရှင်တွေ၊ အလုပ်သမားတွေ အားလုံးကို Rebrand လုပ်ရမှာဖြစ်ပါတယ်။ အဲဒါတွေလုပ်ဖို့အတွက် အချိန်ကာလကို တွက်ချက်ပြီး ဈေးကွက်မြှင့်တင်ရေး နည်းလမ်းတွေကို သုံးစွဲရမှာပါ။ အဓိကကတော့ ကုန်စည်တစ်ခုကို ထုတ်လုပ်တာနဲ့ မပြီးပါဘူး။ စားသုံးသူအတော်များများရဲ့ လက်ထဲကို



ပါမောက္ခ Mr. Philip Kotler

ရောက်မှ အောင်မြင်တဲ့ ကုန်စည်ရောင်းဝယ်မှု ဖြစ်တယ်ဆိုတာကို သိထားဖို့ လိုအပ်ပါတယ်။

**ပါမောက္ခ Mr. Philip Kotler (ဈေးကွက်ရှာဖွေရေးဆိုင်ရာ အထူးကျွမ်းကျင်သူ၊ အတိုင်ပင်ခံပညာရှင်)**

**မေး။ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍအပေါ် ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ အလွန်ကောင်းတဲ့ အခြေအနေလို့ မြင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်တွင်းကနေ ဝင်ရောက်လာကြမယ့်လုပ်ငန်း သစ်တွေကိုရော၊ ရှိနေပြီးသား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုရော အားပေးထောက်ခံ

ပါမောက္ခဒေါက်တာ အောင်ထွန်းသက်
(နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး)

ပါတယ်။ အဲဒီလိုပဲ ပြည်တွင်းလုပ်ငန်းတွေအဖို့ မိမိတို့ရဲ့စွမ်းရည်နဲ့ ထုတ်လုပ်ဖြန့်ဖြူးမှုကို မြှင့်တင်လိုက်မယ်ဆိုရင် အားလုံး ကောင်းသွားမှာပါ။ ဒါပေမယ့် ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် Capital တွေ အဆင့်မြှင့်တင်ဖို့ လိုနေတာ၊ အခြားလိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့တော့ရှိတာပေါ့။

**မေး။ ဈေးကွက်သစ်တစ်ခုကို ချဲ့ထွင်ဆောင်ရွက်ရာမှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေနဲ့ ဖြေရှင်းရမယ့် နည်းလမ်းတွေကို ပြောပြပေးပါ။**

ဖြေ။ သိတဲ့အတိုင်းပဲ။ စိန်ခေါ်မှုနဲ့ အခွင့်အလမ်းဆိုတာ အမြဲဒွန်တွဲနေတတ်ပါတယ်။ အခု နောက်ဆုံးပေါ်နည်းလမ်းကတော့ Marketing 3.0 ဖြစ်ပါတယ်။ နည်းစနစ်အသစ်မှာ ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေအပေါ် မူတည်ပြီး ဈေးကွက်ရှာဖွေရေးကို ပုံဖော်တာ ဖြစ်ပါတယ်။ ဈေးကွက်ရှယ်ယာတွေကို တိုးပွားအောင် ဆောင်ရွက်ခြင်း၊ Idea အသစ်များထုတ်ဖော်ခြင်း၊ အောင်မြင်မှုကို ထိန်းသိမ်းခြင်းတွေ ပါဝင်ပါတယ်။ ဒါ့အပြင် နည်းပညာ၊ ကြိုတင်မှန်းဆမှုနှင့် ရေရှည်စီမံကိန်းရေးဆွဲ

ဦးဝင်းအောင်
ဥက္ကဋ္ဌ (ကုန်သည်/စက်မှုအသင်းချုပ်)

ခြင်းတွေကလည်း Marketing ရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းဖြစ်ပါတယ်။

**မေး။ ကျွန်မတို့ ပြည်တွင်းက လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေကို ကမ္ဘာ့ဈေးကွက်မှာ တွင်ကျယ်လာစေဖို့ ဆိုရင် အမြန်ဆုံးနဲ့ အလွယ်ကူဆုံး နည်းလမ်းတွေက ဘာတွေဖြစ်မလဲ။**

ဖြေ။ ကျွန်တော် သိသလောက် ပြောရရင် မြန်မာနိုင်ငံက လုပ်သားပေါပါတယ်။ အရင်းအနှီး ထိုက်သင့်ရှိနဲ့ ရင်းနှီးမြှုပ်နှံနိုင်တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ အခုဆိုရင် အာဆီယံ၊ အိမ်နီးချင်း နိုင်ငံတွေနဲ့လည်း ကုန်သွယ်မှုတွေ တိုးမြှင့်လာဦးမှာပါ။ နိုင်ငံတကာက လုပ်ငန်းကြီးတွေဟာလည်း စတင်တည်ထောင်ခါစမှာ အခက်အခဲတွေနဲ့ ကြုံတွေ့ရစမြဲပါ။ အခြားတိုင်းပြည်တွေထက် ကုန်ကျစရိတ်သက်သာအောင် စီစဉ်ပံ့ပိုးပေးမယ်ဆိုရင် ထုတ်ကုန်ဈေးနှုန်းတွေ ကျဆင်းလာမယ်။ ဒါဆိုရင် ဈေးသက်သက်သာသာနဲ့ အရေအတွက်များများထုတ်ပေးခြင်း နည်းလမ်းတွေနဲ့ အာဆီယံကို အသာစီးယူနိုင်ပါလိမ့်မယ်။ သို့သော် လိုအပ်ချက်တွေရှိတယ်။ ဥပဒေတွေ၊ ဘဏ်စနစ်၊ စက်မှုဇုန်မဖွံ့ဖြိုးမှု၊ နည်းပညာလိုအပ်ချက်၊ အွန်လိုင်းမီဒီယာ လိုအပ်ချက်၊ Social Marketing တွေ အများကြီး သင်ယူလေ့လာ ဖြည့်ဆည်းဖို့ လိုအပ်နေပါသေးတယ်။ ဥပမာ ပြောရရင် စိုက်ပျိုးရေးထွက်ကုန်တွေ တာဝန်ခံဖြန့်ဖြူးပေးမယ့် အခြေအနေမျိုး၊ ကြော်ငြာဈေးကွက်အနေအထားမှာလည်း ပြည်တွင်း Printing Media တွေသာမက Television Media တွေအပြင် Social Media တွေမှာပါ ဖြန့်ကြက်ကြော်ငြာထားနိုင်အောင် ကြော်ငြာအားကို ရယူရမှာဖြစ်ပါတယ်။

**ဦးဝင်းအောင် ဥက္ကဋ္ဌ (ကုန်သည်/စက်မှုအသင်းချုပ်)**

**မေး။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း SMEs တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် Marketing က အရေးပါတာကို တွေ့ရပါတယ်။ ပြည်တွင်း SMEs တွေအတွက် Marketing Knowledge တွေ ပေးနိုင်ပြီလားဆရာ။**

ဖြေ။ ကျွန်တော်တို့ အမြဲတမ်းပြောဆိုနေကြတာ Market Developing အကြောင်းပါ။ ကျွန်တော်တို့ရဲ့ SMEs တွေ မပြောနဲ့၊ ကျွန်တော်တို့မြန်မာနိုင်ငံကိုတောင် Global မှာ လူသိများဖို့ ကြော်ငြာနေရတာ မဟုတ်လားခင်ဗျာ။ စီးပွားရေးမှ မဟုတ်ပါဘူး။ အခြားကဏ္ဍအားလုံးမှာလည်း ကြော်ငြာမှသာ လူသိများမှာမို့ Marketing စနစ် လိုအပ်ပါတယ်။ ဒါ့အပြင် Apply ပုံမှန်လုပ်ပေးဖို့လည်း လိုအပ်ပါတယ်။

**မေး။ စနစ်ကျတဲ့ ဈေးကွက်မြှင့်တင်ရေးတစ်ခုမှာ ဘာတွေလိုအပ်လဲဆရာ။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ Technic တွေက ကျွန်မတို့ နိုင်ငံမှာရော အသုံးဝင်ပါသလား။**

ဖြေ။ အတူတူပါပဲ။ ကျွန်တော်တို့နဲ့

စာမျက်နှာ-၁၂ သို့

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၉-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် အမှတ် (၂၃)၊ ဦးအောင်မြတ်လမ်း၊ LAKEVIEW TOWER မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၌ Ayeyar Myanmar Insurance Co., Ltd. (AMI) အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်များစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

ASIA MYINT GROUP CO., LTD.

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

*စာမျက်နှာ ၁၁ မှ*

အခြေခံအားလုံးတူပါတယ်။ သို့သော် ကျွန်တော်တို့ရဲ့ အားနည်းချက်က 'စနစ်'ပေါ့လေ။ စနစ်ကို ကျကျနန မထူထောင်နိုင်သေးတော့ နိုင်ငံတကာစံနှုန်းညီဖို့ရာမှာ နောက်ကျနေရတယ်။ နိုင်ငံတကာမှာ ဈေးကွက်သုတေသနဆိုတာ သိပ်ကျယ်ပြန့်တယ်။ ကျွန်တော်တို့ဆီမှာအခုမှအစပဲရှိသေးတယ်။ Plan usus လုပ်တာမျိုးထက် အဆင်ပြေအောင် လုပ်နေရတာတွေရှိတယ်။ နိုင်ငံတော်ကလည်း ပြုပြင်မယ်။ လုပ်ငန်းရှင်တွေကလည်း ညီညွတ်မယ်ဆိုရင် တော့ Marketing ၃. ၀က မြန်မာနိုင်ငံအတွက် အံအဝင်ဆုံး ဖြစ်လာမှာပါ။

**မဝင်းဝင်းတင့်**

မန်နေဂျင်းဒါရိုက်တာ (City Mart Holding Co.,Ltd. )

မေး။ ။ အောင်မြင်နေတဲ့ စီးပွားရေး လုပ်ငန်းတစ်ခုကို ဦးဆောင်နေရတယ်။ နောက်ပြီး Customer နဲ့ တိုက်ရိုက်ဆက်သွယ်နေရတာ Supermartet တွေကို စွန့်ဦးလုပ်ဆောင်ခဲ့တဲ့အပေါ် Marketing Plan ဘယ်လောက်ထားရှိဆောင်ရွက်ခဲ့ပါသလဲ။

ဖြေ။ ။ ကျွန်မတို့အနေနဲ့ City Mart Supermarket ဖွင့်ကတည်းက Marketing Plan ကို အရင်ဆုံး စဉ်းစားခဲ့ပါတယ်။ ကျွန်မရဲ့ ကုန်စည်တွေကို ဝယ်ယူမယ့် ဈေးကွက်၊ စားသုံးသူ စတာတွေကို စနစ်တကျရွေးချယ်ခဲ့တယ်။ အခုနောက်ပိုင်းမှာ အခြားကုန်တိုက်တွေ အများကြီးပေါ်ထွက်လာခဲ့တယ်။ ဒါကြောင့်ဈေးကွက်ရဲ့အခြေအနေကို အမြဲတမ်းလေ့လာစောင့်ကြည့်ရတာရှိပါတယ်။ အမြဲတမ်းအတွက် Marketing Plan တွေကို ချမှတ်ပြောင်းလဲနေရပါတယ်။ ရာသီအလိုက် ဈေးရောင်းပွဲတော်တွေ လုပ်ပေးတာ၊ ကုန်စည်တွေ လက်ဆောင်ပေးတာမျိုးအပြင် Gold ကတ်၊ Diamond ကတ်စတာတွေလုပ်ပေးတာမျိုးအစရှိသဖြင့် ဈေးကွက်ရှာဖွေနေရပါတယ်။ Supermarket လုပ်ငန်းတွေကို အဓိကလုပ်ကိုင်လို့ အားနည်းချက်၊ အားသာချက်၊ ကုန်စည်စီးဆင်းမှု စတာတွေကို အမြဲတမ်း မျက်ခြည်မပြတ်ဘဲ ကိုယ့်ရဲ့ Organization ကို ပိုပြီး Upgrade ဖြစ်အောင် လုပ်နေရတာလည်း Marketing ပဲဖြစ်ပါတယ်။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၃-၂၀၁၄

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန်ရွှေဈေး | ၁၆ ပဲရည် | တစ်ကျပ်သား | ၆၈၃၀၀၀ |
| ရန်ကုန်ရွှေဈေး | ၁၅ ပဲရည် | တစ်ကျပ်သား | ၆၄၂၈၀၀ |
| မန္တလေးရွှေဈေး | ၁၆ ပဲရည် | တစ်ကျပ်သား | ၆၈၂၉၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၈၀ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၂-၁၃၄၀ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၀ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၅-၃၀. ၇ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅. ၃-၁၅. ၈ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇-၁၆၂ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀-၃၀၀ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၀၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၀၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၅၀၀၀-၇၅၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၆၈၀၀-၈၅၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၂၅၀၀-၁၉၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၈၀၀၀-၁၈၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၅၀၀-၁၂၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၅၀၀ | ကျပ် |
| ၁၀။အမဲ | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ | ကျပ် |
| ၁၁။ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

## အငှားယာဉ်တစ်စီး အလိုအလျောက်မီးလောင်

**ရန်ကုန် မတ် ၉**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ပြည်လမ်းမကြီးပေါ် အငှားယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန် ပြည်လမ်းမကြီးအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော DD---- ပါရိုဘောက်စ် အဖြူရောင်အငှားယာဉ်သည် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း စက်ဘီး၊ မော်တော်ဆိုင်ကယ်ယာဉ်အပိုပစ္စည်း အရောင်းဆိုင်ခန်းများဝင်းအနီးပြည်လမ်းမကြီးပေါ်ရှိ အင်းဝဘဏ်ရှေ့အရောက်၌ အင်ဂျင်အပူလွန်ကဲကာ ယနေ့ ညနေ ၄ နာရီမိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ အင်းစိန်မြို့နယ်ရှိ မီးသတ်စခန်းမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် သတင်းရရှိပြီး မီးငြိမ်းသတ်စခန်းမှ သုံးစီး၊ သန္ဓေမီးသတ် ၁၀ ဦး၊ အရန်မီးသတ် ခုနစ်ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ၄ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်စဉ် ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပိုင်ရှင် စုံစမ်းလျက်ရှိကြောင်း၊ ယာဉ်ပေါ်ခရီးသည် တစ်ဦးတစ်ယောက်မျှ မပါရှိကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၆၀ ဖြစ်ကြောင်း အင်းစိန်မီးသတ်စခန်းအရာရှိတစ်ဦးထံမှ သိရသည်။

မီးသတ်စခန်းတာဝန်ရှိသူတစ်ဦးက မော်တော်ယာဉ်များပေါ်တွင် အရေးပေါ်အသုံးပြုရန် မီးသတ်ဆေးဘူးထားသင့်ကြောင်း အသိပေးပြောကြားသည်။ **(၀၁၅)**

## ခရိုင်အဆင့် သန်းခေါင်စာရင်းနည်းပြသင်တန်းဖွင့်

**စစ်တွေ မတ် ၉**

၂၀၁၄ ခုနှစ် မတ် ၃၀ မှ ဧပြီ ၁၀ ရက်အထိ ကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ခရိုင်အဆင့်သန်းခေါင်စာရင်း နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီခွဲက စစ်တွေမြို့ ခရိုင်အထွေထွေဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ စစ်တွေခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးနေထွန်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ စစ်တွေခရိုင်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်တွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတင်မြင့်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းတက်ရောက်မည့် ဆရာ၊ ဆရာမများ စုံညီစွာ တက်ရောက်ကြသည်။

၎င်းသင်တန်းသို့ စစ်တွေခရိုင်ရှိ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အပါအဝင် ငါးမြို့နယ်မှ သင်တန်းသား ၉၇ ဦးကို မတ် ၆ ရက်မှ ၁၁ ရက်ထိ ခြောက်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

"ကျွန်မတို့ သင်တန်းနည်းပြဆရာ၊ ဆရာမတွေက ယခုသင်တန်းတက်ရောက်ရန်လာကြတဲ့ ဆရာ၊ ဆရာမတွေကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနဲ့ဆိုင်တဲ့ မေးခွန်း (၄၁)ချက်နှင့် အဖွဲ့အစည်းများကို ကောက်ယူမယ့်အချက် (၁၁)ချက်ကို သင်တန်းဆရာအဖြစ် သင်ကြားနိုင်အောင် သင်ကြားပို့ချပေးသွားမှာ ဖြစ်ပါတယ်"ဟု ခရိုင်နည်းပြအဖြစ် သင်ကြားပို့ချသွားမည့် ပုဏ္ဏားကျွန်းမြို့နယ်မှ အလယ်တန်းပြဆရာမ ဒေါ်ခင်သန်းဦးက ပြောသည်။

**ကိုကြီးစော**

# မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများ ဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ရန်ကုန်တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ် အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်း ရှိ/မရှိ ကို စုံစမ်းနိုင်ပါကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

| စဉ် | ကော်မတီအမည် | တည်နေရာ | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၀၁-၂၂၁၀၃၀ |
| ၂ | အရှေ့ပိုင်းခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၇၉၀၀၃ |
| ၃ | အနောက်ပိုင်းခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၁၄၉၆၈ |
| ၄ | တောင်ပိုင်းခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၅၆-၂၁၁၀၄ |
| ၅ | မြောက်ပိုင်းခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၄၂၂၂၉ |
| ၆ | တာမွေမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၄၅၄၂၂ |
| ၇ | တောင်ဥက္ကလာပမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၆၀၅၇၄ |
| ၈ | ဒဂုံဆိပ်ကမ်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၉၃၃၆၀ |
| ၉ | ဒဂုံတောင်ပိုင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၉၀၂၇၄ |
| ၁၀ | ဒဂုံမြောက်ပိုင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး | ၀၁-၅၈၄၁၂၄ |
| ၁၁ | ဒဂုံအရှေ့ပိုင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၈၅၀၄၈ |
| ၁၂ | ဒေါပုံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၅၄၉၃၆ |
| ၁၃ | ပုဇွန်တောင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၉၁၅၇၉ |
| ၁၄ | ဗိုလ်တထောင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၃၉၂၂၁၇ |
| ၁၅ | မင်္ဂလာတောင်ညွန့်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၅၅၆၆၇ |
| ၁၆ | မြောက်ဥက္ကလာပမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၉၆၉၉၄၀၈ |
| ၁၇ | ရန်ကင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၄၃၃၃၄ |
| ၁၈ | သာကေတမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၅၆၈၆၈ |
| ၁၉ | သယ်န်းကျွန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၆၂၈၁၈ |
| ၂၀ | ကမာရွတ်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၃၇၆၀၅ |
| ၂၁ | ကြည့်မြင်တိုင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၃၆၂၄၂ |
| ၂၂ | ကျောက်တံတားမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၃၉၁၄၄၆ |
| ၂၃ | စမ်းချောင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၁၀၆၄၈ |
| ၂၄ | ဆိပ်ကမ်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၂၃၁၀၃ |
| ၂၅ | ဒဂုံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၃၇၂၃၄၅ |
| ၂၆ | ပန်းဘဲတန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၃၇၉၅၁၅ |
| ၂၇ | ဗဟန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၄၅၂၈၅ |
| ၂၈ | မရမ်းကုန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၆၀၅၅၅ |
| ၂၉ | လသာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၅၀၈၈၇ |
| ၃၀ | လှိုင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၅၁၉၅၃၈ |
| ၃၁ | လမ်းမတော်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၂၁၉၃၀ |
| ၃၂ | အလုံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၂၁၂၃၃ |
| ၃၃ | သန်လျင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၅၆-၂၁၁၀၅ |
| ၃၄ | ကျောက်တန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၅၆-၂၅၀၀၃ |
| ၃၅ | သုံးခွမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၅၆-၄၀၀၀၂ |
| ၃၆ | ခရမ်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၅၆-၃၀၀၀၃ |
| ၃၇ | တွံတေးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၄၅-၅၀၄၄၅ |
| ၃၈ | ကော့မှူးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၆၄၀၀၅ |
| ၃၉ | ကွမ်းခြံကုန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၆၅၀၁၁ |
| ၄၀ | ဒလမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၆၉၀၃၀ |
| ၄၁ | ဆိပ်ကြီးခနောင်တိုမြို့နယ် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၂၆၈၀၂၅ |
| ၄၂ | ကိုကိုးကျွန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၃၈၁၂၉၆ |
| ၄၃ | တံတားမြို့နယ်ခွဲ မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၅၆-၄၀၄၄၄ (လိုင်းခွဲ-၁၁၄၄) |
| ၄၄ | အင်းစိန်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၄၂၂၃၁ |
| ၄၅ | မင်္ဂလာဒုံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၁၉၅၀၃ |
| ၄၆ | ရွှေပြည်သာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၁၀၆၆၃ |
| ၄၇ | လှိုင်သာယာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၄၅၀၁၃ |
| ၄၈ | လှည်းကူးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၂၉၀၀၁ |
| ၄၉ | မှော်ဘီမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၂၀၀၂၉ |
| ၅၀ | တိုက်ကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၅၅-၂၀၀၀၆ |
| ၅၁ | ထန်းတပင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး | ၀၁-၆၁၉၀၅၂ |

**ကားရောင်းမည်(ပွဲစားမလို)**

Honda Legend၊ Model-98၊ နံပါတ် 1B၊ အိမ်စီးကားသန့် (အလုံးချိန်းနီးပါးသန့်)၊ ဘယ်မောင်း၊ Leathers Seat၊ Auto (Ph-09-250795641၊ 09-31064820)

**ပျောက်ဆုံးခြင်း**

ကျွန်မနော်ရည်မွန် (ဘ)ဦးခင်မြ ၁၄/ကကထ(နိုင်)၁၃၆၁၂၈၏ နိုင်ငံကူးလက်မှတ် အမှတ် M-629579 သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၃၇၄၀၅

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**
**နေပြည်တော်**

## တင်ဒါခေါ်ယူခြင်းကိစ္စ

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန အောက်ပါလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **Hybrid IP PBX System (Co3+Ext:16)**

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၃-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆**

**မြေရောင်းရန်(ပွဲစားမလို)**

၁။ မှော်ဘီ အထက(၂) ရှေ့၊ ပြည်လမ်းမအနီး (ပေ ၅၀× ပေ ၆၀)(ဂရန်မြေ)သိန်း ၃၅၀။
၂။ မှော်ဘီဥယျာဉ်ခြံမြေ ၇ဧက၊ သိန်း ၂၄၅၀။
၃။ ပုဂံဟိုတယ်ဇုန်(၄) ၅ဧက၊ သိန်း ၁၇၅၀။

**ဖုန်း-၀၉-၄၂၃၆၆၀၆၀၂**
**Email : Vtchit @ gmail.com**

ကြော်ငြာ

ရွှေနန်းတော်စိန်ရွှေရတနာလုပ်ငန်းစု၏ပထမဦးဆုံးခြေလှမ်းသစ်
ဘိုးဘွားပိုင်မြေတစ်ခုပေါ်တွင်တည်ဆောက်ပေးမည့် အထပ်ပေါင်း(၂၈)ထပ်၊ အခန်းပေါင်း(၃၆၀)ခန်းပါရှိမည့်
ကမ္ဘာ့အဆင့်မီကွန်ဒိုမီနီယံနှင့် SERVICED RESIDENCE ပါရှိသော မြန်မာနိုင်ငံ၏ အထင်ကရ အိမ်ရာစီမံကိန်း
DEVELOPED BY:
UNITED
Development by
ရွှေနန်းတော်စိန်ရွှေရတနာလုပ်ငန်းစု
68 RESIDENCE
WE DEFINE LIFESTYLE
◆ ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏ အထင်ကရနေရာ)
◆ တမူထူးခြားဆန်းပြားသောဗိသုကာဒီဇိုင်း
◆ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Infinity Sky Swimming Pool & Garden
◆ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံ အသုံးပြုနိုင်သည့် Dual Key system Unit များ
◆ အပူဒါဏ် နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Low E-glass system
◆ တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်း တွဲလျက်ပါရှိမည့် Duplex System
◆ အဆင့်မြင့် Main Door နှင့်လုံခြုံရေး Finger Print Access system
◆ အဆင့်မြင့်မီးဘေး အန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်
◆ ကမ္ဘာ့အဆင့် Condominium နှင့် Serviced Residence စီမံခန့်ခွဲမှု
◆ 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
◆ အခန်းတိုင်းအတွက် လုံလောက်သော Car Parking များ
◆ International စားသောက်ဆိုင်များ
◆ LED သုံးစွဲပါရှိခြင်း
◆ Magic glass များထားရှိပေးခြင်း
◆ သင့်တင့်မျှတသောဈေးနှုန်း
◆ အကောင်းဆုံးတကာ့အကောင်းဆုံး ဝန်ဆောင်မှုများ
68 RESIDENCE
LOCATION MAP
68 RESIDENCE
SHOWROOM (COMING IN JUNE): 44A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
PH: 09 4202 88025, 09 4253 10993, 09 730 40513

# အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၅ ခုနှစ်၊ လ ရက်**
**(၂၀ ခုနှစ်၊ လ ရက်)**

၁။ ဤဥပဒေကို **အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ၏ ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲ(က) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်အပါအဝင် ပြည်ထောင်စု နယ်မြေတစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** အတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-"

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥက္ကဋ္ဌ **နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့**က တာဝန်ပေးအပ်သူတစ်ဦး"

၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **နေပြည်တော် သို့မဟုတ် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့**သည် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ခြင်းအပါအဝင် အခြားလိုအပ်သည့် ကိစ္စရပ်များအား ဆောင်ရွက်ရမည်။"

၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ဝန်ကြီးဌာနသည် **နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု** သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ အဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။"

၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"၄၃-က။ ပုဒ်မ ၃၇ပါ လိုက်နာရန်တာဝန်ရှိသူ မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။"**

၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ကို **"သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ တွင်ပါရှိသော "ငွေဒဏ်ကျပ်သုံးသောင်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ကို " **ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ကို **"ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**"၄၈-က။ ပုဒ်မ ၃၇ ပါလိုက်နာရန်တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါက အဆိုပါ ချမှတ်သည့် ငွေဒဏ်မှ သင့်လျော်သောငွေကို လျော်ကြေးအဖြစ် နစ်နာသူအားထုတ်ပေးရမည်။"**

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်း

**ရွှေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့်လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**
**၁၃၇၅ ခုနှစ်၊ လ ရက်**
**(၂၀၁၄ ခုနှစ်၊ လ ရက်)**

**နိဒါန်း**

တန်ဖိုးကြီးမားသည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများ လေယာဉ်နှင့် လေယာဉ်ပစ္စည်းကိရိယာများ၊ စီးပွားရေးအထောက်အကူပြုအခြားသယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာများကို တိကျရှင်းလင်းသည့်ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့်အညီ ရယူခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့်သုံးစွဲခြင်းတို့ ပြုနိုင်ရေးအတွက် လည်းကောင်း၊ အဆိုပါ ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ပြည်တွင်းပြည်ပအပြန်အလှန်စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်သည့် အကျိုးစီးပွားများကို နိုင်ငံတကာအသိအမှတ်ပြုပြီး အကာအကွယ်ပေးနိုင်ရေးအတွက် လည်းကောင်း၊ ထိုသို့အကာအကွယ်ပေးနိုင်ရန် နိုင်ငံတကာမှတ်ပုံတင်စနစ် တည်ထောင်၍ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံတော်က သဘောတူလက်ခံခဲ့ပြီး ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အဖွဲ့ဝင်ဖြစ်ခဲ့သည့် ၂၀၀၁ ခုနှစ် နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သော ရွှေ့လျားနိုင်သည့် ပစ္စည်းကိရိယာများဆိုင်ရာ ကွန်ဗင်းရှင်း **(ကိပ်တောင်းကွန်ဗင်းရှင်း)** နှင့်ယင်းကွန်ဗင်းရှင်း၏ နောက်ဆက်တွဲလေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ ပရိုတိုကောလ် **(ကိပ်တောင်း ပရိုတိုကောလ်)** တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လာသောကြောင့် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို **ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာ သီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ကွန်ဗင်းရှင်း** ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူအတည်ပြုပြဋ္ဌာန်းသည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ကွန်ဗင်းရှင်းကို ဆိုသည်။

(ခ) **နောက်ဆက်တွဲ ပရိုတိုကောလ်** ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူ အတည်ပြုပြဋ္ဌာန်းသည့် လေယာဉ် ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ်ကို ဆိုသည်။

(ဂ) **ပထမဇယား** ဆိုသည်မှာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ပထမဇယားအဖြစ် အသေးစိတ် ဖော်ပြထားသည့် ဇယားကို ဆိုသည်။

(ဃ) **ဒုတိယဇယား** ဆိုသည်မှာ နောက်ဆက်တွဲ ပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ဒုတိယဇယားအဖြစ် အသေးစိတ် ဖော်ပြထားသည့် ဇယားကို ဆိုသည်။

(င) **ကြေညာချက်** ဆိုသည်မှာ ကွန်ဗင်းရှင်းအရဖြစ်စေ၊ နောက်ဆက်တွဲ ပရိုတိုကောလ်အရဖြစ်စေ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြုလုပ်သော ကြေညာချက်ကို ဆိုသည်။

(စ) **လေယာဉ်ပစ္စည်း** ကိရိယာများ ဆိုသည်မှာ နောက်ဆက်တွဲ ပရိုတိုကောလ်၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ)တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း လေယာဉ်ကိုယ်ထည်များ၊ လေယာဉ် အင်ဂျင်များနှင့် ရဟတ်ယာဉ်များကို ဆိုသည်။

(ဆ) **တရားရုံး** ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၊ အပိုဒ်ခွဲ (ဇ)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အလို့ငှာ ကွန်ဗင်းရှင်း အပိုဒ် ၁၃ ပါ သက်သာခွင့်များ တောင်းဆိုမှုနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကိုသော်လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းသော တရားရုံးတစ်ခုခုကိုသော်လည်းကောင်း၊ တည်ဆဲဥပဒေအရ တည်ထောင်သည့် အနုညာတ ခုံသမာဓိရုံးတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဇ) **ကြွေးမြီရှင်** ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၊ အပိုဒ်ခွဲ (ဈ) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း ငွေကြေးအာမခံချက် သဘောတူညီချက်အရ ကြွေးမြီရပိုင်ခွင့်ရှိသူကိုသော်လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့် ရောင်းချသူကို သော်လည်းကောင်း၊ အငှားစာချုပ်အရ ငှားရမ်းသူကိုသော်လည်းကောင်း ဆိုသည်။

(ဈ) **ကြွေးမြီပေးဆပ်ရမည့်သူ** ဆိုသည်မှာ ကွန်ဗင်းရှင်းအပိုဒ် ၁၊ အပိုဒ်ခွဲ (ည) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ငွေကြေးအာမခံချက် သဘောတူညီချက်အရ ကြွေးမြီပေးဆပ်ရမည့်သူကို သော်လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့် ဝယ်ယူသူကို သော်လည်းကောင်း၊ အငှားစာချုပ်အရ အငှားယူသူကို သော်လည်းကောင်း၊ မှတ်ပုံတင်နိုင်သည့် သဘောမတူသော အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားဖြစ်ပစ္စည်းတစ်ခုခုတွင် အကျိုးအမြတ်ပေးဆပ်ရန် တာဝန်ရှိသောသူကိုသော်လည်းကောင်း ဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ (၁)ကို အထောက်အထားပြု၍ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဌ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ကွန်ဗင်းရှင်းအပိုဒ် ၁၇၊ အပိုဒ်ခွဲ (၂) ကို အထောက်အထားပြု၍ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်တာဝန်ပေးခြင်းခံရသောအရာရှိကို ဆိုသည်။

**အခန်း(၂)**
**ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ ဥပဒေအာဏာသက်ရောက်ခြင်း**

၃။ ပုဒ်မ ၄ ပါ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ ကွန်ဗင်းရှင်း သို့မဟုတ် နောက်ဆက်တွဲ ပရိုတိုကောလ်နှင့် အညီပြုလုပ်ထားသည့် ကြေညာချက်များကို အထောက်အထားပြု၍ ပထမဇယားဖြင့် ဖော်ပြထားသော ကွန်ဗင်းရှင်းနှင့် ဒုတိယဇယားဖြင့်ဖော်ပြထားသော နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေကဲ့သို့ အာဏာသက်ရောက်စေရမည်။

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့်-

(က) ကွန်ဗင်းရှင်းကိုဖြစ်စေ၊ နောက်ဆက်တွဲပရိုတိုကောလ်ကိုဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံသည့်အချိန်တွင် ထိုကွန်ဗင်းရှင်း သို့မဟုတ် နောက်ဆက်တွဲပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ကြေညာချက်များပြုလုပ်နိုင်သည်။

(ခ) ကွန်ဗင်းရှင်းကိုဖြစ်စေ၊ နောက်ဆက်တွဲပရိုတိုကောလ်ကိုဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံပြီးနောက် အဆိုပါပြဋ္ဌာန်းချက်များအကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက နောက်ဆက်တွဲကြေညာချက်များထပ်မံပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တို့ပါ ကြေညာချက်များကို ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း(၃)**
**ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်အရာရှိခန့်အပ်ခြင်း**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ကွန်ဗင်းရှင်းနှင့်နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်စေလျက် အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို ထည့်သွင်းသတ်မှတ်၍ဖွဲ့စည်းရမည်။ လိုအပ်ပါက ဒုတိယ ဥက္ကဋ္ဌနှင့်တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့သည် ကွန်ဗင်းရှင်းနှင့်နောက်ဆက်တွဲ ပရိုတိုကောလ်တို့၌ ပါရှိသော-

(က) တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

(ခ) မှတ်ပုံတင်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနမှ သင့်လျော်သောအရာရှိတစ်ဦးကို မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ ကြီးကြပ်ရေးအာဏာပိုင် အဖွဲ့နှင့်မှတ်ပုံတင်အရာရှိတို့သည် ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါအထူးအခွင့်အရေးနှင့် ကင်းလွတ်သက်သာခွင့်များကို ခံစားခွင့်ရှိစေရမည်။

**အခန်း(၄)**
**အထွေထွေ**

၈။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ပထမဇယားနှင့် ဒုတိယဇယားတို့၌ ဖော်ပြထားသော ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

၉။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများကိုဖြစ်စေ၊ လေယာဉ်ပစ္စည်း ကိရိယာများကိုဖြစ်စေ အပေါင်အနှံပြုလုပ်ခြင်း သို့မဟုတ် ကြွေးမြီတာဝန်ရှိခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီမှတ်ပုံတင်ပါက မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၀၉ နှင့် ပုဒ်မ ၁၀၉-က တို့ပါ ထိုကိစ္စအတွက် မှတ်ပုံတင်ရန် ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ သက်ဆိုင်ရာ တရားရုံးသည် ကြွေးမြီရှင်က ကြွေးမြီပေးဆပ်ရမည့်သူအပေါ် သက်သာခွင့်တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ တည်ဆဲမြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်လူမွဲစာခံခြင်းအက်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ကြွေးမြီပေးဆပ်ရမည့်သူက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ တွင်ဖြစ်စေ၊ လူမွဲစာခံယူသည့်အခါတွင်ဖြစ်စေ ဤဥပဒေပါ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် စီရင်ဆုံးဖြတ်ရမည်။

၁၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ညီညွတ်မှုမရှိသော သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့၊ဝန်ကြီးဌာနနှင့်လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

ဥပဒေကြမ်းနှင့်ပြည်တွင်းသတင်း

# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်**
**အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၅ ခုနှစ်၊ လ ရက်**
**(၂၀၁၄ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင်-

(က) ပုဒ်မ ၁၊ ပုဒ်မခွဲ(၂)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစားအားလုံးနှင့် သက်ဆိုင်စေရမည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ(၂)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) **ခွင့်ရက်** ဆိုသည်တွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင် ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ပါဝင်သည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ(၄)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၄) **အလုပ်သမား** ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့် အမြဲတမ်းအလုပ်သမား အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကိုဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့ မပါဝင်ချေ-

(က) ကိုယ်ပိုင်အလုပ်ကို သို့မဟုတ် ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းကို သို့မဟုတ် စီးပွားရေးလုပ်ငန်းကို သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာနကို လုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ အိမ်ထောင်စုသားများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းက ဖြစ်စေ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ ရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့် ရရှိသူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့် အစောင့်၊

(ဃ) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့်သော်လည်းကောင်း၊ လစာငွေနှင့်သော်လည်းကောင်း ပေးရန်ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များရရှိသော နိုင်ငံ့ဝန်ထမ်းများ၊ **ရှင်းလင်းချက်။ "အလုပ်ရှင်၏အိမ်ထောင်စုသား"** ဆိုသည်မှာ အလုပ်ရှင်၏မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို(အရင်း)၊ ညီအစ်မ (အရင်း) နှင့် မောင်နှမ (အရင်း)တို့ကို ဆိုသည်။"

(ဃ) ပုဒ်မ(၂)ပုဒ်မခွဲ(၇)၌ပါရှိသော **မှတ်ပုံဝင်ဆရာဝန်** ဆိုသည့် စကားရပ်ကို **မှတ်ပုံတင်ဆရာဝန်** ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ **မြန်မာနိုင်ငံ ဘယဆေးဆိုင်ရာအက်ဥပဒေ** ဆိုသည့် စကားရပ်ကို **မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေ** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **နိုင်ငံတော်သမတ** ဆိုသည့် စကားရပ်ကို **ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ(၈)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(၈) **အလုပ်ပိတ်ရက်** ဆိုသည်မှာ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်တို့ကိုဆိုသည်။"

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(၁)နှင့် ပုဒ်မခွဲ(၂)တို့၌ ပါရှိသော **အများအလုပ်ပိတ်ရက်** ဆိုသည့် စကားရပ်ကို **အများပြည်သူ အလုပ်ပိတ်ရက်** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (၁)၌ ပါရှိသော **ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ** ဆိုသည့် စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ် ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ(၄)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(၄) အလုပ်ရှင်သည်အလုပ်သမားများအား ရက်သတ္တပတ်လျှင် တစ်ရက်ထက်မနည်းသော ရက်သတ္တပတ်အလုပ်ပိတ်ရက်ကို စီစဉ်ဆောင်ရွက်ပေးရမည်။ ရက်သတ္တပတ်တွင် တနင်္ဂနွေနေ့ကိုသော်လည်းကောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတို့ကြိုတင်သဘောတူညီမှုဖြင့် ရက်သတ္တပတ်တွင် အခြားနေ့ရက် တစ်ရက်ရက်ကိုသော်လည်းကောင်း ရက်သတ္တပတ်အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ရမည်။"

၆။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၆၊ပုဒ်မခွဲ (၂)၌ ပါရှိသော **မှတ်ပုံဝင်ဆရာဝန်** ဆိုသည့်စကားရပ်ကို **မှတ်ပုံတင်ဆရာဝန်** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၃)ကို ပယ်ဖျက်ရမည်။

၈။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၇၏ နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၇-က။ ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများအား မီးမဖွားမီ ရက်သတ္တပတ်(၆)ပတ်နှင့်မီးဖွားပြီးရက်သတ္တပတ်(၈)ပတ်ကို သက်ဆိုင်ရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။

၉။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ၁၂၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **နိုင်ငံတော်သမတ** ဆိုသည့်စကားရပ်ကို **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ၁၃၌ ပါရှိသော **နိုင်ငံတော်သမတ** ဆိုသည့်စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ၁၇ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၁၈ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပါ ဇယားကို ပယ်ဖျက်ရမည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်း ဖြစ်ပါသည်။**

# ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီသို့ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

**ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှု အခြေအနေများ**

၁။ **ဧရာဝတီမြစ်ကူးအင်းဝတံတား၏ အောက်ဘက် နှစ်မိုင်ခန့်အကွာ နောက်ကြည့်ကျွန်းကျေးရွာအထိ ဧရာဝတီမြစ်အတွင်း သဲသောင်များ ပေါ်ထွန်းနေသဖြင့် သောင်တူးစက်ဖြင့် တူးဖော်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နှစ်စဉ် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများ၊ ကုန်စည်စီးဆင်းမှုချောမွေ့ရေးလုပ်ငန်းများ၊ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်လျက်ရှိပါသည်။ ဧရာဝတီမြစ်ကူးအင်းဝတံတား၏ အောက်ဘက်မှ နောက်ကြည့်ကျွန်းရွာအထိ ရေလမ်းအခြေအနေကို ယခုနှစ်တိုင်းတာထားသော ရေပုံများအရ အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ ယခုနှစ်တွင် အဓိကရေလမ်းကြောင်းမှာ စစ်ကိုင်းမြို့ တစ်ဖက်ကမ်းတောင်တော်ကျေးရွာဘက်မှ ကပ်၍ စီးဆင်းပြီး မီးသွေးတိုက်ရွာအနီးမှစ၍ တောင်ဘက်မှ မြောက်ဘက်သို့ ပြောင်းလဲစီးဆင်းပါသည်။ ရေနက်ကြောင်းတစ်လျှောက် အနည်းဆုံးရေအနက်မှာ ရေစစ်အောက် အနည်းဆုံး သုံးမီတာရှိပြီး အများဆုံး ၁၃ဒသမ၂ မီတာရှိပါသည်။ ရေနည်းချိန်ရေစူးကန့်သတ်ချက်မှာ ငါးပေ၊ ၁ဒသမ ၇မီတာ ဖြစ်၍ ရေယာဉ်များအခက်အခဲမရှိ သွားလာနိုင်ပါသည်။ အင်းဝတံတား၏ အောက်ဘက်မီးသွေးတိုက်ရေလမ်းရှိ တောင်တော်ကျောက်တန်းအား ရေယာဉ်ကြီးများအန္တရာယ်ကင်းစွာ သွားလာနိုင်ရန် ရေမြုပ်ကျောက်ဖယ်ရှားခြင်းလုပ်ငန်းကို ၁၁-၁-၂၀၁၄ ရက်မှ ယနေ့အထိ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နောက်ကြည့်ကျွန်းကျေးရွာအထက်ဘက်ရှိ လက်ဆောင်ယူရေလမ်းတွင် ရေမြှောခွဲထွက်မှု၊ ရေကြောင်းပြန့်စီးဆင်းမှုတို့ကြောင့် နှစ်စဉ် ရေကြောင်းကျပ်တည်းလျက်ရှိခြင်းကို ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တို့တွင် ရေလမ်းဖွံ့ဖြိုးရေး ရေလွှဲရေကာများ တည်ဆောက်ပေးလျက်ရှိပါသည်။ အင်းဝတံတားအောက်ဘက်ရှိ သဲသောင်ဖြစ်ထွန်းမှုနှင့် ရေလမ်းအခြေအနေအား လေ့လာကြည့်ပါက ၁၉၈၅ ခုနှစ် မတိုင်မီကာလမှ ယနေ့ ၂၀၁၄ ခုနှစ်အထိ နှစ်ပေါင်း ၃၀ခန့်အနက် ရေကြောင်းပြောင်းလဲခြင်းမရှိကြောင်း တွေ့ရပါသည်။ ၁၉၄၆ ခုနှစ် မြေတိုင်းဦးစီးဌာနမှ ထုတ်ဝေသောမြေပုံတွင်လည်း စစ်ကိုင်းမြို့ရှေ့တွင် သဲသောင်ပြင် ပေါ်ထွန်းနေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၁၉၈၃ ခုနှစ်နောက်ပိုင်း မိမိဦးစီးဌာနမှ နှစ်စဉ်တိုင်းတာခဲ့သောမြေပုံများအရ စစ်ကိုင်းဆိပ်ကမ်း၏ရှေ့တွင် နှစ်စဉ်သောင်ခုံ ပေါ်ထွန်းလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ရာတွင် ၂၀၁၁ ခုနှစ် ရေနည်းရာသီမှစ၍ စစ်ကိုင်းဆိပ်ကမ်းရေလမ်းတွင် ပြောင်းလဲမှုအချို့ဖြစ်ပေါ်လာပါသည်။ ယင်းနှစ်တွင် အင်းဝတံတားမှ အောက်ဘက် ၂၀၀ မီတာအထိလည်းကောင်း၊ ၂၀၁၂ ခုနှစ် ရေနည်းရာသီတွင် ၆၀၀ မီတာခန့် အထိလည်းကောင်း၊ ၂၀၁၃ ခုနှစ် ရေနည်းရာသီတွင် ၁၀၅၀ မီတာ အထိလည်းကောင်း၊ ယခုနှစ်တွင် တံတားမှ အောက်ဘက်အထိ အလျား ၁၁၃၀ မီတာ ခန့်အထိလည်းကောင်း ရေဝင်ရောက်မှုပိုမိုလာကြောင်း တွေ့ရှိရပါသည်။ ယခုနှစ်တွင် အဓိကရေလမ်းကြောင်းဖြစ်သော တောင်ဘက်ရေလမ်းကြောင်း၏ ပျမ်းမျှအကျယ်မှာ ၂၁၀ မီတာရှိပြီး သတ်မှတ်ရေကြောင်းအတွင်း အနည်းဆုံးရေအနက် ရေစစ်မျဉ်းအောက် ၃ဒသမ ၀ မီတာ၊ အများဆုံး ရေအနက် ၁၃ဒသမ၁ မီတာရှိပါသည်။ ထို့အပြင် တောင်တော်ကျေးရွာအထက်ဘက်တွင် ရေကြောင်းကပ် စီးဆင်းသဖြင့် ကမ်းပြိုမှုဖြစ်ပေါ်လျက်ရှိပါသည်။ စစ်ကိုင်းဆိပ်ကမ်းရှေ့တွင် ရေစစ်ချိန် ရေကြောင်းအကျယ်မှာ အကျယ်ဆုံးနေရာတွင် ၁၅၀ မီတာရှိပြီး အလုပ်သမားရုံးနှင့် ဆက်သွယ်ရေးရုံးအကြားတွင် ရေစစ်မျဉ်းအောက် နှစ်မီတာထက်ပိုသော ရေအနက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် အချို့နေရာ၌ ရေလယ်ကျောက်ပြန့်အချို့ ပေါ်နေကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် စစ်ကိုင်းဆိပ်ကမ်းရေလမ်း၏ အောက်ဘက်အထွက်တွင် ရေမြုပ်ကျောက်ပြန့်ခုံများ တည်ရှိသဖြင့် ရေယာဉ်များ ချောမွေ့စွာသွားလာရေးအတွက် အခက်အခဲရှိနိုင်ပါသည်။ လက်ရှိအခြေအနေတွင် စစ်ကိုင်းမြို့တစ်ဖက်ကမ်း ရေလမ်းမှ အဓိကရေလမ်းကြောင်းဖြစ်ပေါ်နေပြီး စစ်ကိုင်းဆိပ်ကမ်းတွင်လည်း ရေရရှိလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သဲသောင်ပြင်ဖယ်ရှားရန်လုပ်ငန်းကိစ္စမှာ ကုန်ကျစရိတ်များပြားသည့် လုပ်ငန်းကြီးတစ်ခုဖြစ်ပါသည်။ သဲသောင်ပြင်ကြီးတွေဖြစ်ထွန်းခြင်းကြောင့် ကောင်းကျိုးနှင့် ဆိုးကျိုး နှစ်ခုဒွန်တွဲလျက်ရှိပါသည်။ ကောင်းကျိုးအနေဖြင့် သဲသောင်ပြင်တွေရှိတဲ့အတွက် ရေနည်းချိန်တွင် ရေကြောင်းပြန့်စီးဆင်းခြင်းမှ ကာကွယ်နိုင်ပြီး ရေလမ်းကြောင်းကောင်းမွန်စေနိုင်ပါသည်။ အင်းဝတံတားမှ နောက်ကြည့်ကျွန်းအကြား ရေလမ်းအတွင်း သောင်ခုံအား သောင်တူးဖော်ရန် လတ်တလောအစီအစဉ်မရှိသေးပါ။ ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား ၁၉၈၆ ခုနှစ်က နယ်သာလန်နိုင်ငံ Royal Haskming Consultant မှ အကြံပြုရေးဆွဲပေးထားသော မြစ်ကြောင်းပြုပြင်ရေးပင်မစီမံချက် (Master Plan)အပေါ် အခြေခံ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် ရေလမ်းထိန်း အဆောက်အအုံရေကာများ တည်ဆောက်ခြင်း၊ ရေကာများတည်ဆောက်ခြင်း၊ သောင်တူးဖော်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ ယခု စစ်ကိုင်းဆိပ်ကမ်း ရေလမ်းအတွင်း ပြောင်းလဲမှုများအပေါ် သုံးသပ်ပြီး လိုအပ်ပါက ပင်မစီမံချက်အတိုင်း ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ကျိုက်မွေနွမ်းစေတီထီးတော်သစ်တင်လှူပူဇော်မည်

**ဘိုကလေး မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျုံခလူ၊ ငရုတ်ကောင်း၊ သင်ချောင်းကျေးရွာအုပ်စုရှိ ကျိုက်မွေနွမ်း (ပြည်လုံးချမ်းသာ ဆုတောင်းပြည့်နန်းဦးစေတီတော်မြတ်ကြီး) ထီးတော်သစ်တင်မင်္ဂလာအခမ်းအနားနှင့်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၇၅ ခုနှစ် (တပေါင်းလပြည့်နေ့) မတ် ၁၅ ရက်တွင် ကျင်းပပူဇော်မည်ဖြစ်သည်။

ရှေးဟောင်း သမိုင်းဝင်ကျိုက်မွေနွမ်းစေတီတော်ကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေဟင်္သာ မဟာဗောဓိစာသင်တိုက် ဆရာတော်သာသနဓဇ သိရီပဝရမဟာ စရိယ ဝိနယ ပါဠိပါရဂူ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသ ကြီးမှူး၍ အလှူရှင်ဦးဌေးခိုင် (အောင်သပြေ ကုမ္ပဏီ)-ဒေါ်ခင်မာထွေးမိသားစုနှင့် ဘုရားကြီးဂေါပကအဖွဲ့ အပါအဝင် အလှူရှင် အပေါင်းတို့က တပေါင်းလပြည့်နေ့ နံနက် ၆ နာရီခွဲမှစတင်၍ ထီးတော်တင်မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုး**

## ကျေးလက်မြေသားလမ်းဖောက်လုပ် ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း မတ် ၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၈ဒသမ ၆သန်းဖြင့် တင်ဒါအောင်မြင်သည့် မဥ္ဇူသာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်သော မိုးကောင်းမြို့နယ် ပင်းဘော-ချောင်းဝကျေးလက် မြေသားလမ်းခြောက်မိုင် အောင်မြင်စွာဖောက်လုပ်ပြီးစီးမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနေသူရိန်စိန်လှ အပါအဝင်မြို့နယ်အဆင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဝ၆၂)**

# ရန်ကုန်မြို့၌ အန္တရာယ်ရှိ လျှပ်စစ်မီးတိုင်များ ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်

ရန်ကုန်မြို့၌ အန္တရာယ်ရှိ ပျက်စီးယိုယွင်းနေသော လျှပ်စစ်မီးတိုင်များကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေးလျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အန္တရာယ်ရှိ လျှပ်စစ်သံတိုင်များနှင့်သစ်သားတိုင်များနေရာတွင် ကွန်ကရစ်တိုင်များဖြင့် အစားထိုး လဲလှယ်ပေးလျက်ရှိရာ တစ်နှစ်အတွင်း ကွန်ကရစ်တိုင် ၂၀၀၀ နှုန်းသာ လဲလှယ်ပေးနိုင်သေးကြောင်း သိရသည်။

ယင်းကဲ့သို့ တစ်နှစ်လျှင် ကွန်ကရစ်တိုင် ၂၀၀၀ နှုန်းဖြင့်လဲလှယ်ပေးလျက်ရှိရာတွင် ကြွေသီး၊ ကြိုးနှင့် သံလက်တန်းများပါ လိုအပ်လျှင် လဲပေးရသည့်အတွက် တစ်နှစ်လျှင် ကုန်ကျစရိတ် ငွေကျပ် ၁၉၅ သန်းအထိ ကုန်ကျလျက်ရှိသည်။

ထိုသို့နှစ်စဉ်ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ပေးနေသော်လည်း ပြီးခဲ့သည့် ဒီဇင်ဘာလကုန်အထိ ဝန်ကြီးဌာနပိုင် သစ်သားတိုင် ၃၆၆၄ တိုင်နှင့်သံတိုင် ၂၁၂၈ တိုင် စုစုပေါင်း ၅၇၉၂ တိုင်ကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေးရန် ကျန်ရှိနေသည်။ ယင်းတို့ကို ဘဏ္ဍာနှစ်အလိုက် တစ်နှစ်လျှင် ကွန်ကရစ်တိုင် ၂၀၀၀ နှုန်းဖြင့် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း၊ မိုးမကျမီ အန္တရာယ်ရှိ မီးတိုင်များကို အတတ်နိုင်ဆုံး လဲလှယ် ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်မြို့တွင် လူဦးရေထူထပ်များပြားလာသည့် အလျောက် လျှပ်စစ်မီးသုံးစွဲမှုလည်း များပြားလာလျက်ရှိသည်။ ဓာတ်တိုင်အများစုတွင် လျှပ်စစ်ကြိုးများ ရှုပ်ထွေးစွာ သွယ်တန်းထားပြီး ဓာတ်တိုင်နှင့်ကြိုး မမျှမတဖြစ်နေသည်။ ဝိုင်ယာရှော့ခ်များ မကြာခဏဖြစ်ပြီး မီးပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ မိုးသက်လေပြင်းများ ကျရောက်သည့်အခါ လျှပ်စစ်ကြိုးများ ပြုတ်ကျပြီး ဓာတ်လိုက်သေဆုံးမှုများလည်း ဖြစ်နိုင်သည်။ မိုးများပြီးရေကြီးသည့်အခါ လျှပ်စစ်သံတိုင်များမှတစ်ဆင့် ဓာတ်အားစီးဝင်ပြီး ဓာတ်လိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်းလည်း သိရသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် အန္တရာယ်ရှိ လျှပ်စစ်မီးတိုင်များ လဲလှယ်ပေးလျက်ရှိရာတွင် ရန်ကုန်တိုင်းဒေသကြီး သာမက တစ်နိုင်ငံလုံး မြို့အသီးသီးတို့တွင်လည်း လဲလှယ်ပေးလျက်ရှိသည်။ သို့ပါသော်လည်း ဒီဇင်ဘာလကုန်အထိ လဲလှယ်ရန် ဝန်ကြီးဌာနပိုင် သစ်သားတိုင်တစ်သိန်းခြောက်သောင်းကျော်နှင့် သံတိုင်ခြောက်သောင်းကျော်ကျန်ရှိနေသေးကြောင်း၊ ယင်းတို့ကို ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ကွန်ကရစ်တိုင်များနှင့် အစားထိုးလဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

**အန္တရာယ်ရှိ လျှပ်စစ်မီးတိုင်များကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေး. . .**

**သတင်း-ကြံတိုင်းအောင်**
**ဓာတ်ပုံ-သဏ္ဍ**

# သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဆွေးနွေး

လသာမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ(မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး(လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး)နှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ နောက်ဆုံးပတ်မှစတင်၍ မတ် ၃ ရက်အထိ ရပ်ကွက်ရှစ်ခုနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့သို့ ကွင်းဆင်းပြီး အထောက်အကူပြုကော်မတီများ၊ ဆယ်အိမ်စုမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မီးမီး(လှိုင်)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

**သတင်းတို**

### နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် နမ်ယူပီကျေးရွာ၌ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျင်းပသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်ပွဲကို မတ် ၅ ရက် နံနက် ၉ နာရီက နမ်ယူပီကျေးရွာ (အမက)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးစံထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ သင်တန်းနည်းပြဆရာများက သင်တန်းသားများကို ပန်းရန် လက်သမားနှင့်စပ်လျဉ်း၍ လက်တွေ့သရုပ်ပြကွင်းဆင်း သင်တန်းပို့ချနေမှုကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**လင်းလင်း**

### လွယ်ဂျယ် အထက နွေရာသီသင်တန်းများဖွင့်

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲ အထက၌ မတ် ၆ ရက် နံနက် ၈ နာရီက လေးရက် သင်တန်းဖွင့်လှစ်ခဲ့ရာ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က အမှာစကားပြောကြားသည်။

သင်တန်းတွင် ရှမ်း၊ ကချင်၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ၊ ပန်းချီ၊ အားကစား၊ ရှေးဦးသူနာပြု ကြက်ခြေနီသင်တန်းများကို မတ် ၁၂ ရက်အထိ ပို့ချပေးသွားမည်ဖြစ်သည်။ မြို့နယ်ခွဲဆရာဝန်ကြီး ဒေါက်တာသန်းနှင်းအေး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုံညီစွာ ပို့ချသင်ကြားနေကြကြောင်း သိရသည်။

**ရင်ငြိမ်းပန်း**

### ဒုတိယအကြိမ် တိုင်းရင်းမီဒီယာကွန်ဖရင့်ကျင်းပပြီးစီး

တောင်ကြီးမြို့တွင် မတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် တိုင်းရင်းမီဒီယာညီလာခံ နောက်ဆုံးနေ့ အစီအစဉ်များကို မတ် ၆ ရက် နံနက် ၉ နာရီက အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ညီလာခံကျင်းပရေး တာဝန်ခံ ဦးခင်မောင်ရွှေ (BNI)က ဒုတိယနေ့ ဆွေးနွေးပွဲရလဒ်များကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းရင်းမီဒီယာကွန်ရက်ဖွဲ့စည်းရန် ကိစ္စများကို BNIနှင့် တိုင်းရင်းသားမီဒီယာအဖွဲ့အစည်းများ ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ဆက်လက်၍ သတင်းထုတ်ပြန်ချက် ကြေညာခြင်းနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး တတိယအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ၂၀၂၅ ခုနှစ် မတ်လတွင် ချင်းပြည်နယ် ဟားခါးမြို့၌ ကျင်းပရန် ရွေးချယ်အတည်ပြုပြီး ညီလာခံကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

**နိုင်ထွန်း(TGI)**


**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းအမှတ် (UE-၁)၊ လူနေရပ်ကွက်အမှတ် (၁)၊ ထိပ်တင်မှတ်လမ်း၊ မြေကွက်အမှတ် ၈၉၄၊ ဧရိယာ ပေ(၂၀×၆၀) ရှိသော ဦးထွန်းရှိန်အမည်ပေါက် ပါမစ်မြေကွက်(ခေါင်းရင်းခြမ်း)ကို စာချုပ်အဆက်ဆက်အရ လက်ရှိနေထိုင်လက်ဝယ်ရှိသူ ဒေါ်အေးသူ ၁၂/ဥကတ(နိုင်)၀၇၆၁၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဖေ(တရားလွှတ်တော်ရှေ့နေ)**
**တိုက် (၂၆/၅)၊ အခန်း (၃၀၃)၊ သုနန္ဒာ(၁)လမ်း၊ သုမင်္ဂလာရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၃၁၂၀**

**ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊အစုကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်-၃၆၃၊ ကွင်းအမည်-အစုကြီးအရှေ့၊ ဦးပိုင်အမှတ်-၁၂/၃၊ ဦးပွ အမည်ပေါက် မြေခွန်ပြေစာထွက်ရှိထားပြီး မြေစာရင်းဦးစီးဌာနတွင် ဦးပွ အမည်ပေါက်မှ ဒေါ်အေးပို (ဘ)ဦးပွ အမည်ပြောင်းလျှောက်ထားသော ဧရိယာ ၄ဒသမ၈၉ဧကရှိ လယ်မြေအား လက်ဝယ်ထားရှိပိုင်ဆိုင်လုပ်ကိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်အေးပို ၁၂/ထတပ(နိုင်)၀၃၈၄၂၀နှင့် ၎င်း၏ခင်ပွန်း ဦးတင်စိန်(ခ)ဦးတူး ၁၂/ထတပ(နိုင်) ၀၃၈၄၁၉တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်မာလွင် LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၃၆၀၈၀၀၁၅**

**ကန့်ကွက်နိုင်ပါသည်**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ မြေကွက်အမှတ် ၃၀၇၂၀၊ အကျယ် အလျား×အနံပေ (၈၀×၈၀)ရှိ ဒေါ်ချိုဇင်သန့် ၁၂/ခရန(နိုင်)၀၉၇၁၄၃ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC တစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၃၈/၂၀၁၁) လွှဲအပ်ခံရသူ ဦးလှိုင်ဝင်းအောင် ၁၃/လလန (နိုင်)၀၀၁၃၄၈ နှင့် အရောင်းအဝယ်စာချုပ်တွင် ဝယ်ယူထားသူ ၎င်း၏ဇနီး ဒေါ်မိုးကြည် ၉/ကပတ(နိုင်)၁၄၈၁၀၀ထံမှ ကျွန်ုပ် ဦးကျော်ဇင်ဦး ၁၂/ဥကမ(နိုင်)၁၇၅၉၆၅က ဝယ်ယူရန် တန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ တစ်ပတ်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ဦး**
**ဖုန်း-၀၉-၅၀၁၅၂၄၇**
**ဖုန်း-၀၉-၂၅၀၅၅၅၈၇၂**

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊မြေကွက်အမှတ်(၆၇၈)၊ ဧရိယာ ၀ဒသမ၁၁၉ဧက၊ မြေကွက်တည်နေရာအမှတ် ၆၇၈၊ ကံ့ကော်လမ်းနှင့် ၂၂လမ်းထောင့်ဒေါ်ခင်မျိုးဝင်းLL/RGN - ၀၄၃၄၃၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် တရားရုံး ဒေါ်ခင်မျိုးဝင်းကိုယ်စား မင်္ဂလာဒုံမြို့နယ်တရားရုံး၊ အနိုင်ဒီကရီ၊ မင်္ဂလာဒုံမြို့နယ် တရားရုံး တရားမဇာရီမှု စီရင်ချက် ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ ဒေါ်နုနုလှိုင် (ဘီလစ်)၁၂/ဥကမ(နိုင်) ၀၀၄၉၃၄က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ဂျီ၊ မြေကွက်အမှတ် V၃၆၊ မြေကွက်တည်နေရာအမှတ်-၁၃၊ ၁၃၄ လမ်း၊ မအူကုန်းရပ်ကွက် တာမွေမြို့နယ် ဒေါ်လှလှမူ အမည်ပေါက် နှစ်၉၀ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဒေါ်လှလှမူ(မိခင်)နှင့် ဦးတင်လှ(ဖခင်)တို့ကွယ်လွန်သဖြင့်(၁) ဒေါ်စန္ဒာ ၁၂/သဃက(နိုင်)၁၂၅၂၃၁၊ (၂) ဒေါ်ရီရီမြင့် ၁၂/သဃက(နိုင်)၁၂၅၂၃၃၊ (၃) ဒေါ်အေးအေးသန်း ၁၂/သဃက (နိုင်)၀၀၃၈၃၇၊ (၄) ဒေါ်ခင်ခင်ဝင်း ၁၂/သဃက(နိုင်)၀၀၃၈၃၆ တို့က သားသမီးများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ ၂၊ မြေကွက်အမှတ် ၂၁၅၊ မြေကွက် တည်နေရာအမှတ် ၂၁၅၊ ၂ လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတင်မောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်(ဖခင်)နှင့် ဒေါ်လှဝင်း(မိခင်)တို့ကွယ်လွန်သဖြင့် သမီးများဖြစ်ကြသော ဒေါ်ကြည်ကြည်စန်း ၁၂/ဒပန(နိုင်)၀၅၈၇၆၄နှင့် ဒေါ်စပါယ် ၁၂/ဒပန(နိုင်) ၀၃၈၇၄၈တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ ၎င်းတို့ကိုယ်စား GP ၁၇၈၈၅/ ၂၀၁၃ရသူ ဦးအောင်နိုင် S/DGNMTT-၀၃၅၀၄၈က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၃၃၅/ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၃၅/ခ၊ မာန်ပြေ ၂ လမ်း၊(၃)ရပ်ကွက်၊ သာကေတမြို့နယ် (၁)ဒေါ်ရီဝင်း၊ (၂)ဦးခင်သောင်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ရီဝင်း(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ခင်ပွန်းဦးခင်သောင်း CF-၁၄၂၀၃၃ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၀၆၅/၂၀၁၃ ရရှိသူ ဦးအောင်စိုးမိုး ၁၄/မသန(နိုင်) ၀၀၆၇၇၇က သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်ခဲ့သော တိုက်ခန်းအား မူလနေထိုင်သူထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးသိန်းမောင်(မူလနေထိုင်သူ) ၁၂/ဗဟန(နိုင်)၀၆၈၅၃၉ (မှ) | ဒေါ်ရီရီနွဲ့ ၁၄/ဖပန(နိုင်)၀၂၇၃၈၈<br>ဒေါ်ဝင်းဝင်းမာ ၁၄/ဖပန(နိုင်)၀၃၁၀၅၃ | တိုက်အမှတ် ၄၃၉/၄၄၅၊ အခန်းအမှတ် ၂၄၊ စတုတ္ထထပ်၊ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မိုင်းကိုင်မြို့နယ် ရွှေမြင်ထင်မွေတော်ဘုရား တပေါင်းပွဲတော် ကျင်းပ

တပေါင်းလသည် မြန်မာနိုင်ငံ အရပ်ရပ်တွင် ဘုရားပွဲအများဆုံး ကျင်းပသည့်လတစ်လဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် သမိုင်းဝင် ရွှေမြင်ထင်မွေတော်ဘုရားကြီး၏ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၈ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ရပ်ဝေးရပ်နီးမှ ဧည့်သည်များနှင့် ဈေးသည်များ ရောက်ရှိနေပြီး ဘုရားပွဲတော်ကြီးသည် နှစ်စဉ်နှစ်တိုင်း ဖိတ်ကြားရန်မလိုဘဲ ဘုရားဖူးဧည့်သည်များနှင့် အလွန်စည်ကားလှသဖြင့် နတ်ပင့်သည့် ဘုရားပွဲဟု ခေါ်ဆိုကြသည်။

ဘုရားပွဲတော်သို့ မိုင်းကိုင်မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပလောင်၊ ပအိုဝ်း၊ ရှမ်းနှင့် အခြား တိုင်းရင်းသားများအပြင် အခြားမြို့များမှ ဘုရားဖူးဧည့်သည်များသည်လည်း တပေါင်းလဆန်း ၈ ရက်နေ့မှစတင်ကာ တပေါင်းလပြည့်နေ့အထိ ညအိပ်ခရီးလာရောက်၍ ဘုရားဖူးကြသည်။

ထို့အပြင် မိုင်းကိုင်မြို့၏ အထင်ကရနေရာများဖြစ်သော နန်းဥပျာဉ် ဘုရားနှင့် သမိုင်းဝင်ဘုရားငါးဆူ (ခေါ်) ဝမ်ကွေ့ဘုရားတို့ကိုလည်း သွားရောက်ဖူးမြော်ကြသည်။

ဘုရားပွဲတော် ကာလအတွင်း ခေါက်တိုပြေးဆွဲနေသော သုံးဘီး အငှားယာဉ်များသည်လည်း တွက်ခြေကိုက်လှသည်။

ဘုရား ရင်ပြင်တော်အတွင်း ပလောင်တိုင်းရင်းသားများ၏ အုပ်စုဖွဲ့ဘုရားရှိခိုးခြင်း၊ စေတီတော်ကို လှည့်ပတ်၍ နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ကာ ပလောင်ဓမ္မတေးများ ရွတ်ဆိုပူဇော်နေခြင်းတို့သည် မမြင်ဖူးသေးသော ပုဂ္ဂိုလ်များအတွက် ထူးခြားမှုတစ်ခုပင် ဖြစ်ပါသည်။

ဘုရားပွဲအနီး လယ်ကွင်းပြင်၊ တိန်းချောင်းနံဘေးတို့တွင် ဘုရားဖူးလှည်းယဉ်များ၊ ထော်လာဂျီများ၊ ကားများနှင့် စည်ကားလျက်ရှိစမြဲဖြစ်သည်။

လပြည့်နေ့၌ နံနက် ဆွမ်းတော်တင်ပြီး ပြန်ကြချိန်တွင် လွမ်းကျန်ရစ်ရစမြဲကတော့ မိုင်းကိုင်မြို့သူ မြို့သားများသာဖြစ်ပါသည်။

ပွဲတော်ရက်များတွင် စည်ကားသော်လည်း ပွဲပြီးပါက ဧည့်သည်များ ရှာစရာမရှိလောက်အောင် အနည်းအကျဉ်ပင် မကျန်ရစ်ပေ။ နတ်ဒေဝါများက လပြည့်နေ့အထိသာ ပင့်ဖိတ်ထားကြသည်ဟု ပြောစမှတ်ရှိခဲ့သည်။

ယခုနှစ် တပေါင်းလ ရွှေမြင်ထင် ဘုရားပွဲတော်တွင်လည်း ဘုရားဖူးများနှင့်အတူ ကောင်းမှုကုသိုလ် ပြုလုပ်ရင်း မိုင်းကိုင်မြို့ရှိ အထင်ကရနေရာများသို့ လာရောက်လည်ပတ်နိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။ **နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# ၂၀၁၄ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**တပ်ကုန်း မတ် ၉**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကျင်းပသည့် ၂၀၁၄ ခုနှစ် ပထမပြန်စာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၌ ဧပြီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် စာဖြေဌာန အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးပွဲကို မတ် ၆ ရက် မွန်းလွဲ ၂ နာရီက တပ်ကုန်းမြို့ မြို့ဦး သံဃာ့နာယကရုံး (မြို့ဦးပရိယတ္တိစာသင်တိုက်)၌ ကျင်းပကြောင်း သိရသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပုဗ္ဗသီရိ မြို့နယ် ဝဲကြီးဆရာတော် ဦးအာဒိစ္စက ဩဝါဒကထာ မိန့်ကြားပြီး ဆရာတော်များနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များက စာဖြေသံဃာတော်များ အတွက် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး၊ စာဖြေဌာနသတ်မှတ်ရေး၊ စာဖြေဌာန သန့်ရှင်းရေးနှင့် ပြင်ဆင်ရေး၊ ဆွမ်းဆက်ကပ်ရေး၊ ကြိုဆိုပင့်ဆောင်ရေး၊ ကျန်းမာရေး၊ စာဖြေချိန်တွင် ပတ်ဝန်းကျင် တိတ်ဆိတ်ငြိမ်သက်ရေး၊ လုံခြုံရေး၊ စာဖြေခုံနံပါတ်ဇယားများ ရေးဆွဲရေး၊ စာမေးပွဲမေးခွန်းများ လုံခြုံစွာထိန်းသိမ်းနိုင်ရေး၊ စာမေးပွဲမေးခွန်းများ သွားရောက်ထုတ်ယူရေး အစရှိသည်များအပါအဝင် ပထမပြန်စာမေးပွဲကို ယခင်နှစ်များကဲ့သို့ နှစ်စဉ်နှစ်တိုင်း ဆရာနှင့်ဒါယကာလက်တွဲ၍ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးတိုင်ပင် ညှိနှိုင်းခဲ့ကြသည်။

## နှစ်စဉ်နှစ်တိုင်း ဆရာနှင့်ဒါယကာ လက်တွဲ၍ အောင်မြင်စွာကျင်းပနိုင်ရေး . . .

အဆိုပါ စာမေးပွဲတွင် တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိမြို့နယ်တို့မှ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်စာရင်းများမှာ ပထမကြီးတန်း ၁၀၄ ပါး၊ ပထမလတ်တန်း ၁၁၇ ပါး၊ ပထမငယ်တန်း ၂၄၈ ပါး စုစုပေါင်း ၄၆၉ ပါးတို့ ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။ **(၄၁၇)**

## သန်းခေါင်စာရင်းကောက်ယူရေး (နည်းပြ)သင်တန်းဖွင့်

**လပွတ္တာ မတ် ၉**

လပွတ္တာခရိုင်အတွင်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းအတွက် ခရိုင်အဆင့် စာရင်းစစ်၊ စာရင်းကောက်(နည်းပြ) သင်တန်းဖွင့်ပွဲကို လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ မတ် ၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

လပွတ္တာခရိုင် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးက အမှာစကားပြောကြားပြီး လပွတ္တာ ခရိုင်အတွင်း ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန်းခေါင်စာရင်း ကောက်ယူရသည့် ရည်ရွယ်ချက်အနေဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ခြင်း လုပ်ငန်းများဆောင်ရွက်ရာမှာ အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းများ၊ အချက်အလက်များရရှိရန်ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာ အုပ်စုသန်းခေါင်စာရင်းကော်မတီ ဖွဲ့စည်း တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်းနှင့် လပွတ္တာခရိုင်အနေဖြင့် စာရင်းကောက်ကွက်ပေါင်း ၁၁၅၈ ကွက်ပိုင်းခြားသတ်မှတ်ပြီး စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မိုင်းဆတ် မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အစိုးရအထက်တန်းကျောင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်ရေးအတွက် နယ်မြေခံ အမှတ်(၁၁)တပ်မတော်ဆေးရုံ ခုတင်(၁၀၀)နှင့် မြို့ဦးကျောင်းတိုက် မဖျိမ လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို မတ် ၆ ရက် နံနက် ၉ နာရီခွဲက ယင်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုဝင်းနှင့် ဆရာ ဆရာမများ၊ အမှတ်(၁၁)တပ်မတော်ဆေးရုံမှ ပါရဂူဗိုလ်ကြီးသုံးဦးနှင့် သူနာပြုသုံးဦး၊ မဖျိမ လူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း ဦးဆောင်သော အသင်းသား အသင်းသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်သန်းတို့တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူ ၉၆ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုပေးပြီး ဆေးဝါးများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဇော်**(iprd)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးမြို့နယ်တရားရုံး၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်အေးစုံ(ခ)ရွှေမိတ်ကြူ **နှင့်** ဒေါ်မရမ်မာယာ
အမှတ်(၃၆)၊ အနောက်မြို့ပတ်လမ်း  အမှတ်(၁၂၂)၊ ဇောတိကလမ်း၊
ချမ်းမြသာစည်ရပ်၊ တောင်ကြီးမြို့။  သစ်တောရပ်၊ တောင်ကြီးမြို့။
(ယခင်လိပ်စာဖြစ်သည်။
ယခုလိပ်စာစုံစမ်းမရပါ။)

**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်မရမ်မာယာ အမှတ်(၁၂၂)၊ ဇောတိကလမ်း၊ သစ်တောရပ်၊ တောင်ကြီးမြို့နေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးစုံ(ခ)ရွှေမိတ်ကြူမှ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၉ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊သီရိ ၇လမ်း၊ တိုက် ၁၇/A ဒုတိယထပ်နေ ဦးအေးချို ၁၂/လမန(နိုင်)၀၇၇၉၈၄၏သမီး မခင်စုစုထွေး(ခ)မစုသည် မိဘတို့ ခွင့်မလွှတ်နိုင်သော အမှားများကို အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအေးချို ၁၂/လမန(နိုင်)၀၇၇၉၈၄**
**ဒေါ်ခင်မာမာ ၁၂/လမန(နိုင်)၀၇၇၉၈၁**

## တရားဝင်ဇနီးဖြစ်ပါကြောင်း

ကျွန်မ မအေးအေးခိုင် ၁၄/ဘကလ(နိုင်)၁၈၄၉၂၀၊ ကိုအောင်ခင်ဝမ်း(ခ)ကိုအောင်ကို ၁၄/ဘကလ(နိုင်)၁၉၄၂၃၅နှင့် မြန်မာ့ထုံးတမ်းဥပဒေအရ ၂၇-၁-၂၀၀၂ ရက်တွင် ထိမ်းမြားလက်ထပ်ခဲ့ပါသည်။ ယနေ့ထိတိုင် ကိုအောင်ခင်ဝမ်း၏မိဘများနှင့်အတူနေထိုင်လျက်ရှိပါကြောင်းနှင့် ကျွန်မသာလျှင် တရားဝင်ဇနီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မအေးအေးခိုင်**
**၁၄/ဘကလ(နိုင်)၁၈၄၉၂၀**

## အမည်ပြောင်း

ဦးချစ်တိုး၊ ဒေါ်ခိုင်သန္တာဝင့်တို့၏သား နေပြည်တော်၊ အထက(၁)၊ ဒုတိယတန်း(က)တွင် ပညာသင်ကြားနေသော မောင်အောင်ခန့်ကျော်အား ၆-၃-၂၀၁၄ ရက်မှစတင်၍ မောင်အောင်ဘုန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဘုန်းမြတ်**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ အိုးဘိုကျေးရွာ၊ မူလတန်းလွန်ကျောင်း သတ္တမတန်းမှ မောင်ချစ်ထူး၏ဖခင်အမည်မှန်မှာ ဦးတင်စိုး ၅/ယမပ(နိုင်) ၀၆၆၀၆၄ ဖြစ်ပါသည်

**ဦးတင်စိုး ၅/ယမပ(နိုင်) ၀၆၆၀၆၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၁၁ခုနှစ် တရားမကြီးအမှုအမှတ်-၁၆၈

ဒေါ်မိမိလှိုင် **နှင့်** ၁။ ဒေါ်ကေသီမင်း
၂။ ဒေါ်သီတာအောင်

**တရားလို** **တရားပြိုင်များ**

ပုလဲကွန်ဒို၊ ဒုတိယထပ်အဆောင်(ဘီ)၊ အခန်းအမှတ် (၂၀၄)၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) ဒေါ်သီတာအောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံကြည်စွာလွှဲအပ်ထားသောငွေကျပ် ၁၂၄၁၀၀၀၀/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၂၈ရက် (၁၃၇၅ခုနှစ် တန်ပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိမ်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ရွှေပြည်သာမြို့နယ် မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် မတ် ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၇ ရက် မွန်းလွဲ ၁ နာရီက မီးသတ်အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်းနှင့် မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အမှတ်(၈)ရပ်ကွက်နေ အလှူရှင်မိသားစုမှ လှူဒါန်းသော ငွေကျပ် ၄၆၂၅၀၀ တန်ဖိုးရှိ Dragon ဒီဇယ်ရေစုပ်စက်တစ်လုံး၊ ရေဖျန်းပိုက်တစ်ခွေ၊ ရေစုပ်ပိုက်ခေါင်းတစ်ခုတို့ကိုလည်းကောင်း၊ အမှတ်(၁)ရပ်ကွက်နေ အလှူရှင်တစ်ဦးက ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ စက်ဘီး ငါးစီး၊ DCP 2Kg မီးသတ်ဆေးဘူး ၁၀ ဘူးတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရွှေပြည်သာမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က လက်ခံယူခဲ့သည်။

အမှတ်(၈)ရပ်ကွက်နေ အလှူရှင်မိသားစုက မတ် ၂ ရက်က အမှတ်(၈)ရပ်ကွက်တွင် မီးလောင်ခံရပြီး မီးဘေးသင့်အိမ်ထောင်စု သုံးစုအားထပ်မံ၍ အလှူငွေကျပ် ခြောက်သိန်းကို ပေးအပ်လှူဒါန်းရာ မီးဘေးသင့်ပြည်သူများက လက်ခံယူခဲ့ကြပြီး အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး တင်အောင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(၁၆၆)**

## ကျောက်တန်းရေစက်ရုံမှ မင်းဘူးမြို့သို့ သောက်သုံးရေဖြန့်ဝေ

**မင်းဘူး မတ် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်သည် မန်းရေနံမြေနှင့် နီးကပ်စွာတည်ရှိပြီး အချို့ရပ်ကွက်များမှာ မြေအောက်စက်ရေတွင်းတူးဖော်ရန် ခက်ခဲမှုများကြောင့် မြို့ပေါ်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရန် မင်းဘူးမြို့အနီးရှိ ကျောက်တန်းကျေးရွာ ရေစိမ့်တွင်းမှ ရေကို စက်များဖြင့် တင်ယူဖြန့်ဝေပေးလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က ရေစက်ရုံသို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့မှ ရေစက်ရုံကောင်းမွန်မှု၊ ရပ်ကွက်များသို့ ရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ကျောက်တန်းရေစက်ရုံကို ၁၈၉၀ ပြည့်နှစ်မှ စတင်တည်ဆောက် ရေပေးဝေခဲ့ရာ ရေစိမ့်တွင်းနှစ်တွင်းမှ တစ်ရက်လျှင် ရေဂါလန်နှစ်သိန်းကျော်ကို မင်းဘူးမြို့ အမှတ်(၁)နှင့် (၂)ရပ်ကွက်တို့အား ရေပေးဝေနိုင်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(မကွေး)**

# ကုန်ကျစရိတ်နည်းပြီး တွက်ခြေကိုက်သည့် ခရမ်းချဉ်

ခရမ်းချဉ်သီးမှာ မီးဖိုချောင်အတွက် မပါမဖြစ်လိုအပ်သော ဟင်းချက်သီးနှံတစ်မျိုးဖြစ်သည်။ ခရမ်းချဉ်သီးငါးပိချက်၊ ဝက်သားဟင်း၊ ကြက်သားဟင်း၊ မည်သည့်ဟင်းပင်ဖြစ်စေ ခရမ်းချဉ်သီးသည် မပါမဖြစ်ပေ။ ခရမ်းချဉ်သီးဖုတ်၊ ခရမ်းချဉ်သီးအစိမ်းသုပ်များမှာ အညာထမင်းဝိုင်းများအတွက် ခံတွင်းတွေ့စရာ အရန်ဟင်းများပင်ဖြစ်သည်။



ခရမ်းချဉ်မျိုးစေ့ အမျိုးမျိုးရှိသည့်အနက် နွားထိုးကြီးနယ် လက်ပန်ရွာမှာ 111 နှင့် 909 မျိုးကို အထူးစိုက်ပျိုးကြကြောင်း သိရသည်။ 909 မျိုးမှာ အသီးရှည်မျိုးဖြစ်ပြီး အချဉ်ဓာတ်လွန်ကဲကြောင်း၊ အပူဒဏ်ခံနိုင်သောကြောင့် ရာသီဥတုအပူချိန်ပေါ်ကြည့်၍ ရေပေးရကြောင်း၊ ဆေးကျွေးသည့်အပေါ်မူတည်၍ အသီးထွက်ကောင်းကြောင်း၊ ဆေးကျွေးနိုင်သလောက် အသီး လေးလမှ ငါးလအထိ ဆွတ်ခူးနိုင်ကြောင်း သိရသည်။ 111 မျိုးမှာ အလုံးဝိုင်းပြီး အချဉ်ဓာတ်ပေါ့ကြောင်း၊ အပူဒဏ်ခံနိုင်ခြင်းကြောင့် အညာရာသီဥတုနှင့် ကိုက်ညီကြောင်း၊ စိုက်ပျိုးပြီး သုံးလကြာလျှင် အသီးဆွတ်ခူးနိုင်ကြောင်း လက်ပန်ရွာမှ ခရမ်းချဉ်စိုက်သူတစ်ဦးက ဆိုသည်။

ခရမ်းချဉ်သီးမှာ မိုးဦးစိုက်ပြီး ဆောင်းရာသီပေါ်သောအသုတ်က ဈေးကောင်းရပြီး ဆောင်းတွင်စိုက်၍ နွေရာသီထွက်သောအသုတ်က ဈေးရနည်းကြောင်း ၎င်းက ဆက်ပြောသည်။ နွေခူးသော အသီးများမှာ ယခုလပွဲရုံဖြတ်ဈေး အစိမ်းတစ်တင်းလျှင် ငွေကျပ် ၁၀၀၀၊ အမှည့် နှစ်တင်းလျှင် ငွေကျပ် ၁၅၀၀ သာရ၍ ဈေးမကောင်းဟု ဆိုသည်။

ခရမ်းချဉ်သီးကို တိုင်ထောင်ပြီး စိုက်ပျိုးသလို ပင်ဖြန့်စိုက်ပျိုးနည်းလည်း စိုက်ပျိုးကြသည်။ တိုင်ထောင်စိုက်ခြင်းကြောင့် အသီးသန့်ပြီး ဆွတ်ခူးရလွယ်ကြောင်း၊ ခရမ်းချဉ်သည် စိုက်ပျိုးသီးနှံထဲတွင် စရိတ်အနည်းဆုံးသီးနှံဖြစ်ပြီး တောင်သူများအတွက် တွက်ခြေကိုက်ကြောင်း၊ ခရမ်းချဉ်စိုက် ခဲ့သလောက် အရင်းရှုံးသည့်နှစ် မရှိဖူးကြောင်း လက်ပန်ရွာ ခရမ်းချဉ်စိုက်သူများက ပြောသည်။

ခရမ်းချဉ်သီးမှာ ကိုင်းသီးနှံအမျိုးအစားထဲတွင် ပါဝင်ပြီး နွားထိုးကြီးမြို့နယ်၌ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကများ တိုးလာနေရာ ယခုအခါ ခရမ်းချဉ်စိုက်ဧက ၂၀၀ အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**



## သတင်းတိုများ

### မန္တလေး–ပုဂံရထားလမ်း ရေနွေးငွေ့သုံးစက်ခေါင်း စမ်းသပ်ပြေးဆွဲရန်စီစဉ်

မန္တလေး-ပုဂံ ရထားလမ်းပိုင်း၌ ရေနွေးငွေ့စက်ခေါင်းသုံးရထား ပြန်လည်ပြေးဆွဲရန် နိုင်ငံခြားသားခရီးသွားများအတွက် မြန်မာ့မီးရထားက စီစဉ်နေကြောင်း သိရသည်။ မန္တလေး-ပုဂံလမ်းတွင် မကြာမီက ရေနွေးငွေ့သုံးစက်ခေါင်း စမ်းသပ်ပြေးဆွဲမှုရှိခဲ့သော်လည်း ဆူးဖြူကုန်းဘူတာတွင် ရေနွေးငွေ့ပိုက်ပေါက်၍ ပုဂံသို့မဆက်နိုင်ဘဲ မန္တလေးသို့ ပြန်လှည့်ခဲ့ရကြောင်း နွားထိုးကြီးဘူတာရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မန္တလေး-ပုဂံ မီးရထားလမ်းပိုင်းကို ဒီဇယ်စက်ခေါင်းဖြင့် အမြန်ရထားတစ်စင်း၊ လော်ကယ်ရထားတစ်စင်း အချိန်မှန်ပြေးဆွဲမှုရှိနေသည်။ ရေနွေးငွေ့သုံးခေါင်းဖြင့် မီးရထားပြေးဆွဲခြင်းမှာ နိုင်ငံခြားသားခရီးသွားများအတွက် သီးသန့်ဖြစ်ကြောင်းသိရသည်။

**ဌေးမြင့်မောင်**

### ဟသ်ာတမြို့နယ်၌ မီးသတ်ယာဉ်လွှဲပြောင်းပေးခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းအတွက် အလှူငွေများပေးအပ်

ဟသ်ာတမြို့နယ်အတွက် နိုင်ငံတော်ကပေးအပ်သော မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ပွဲနှင့် ဟသ်ာတမြို့ နတ်မော်လမ်းနှင့် ကျောက်တော်ကြီးကုန်း အဆင့်မြှင့်တင်ခြင်းများအတွက် အလှူငွေများပေးအပ်ပွဲကို မတ် ၇ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပုံချီဦးဌေးဦးက အမှာစကားပြောကြားခဲ့ပြီး မီးသတ်မော်တော်ယာဉ်နှင့်တကွ စာရွက်စာတမ်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက ခရိုင်မီးဘေးကာကွယ်တားဆီးရေး ကော်မတီဝင် ဦးလှမင်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ လမ်းအဆင့်မြှင့်တင်ခြင်းပြုလုပ်ရန်အတွက် အလှူငွေများ လှူဒါန်းခဲ့ကြသော စေတနာရှင် ပြည်သူများအား တာဝန်ရှိသူများမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းရေးဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံဟောင်းပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများနှင့် ချုံနွယ်များကို မတ် ၅ ရက်က မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၈၀ ဖြင့် မိုးတွင်းကာလ၌ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ မပြန့်ပွားစေရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ မော်လမြိုင်ကျွန်းမြို့ပေါ်ရပ်ကွက် ၁၃ ခုအတွင်းရှိ ရေနုတ်မြောင်းများကိုလည်း တစ်ရပ်ကွက်ချင်းအလိုက် စုပေါင်းတူးဖော်ဆောင်ရွက်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက် ငါးခုအတွင်းရှိ ရေမြောင်းအားလုံး တူးဖော်ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


**ရန်ကုန်-မန္တလေးလမ်းပိုင်းပြေးဆွဲလျက်ရှိသည့် အမှတ် (၅)အဆန် (၆)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသောပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့**

**အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်းပိုမိုဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကနှင့် အကျိုးတူစင်းလုံးငှားစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ အဆိုပြုလွှာတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ရန်ကုန်-မန္တလေး လမ်းပိုင်းပြေးဆွဲနေသည့် အမှတ် (၅)အဆန်၊ (၆)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို သုံးနှစ်ခွင့်ပြုမည်ဖြစ်ပြီး၊ တစ်နှစ်တစ်ကြိမ်စာချုပ် ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။ အဆိုပြုလွှာများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ ၂၄-၃-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့သွားရန်ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့်အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အဆိုပြုလွှာအတွက် အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ်၁၀၀၀၀ိ/-ဖြင့် ၁၀-၃-၂၀၁၄ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ်(၃)တိုင်း-မန္တလေး၊ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ် (၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး မြန်မာ့မီးရထားရုံးချုပ်/နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၅၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မြန်မာ့မီးရထား**



**ပျောက်ဆုံးကြောင်း**

ကျွန်မဒေါ်ခင်မိုးနွယ် ၁၃/နဆန(နိုင်)၀၂၅၉၇၄၏ CUSTOMS STATEMENT မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၄၂၀၀၀၄၁၄၇**



**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်တင်ဒါခေါ်ယူခြင်း**

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံ/အလုပ်ရုံ/စီမံကိန်းများသို့ Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်-

**တင်ဒါပုံစံထုတ်ပေးရက်** - ၁၀-၃-၂၀၁၄ ရက်
**တင်ဒါပိတ်ရက်** - ၁၄-၃-၂၀၁၄ ရက်

အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်သည့် စည်းကမ်းအချက်အလက်များအား ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်နှင့် ရောင်းချဖြန့်ဖြူးရေးဌာန(ရန်ကုန်ရုံးခွဲ)တွင် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၅၂၂၆၊ ၀၆၇-၄၀၅၃၂၃၊ ၀၁-၆၅၀၉၁၀ တို့သို့ အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

**ရောင်းချဖြန့်ဖြူးရေးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**တတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါကော်ဇောအမျိုးမျိုးအား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချလိုပါသည်-

| | | |
|---|---|---|
| (က) ကော်ဇော P.P | ၂၃ မျိုး | 1 Lot |
| (ခ) Polypropylene L.D | ၁၀ မျိုး | 1 Lot |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ၁၁-၃-၂၀၁၄ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၂၁-၃-၂၀၁၄ ရက် ၁၃:၀၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်**
**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၅၃၀၁**
**၀၆၇-၄၃၁၁၂၂၊ ၀၆၇-၄၃၁၃၁၄**



**စက်မှုဝန်ကြီးဌာန**
**အထည်အလိပ်လုပ်ငန်း**
**မြေကွက်များငှားရမ်းရေးဆောင်ရွက်ရန်**
**အဆိုပြုလွှာဖိတ်ခေါ်ခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန စက်ရုံမြေနေရာများတွင် CMP လုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် မြေကွက်လွတ်(၂၂)ကွက်ဖော်ထုတ်၍အဆိုပြုလွှာခေါ်ယူခဲ့ရာ (၁၇)ကွက် ငှားရမ်းပြီးဖြစ်ပါသည်။

၂။ အထက်ပါနေရာတွင် တစ်ကွက်ဧက ခန့်မှန်း(၅)ဧကရှိပြီး ကျန်ရှိသောမြေကွက်လွတ်(၅)ကွက်ကို မည်သည့် CMP လုပ်ငန်းမဆို (Any CMP)လုပ်ကိုင်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အောက်ပါနေရာများတွင် အဆိုပြုလွှာများတောင်းခံ၍ ပုံစံများရေးသွင်းပြီး စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၃၇)နေပြည်တော်သို့ ၂၅-၃-၂၀၁၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**အဆိုပြုလွှာရောင်းချမည့်နေရာ**

| | | |
|---|---|---|
| (က) ရန်ကုန် | - | အထည်အလိပ်လုပ်ငန်းရုံးခွဲ (ယခင်အထည်ချုပ်စက်ရုံအမှတ်-၂၇) အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| (ခ) **နေပြည်တော်** | - | ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော် |
| (ဂ) **စတင်ရောင်းချမည့်ရက်** | - | ၁၂-၃-၂၀၁၄ ရက် |

၃။ အသေးစိတ်သိရှိလိုသည်များနှင့် CMP လုပ်ငန်းများမဟုတ်သော အခြားစက်မှုလုပ်ငန်းများလုပ်ကိုင်လိုသူများရှိပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်း ဆွေးနွေးနိုင်ပါသည်-

**ဆက်သွယ်ရမည့်လိပ်စာ**
**ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၃၆၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇- ၄၀၈၃၃၈**
**ရန်ကုန် ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စွယ်တော်များ ကိန်းဝပ်စံပါယ်ရန် တရုတ်မှ ကျောင်းဆောင်များလှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် မတ် ၇ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ Most Ven Shi Chang Zang အားအမှူးထား၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာဝင်များမှ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်နှင့် မန္တလေးမြို့ မဟာမြတ်မုနိဘုရားတို့တွင် ကိန်းဝပ်စံပါယ်တော်မူလျက်ရှိသော ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်နှစ်ဆူကို ကြည်ညိုသပ္ပာယ်ရန်အတွက် သစ်သားဖြင့် ထုလုပ်၍ ရွှေချထားသော ဗုဒ္ဓစွယ်တော်ကျောင်းဆောင်နှစ်ဆူအား လှူဒါန်းခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံ မူဆယ်မြို့တွင် လွှဲပြောင်းပေးခဲ့သည်။ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန မူဆယ်ခရိုင် သာသနာရေးမှူး ဦးနိုင်မောင်မောင်စိုးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးတို့က လက်ခံယူပြီး မန္တလေးနှင့်ရန်ကုန်မြို့များသို့ ကုန်းလမ်းခရီးစဉ်ဖြင့် ဆက်လက်ပင့်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# အိန္ဒိယနယ်စပ်ကုန်သွယ်ရေး ၂၀၁၅ တွင် ကျပ်ဘီလီယံငွေ ၅၀ လျာထား

**ကလေး မတ် ၉**

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုသည် လွတ်လပ်ရေးရပြီးနောက်ပိုင်း အမြင့်ဆုံးအဖြစ် ကုန်သွယ်မှုပမာဏဘီလီယံ ၂၀ ကျော်အထိ ရောက်ရှိလာပြီး လာမည့် ၂၀၁၅ ခုနှစ်တွင်လည်း ဘီလီယံ ၅၀ ခန့်ရရှိနိုင်ရန် လျာထားကြောင်း သိရသည်။ "လုပ်ငန်းအမျိုးအစားနဲ့ထုတ်လုပ်ပစ္စည်းအမျိုးအစားမတူလို့ အခြားနယ်စပ်စခန်းတွေလိုဖွံ့ဖြိုးတိုးတက်ဖို့ မလွယ်ကူပါဘူး။ အခုလက်ရှိကုန်သွယ်နေတဲ့မဏိပူရပြည်နယ်တင်မကဘဲ အိန္ဒိယဘက်ထဲကအင်ဖာမြို့ထဲထိတိုက်ရိုက်ကုန်သွယ်မှုပြုနိုင်မယ်ဆိုရင်တော့ ဒီထက်ကုန်သွယ်ပမာဏ တိုးလာနိုင်တယ်"ဟု တမူးမြို့မှဒေသခံကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။ မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တမူးမြို့၊ ချင်းပြည်နယ်အတွင်းရိဒ်ခေါဒါရ်မြို့တို့တွင် ဖွင့်လှစ်ထားပြီး ထန်တလန်မြို့တွင်လည်း ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်နေကြောင်း၊ တမူးနယ်စပ်စခန်းမှပို့ကုန်အဖြစ် ကွမ်းသီး(စို/ခြောက်)၊ ချင်း(ဂျင်း-စို/ခြောက်)၊ နန်းဖာလုံးအမယ်စုံနှင့် စီးကရက်တို့အပါအဝင်ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်အဖြစ် ဂျုံ(အစေ့၊ အမှုန့်)၊ ပရဆေးကုန်ကြမ်းနှင့် ဆံပင်အပါအဝင် ၅၉၃ မျိုးကို ကုန်သွယ်မှုပြုနေကြောင်း၊ ရိဒ်နယ်စပ်စခန်းမှမူဆယ်ကုန်ဟု ခေါ်ဆိုကြသော အဝတ်အထည်၊ ဖိနပ်၊ စားသောက်ကုန်စသော တရုတ်ပြည်မှ လာရောက်သော ကုန်စည်များကို အများဆုံးတင်ပို့ကြပြီး အိန္ဒိယနိုင်ငံဘက်မှဆံပင်၊ မြေဩဇာ၊ ချည်လုံးတို့ကို ပြန်လည်တင်သွင်းကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ စာရင်းများအရ သိရသည်။

**သျှင်နေမင်း**

ဖျာပုံမြို့ ဆိပ်ကမ်းသာယာဈေး မြစ်ကမ်းပါးပြိုသဖြင့် ဆိုင်ခန်း ၁၂ ခန်း ပြိုကျသွားသည်။ မြစ်ကမ်းပါးထိန်းသိမ်းရေးအတွက် ပြုပြင်ဆောင်ရွက်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မပြိုကျဘဲ ကျန်ရှိနေသည့် ၁၂ ခန်းအား ဖျက်သိမ်းရန် ညွှန်ကြားလာမှုကို ဆိုင်ခန်းရှင်များက မဖျက်သိမ်းလိုသဖြင့် မတ် ၇ ရက်တွင် ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြဆွေးနွေးခဲ့ကြသည်။ ဆိပ်ကမ်းသာယာဈေးသည် ၂၀၁၂ တွင် ကမ်းပြိုမှုဖြစ်ပွားခဲ့ပြီး ယခုဆိုင်ခန်းတွဲပိုင်ရှင်များက မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်စဉ်က အောက်ခြေခံထားသည့် ကျောက်သားများ ရေတွင်မပါရှိဘဲ ကျန်ရှိနေသည်ကိုတွေ့ရပြီး ကွန်ကရစ်သားကွဲအက်သည်ကိုလည်းမတွေ့ရှိရသဖြင့် စားဝတ်နေရေးအရ ဆိုင်ခန်းများကို မလိုအပ်ပါက မဖျက်သိမ်းသေးဘဲ လိုအပ်ပါက အချိန်မရွေးဖျက်သိမ်းပေးသွားမည်ဖြစ်ကြောင်း အသနားခံတင်ပြကြသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း အလေးရှိန်လျှော့ချရန်အတွက် ဖျက်သိမ်းခိုင်းရခြင်းဖြစ်ကြောင်း ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရသည့်အတွက် ဆိုင်ခန်းရှင်များဘက်မှ အခက်အခဲရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဆိုင်ခန်းရှင်များနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ညှိနှိုင်းကာ ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းကို ဆိုင်းငံ့ထားပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(ဖျာပုံ)

## အတွေးအမြင်

# ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဆိုသည်မှာ . . .

ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဖွဲ့စည်းခြင်းအပေါ် နားမလည်မှုနှင့် ဝေဖန်မှုများဖြစ်ပေါ်သည်ကို တွေ့ရှိရသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များအရ အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအင်အားစုများ၏ ပူးပေါင်းပါဝင်မှုကို ရယူ၍ ပြည်သူတို့၏ လူမှုစီးပွားရေးနှင့် နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးကို ရှေးရှုဆောင်ရွက်နိုင်ရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများကို ဖွဲ့စည်းပေးခဲ့သည်။

ယင်းကော်မတီတွင် အဖွဲ့ဝင်ကိုးဦးပါဝင်ပြီး အဖွဲ့ဝင်များကို အများဆန္ဒဖြင့် ရွေးချယ်သူ၊ မြို့မိ မြို့ဖများမှ တာဝန်ပေးအပ်သူ၊ လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်၊ စီးပွားရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ တောင်သူလယ်သမားကိုယ်စားလှယ်၊ စည်ပင်အမှုဆောင်အရာရှိနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဖြစ်ကြသည်။

၎င်းတို့ကို အများဆန္ဒအရ ရွေးချယ်ကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားတိုးတက်မှုအတွက် ဆောင်ရွက်သည့် ကိစ္စများအား အဖြေရှာခြင်း၊ ဒေသခံများနှင့် ပူးပေါင်း၍ မြို့ပြကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူမှုစီးပွားရေးလိုအပ်ချက်တို့ကို ဆွေးနွေးအကြံပြုခြင်း၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများ ရှိလာပါက စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြ၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥပဒေပါ အချက်များအရ တိကျမှန်ကန်စွာ ရွေးချယ်ပေးကြခြင်းဖြင့် ပြည်သူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာနိုင်စေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**သူရ(တောင်ငူ)**

# ဒုတိယအကြိမ်မြောက် အာရှဒေသတွင်း "ဆင်"နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းသည် မတ် ၇ ရက်က ဒုတိယအကြိမ်မြောက် အာရှဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို နေပြည်တော် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပခဲ့သည်။

ရေဆင်းတက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနဝန်ထမ်းများ၊ နိုင်ငံတကာ ဆင်နှင့်ပတ်သက်၍ ကျွမ်းကျင်သူများ တက်ရောက်ခဲ့သည်။ International Elephant Foudation မှ အကြံပေး Ms Heidi Riddle က ကျေးဇူးတင်စကားနှင့် မိတ်ဆက်စကားပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကို Asian Elephant Support and U.S Fish and Wildlife တို့မှ ထောက်ပံ့ကူညီခဲ့ပြီး မတ် ၁၁ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီး သစ်ထုတ်ရေးဒေသတွင် လက်တွေ့ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်စိုးမိုး**


**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(လှိုင်ကော်)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (လှိုင်ကော်)၏ အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စဉ် ပစ္စည်းအမျိုးအမည်**

(က) ပင်မသုံးထပ်ဆောင်အတွက် ၄"အဝီစိတွင်း နှစ်တွင်းတူးဖော်ခြင်းလုပ်ငန်း
(ခ) ကျောင်းဆောင်ဟောင်း *(GTHS)* -လှိုင်ကော်အတွက် ၄"အဝီစိတွင်း တစ်တွင်း တူးဖော်ခြင်းလုပ်ငန်း
(ဂ) အလုပ်ရုံ နှစ်လုံးသို့ မီးတိုင်ကိုသစ်သားတိုင်မှ ကွန်ကရစ်တိုင်အဖြစ် လဲလှယ်ခြင်းလုပ်ငန်း
(ဃ) ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာသို့ သွယ်တန်းထားသော မီးတိုင်ကို သစ်သားတိုင်မှ ကွန်ကရစ်တိုင်အဖြစ် လဲလှယ်ခြင်းလုပ်ငန်း

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** -၁၀-၃-၂၀၁၄ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၄-၃-၂၀၁၄ရက် မွန်းလွဲ ၁၄:၀၀နာရီ

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(လှိုင်ကော်)**
**ဖုန်း-၀၉-၅၆၀၀၄၈၆၊ ၀၈၃-၂၁၄၇၅**



**ပျောက်ဆုံးကြောင်း**

SUMNI TLIED SERVICESပိုင် ကနဦး IDနှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၀၃၇၅၈၇**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**A.G.T.I မှ B.Tech နှင့် B.Tech မှ B.E ပေါင်းကူးဝင်ခွင့်စာမေးပွဲ**

**ကျင်းပမည့်အစီအစဉ် ကြေညာခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော A.G.T.I / B.Tech သင်တန်းအသီးသီး၏ ၂၀၁၀-၂၀၁၁၊ ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်များ၏ အတန်းတင်စာမေးပွဲများတွင်အောင်မြင်ခဲ့ပြီး တစ်ဆင့်မြင့်သင်တန်းများသို့ ဆက်လက် တက်ရောက်ခွင့်မရခဲ့သော ကျောင်းသား ကျောင်းသူများအား ပေါင်းကူးဝင်ခွင့်စာမေးပွဲ ကျင်းပစစ်ဆေးသွားမည်ဖြစ်ပါသည်။

၂။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများနှင့် ဖြေဆိုရမည့်ဘာသာရပ်အလိုက် Scope များကို မိမိတို့ A.G.T.I ဒုတိယနှစ်နှင့် B.Tech ဒုတိယနှစ် အောင်မြင်ခဲ့သည့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ၁၀-၃-၂၀၁၄ ရက်မှ စတင်ရယူနိုင်ပြီး လိုအပ်သည်များဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၈-၄-၂၀၁၄ ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်ဖြစ်သည်-

(က) A.G.T.I ဒီပလိုမာလက်မှတ်၊ B.Tech ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်) သက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ အောင်မြင်ကြောင်း ထောက်ခံစာ၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ မိဘအုပ်ထိန်းသူများ၏ ဝန်ခံချက်နှင့် ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက်၊
(ဃ) တစ်လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ လေးပုံ။

၃။ ပေါင်းကူးဝင်ခွင့်သတ်မှတ်ချက်များအတိုင်း လျှောက်လွှာတင်ထားသည့် စာမေးပွဲဖြေဆိုမည့်သူများသည် မိမိတို့လျှောက်လွှာတင်ထားသည့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖြေဆိုရမည်-

| စဉ် | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| ၁ | အင်္ဂလိပ်စာ | ၂၆-၇-၂၀၁၄ စနေနေ့ | နံနက် ၉:၀၀ မှ မွန်းတည့် ၁၂:၀၀ ထိ |
| ၂ | သက်ဆိုင်ရာဘာသာရပ် | ၂၇-၇-၂၀၁၄ တနင်္ဂနွေနေ့ | နံနက် ၉:၀၀ မှ မွန်းတည့် ၁၂:၀၀ ထိ |

၄။ အခြားသိလိုသည်များရှိပါက ကျောင်းသားရေးရာဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၈၂ နှင့် သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဘိုးတော်ဘုရား၊ ဦးပိုင်အမှတ် ၃၃[က]၊ ဧရိယာ ၀ဒသမ ၆၉၃ ဧကရှိ ဒေါ်သန်းရွှေ အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်သန်းရွှေ ၉/တကန(နိုင်)၀၁၁၆၄၉ (ဘ)ဦးမဲ့မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပေးကမ်းခြင်းစာချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် ၈၆[ခ]၊ ဧရိယာ ၀ဒသမ ၀၄၄ ဧကရှိ ဦးစိုးလွင် အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးစိုးလွင် ၉/တကန(နိုင်)၀၀၇၉၂၇ (ဘ)ဦးပုသောင်းမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သက်တမ်းတိုးလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် လစ်လပ်လျက်ရှိသော**
**ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်မှန်)/ (အကြော)/(ဆေးဝါး)**
**လစာနှုန်း(၇၉၀၀၀၀-၁၀၀၀၀-၈၄၀၀၀၀)**

## ကျွမ်းကျင်ဝန်ထမ်းများဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျန်းမာရေးဌာနများ၊ ဆေးရုံကြီးများတွင် ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်မှန်)/(အကြော)/(ဆေးဝါး) လစာနှုန်း(၇၉၀၀၀၀-၁၀၀၀၀-၈၄၀၀၀၀)ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်။

၂။ ယင်းလစ်လပ်နေရာများတွင် ခန့်ထားရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသောသူများသည် လျှောက်ထားနိုင်ပါသည်။

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်မှန်)ရာထူးလျှောက်ထားသူသည် ရန်ကုန်နှင့် မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ(၁/၂၀၁၂)၊ (၁/၂၀၁၃) B.Med.Tech(ဓာတ်မှန်ရိုက်နှင့် ပုံရိပ်ဖော်နည်းပညာ)ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ဂ) ဆေးဘက်ကျွမ်းကျင်(၂)(အကြော) ရာထူးလျှောက်ထားသူသည် ရန်ကုန်နှင့် မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ(၁/၂၀၁၂)၊ (၁/၂၀၁၃) B.Med. Tech (ခန္ဓာသန်စွမ်းမှုနည်းပညာ) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) ဆေးဘက်ကျွမ်းကျင်(၂) (ဆေးဝါး)ရာထူးလျှောက်ထားသူသည် ရန်ကုန်နှင့် မန္တလေးမြို့ရှိ ဆေးဝါးတက္ကသိုလ်မှ(၁/၂၀၁၂)၊(၁/၂၀၁၃)B.Pharm (ဆေးဝါးသိပ္ပံ) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူပူးတွဲတင်ပြရမည်။

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူပူးတွဲတင်ပြရမည်။

(ဂ) တာဝန်ကျရာမည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာပူးတွဲတင်ပြရမည်။

(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်းပူးတွဲတင်ပြရမည်။

(င) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်အစားဓာတ်ပုံနှစ်ပုံ ပူးတွဲတင်ပြရပါမည်။

(စ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာအား တိကျစွာရေးသားဖော်ပြပေးရပါမည်။

(ဆ) လျှောက်ထားသူသည် မိမိ၏ကိုယ်ရေးမှတ်တမ်းပြည့်စုံစွာဖော်ပြပေးရပါမည်။

(ဇ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်း ပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ကျွမ်းကျင် (၂)များအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာ ဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံတာဝန်အား အနည်းဆုံး(၅)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေကျပ် လေးသိန်းတိတိကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား ၃၁-၃-၂၀၂၄ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။

(သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

၆။ လျှောက်ထားသူများအနက် ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်မှန်) ဖြေဆိုမည့်သူများသည် ၂၃-၄-၂၀၂၄ရက်တွင်လည်းကောင်း၊ ဆေးဘက်ကျွမ်းကျင် (၂)(အကြော)ဖြေဆိုမည့်သူများသည် ၂၈-၄-၂၀၂၄ရက်တွင်လည်းကောင်း၊ ဆေးဘက်ကျွမ်းကျင်(၂)(ဆေးဝါး)ဖြေဆိုမည့်သူများသည် ၅-၅-၂၀၂၄ရက်တွင်လည်းကောင်း ကုသရေးဌာနစိတ်၊ ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ **မပျက်မကွက်** လူကိုယ်တိုင်လာရောက်သတင်းပို့ရပါမည်။

၇။ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူများအနက် ဆေးဘက်ကျွမ်းကျင် (၂)(ဓာတ်မှန်)ဖြေဆိုမည့်သူများကို ၂၄-၄-၂၀၂၄ရက်တွင်လည်းကောင်း၊ ဆေးဘက်ကျွမ်းကျင်(၂)(အကြော)ဖြေဆိုမည့်သူများကို ၂၉-၄-၂၀၂၄ရက်နှင့်ရက်တွင်လည်းကောင်း၊ ဆေးဘက်ကျွမ်းကျင်(၂)(ဆေးဝါး)ဖြေဆိုမည့်သူများကို ၆-၅-၂၀၂၄ရက်တွင်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနရုံးချုပ်၊ နေပြည်တော်၌ နံနက် ၉း၀၀နာရီမှစ၍ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းလာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း (သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။

၈။ အသေးစိတ်သိရှိလိုသည်များကို ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၇၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၉။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့်မကိုက်ညီ မပြည့်စုံသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဆင်ပေါင်ဝဲမြို့နယ်တရားရုံး**
**၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ်-၅**

| | | |
|---|---|---|
| ကိုအောင်သူ | နှင့် | ဦးစိန်ငွေ ပါ(၃) |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ငန်းပြားကျေးရွာနေ တရားပြိုင်(၃) မသန္တာငွေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လက်ထပ်ရန် ကတိပျက်ကွက်၍ လျော်ကြေးငွေသိန်း ၃၀ ရလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ် မတ် ၂၀ရက် (၁၃၈၅ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ် မတ် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ငွေငွေမော်)**
**မြို့နယ်တရားသူကြီး**
**ဆင်ပေါင်ဝဲမြို့နယ်တရားရုံး**

## အခွန်မဆောင်သော ကုမ္ပဏီများသို့ နှိုးဆော်ချက်

၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွက် အခွန်များကို ယခု ၂၀၂၃-၂၀၂၄ရက်တွင် စည်းကြပ်နေပြီးဖြစ်ရာ အချို့ကုမ္ပဏီများအနေဖြင့် အခွန်ပေးဆောင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

ထိုအခွန်ပေးဆောင်ခြင်းမရှိသေးသော ကုမ္ပဏီများအမည်ကို website www. irdmyanmar.gov.mm တွင် တင်ထားပြီးဖြစ်၍ ၎င်းကုမ္ပဏီများအနေဖြင့် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးသို့ ၂၀၂၄ခုနှစ် မတ် ၂၀ ရက် နောက်ဆုံးထားပြီး လာရောက်ဆက်သွယ်ပါရန် နှိုးဆော်ပါသည်။

**ကုမ္ပဏီများဆိုင်ရာအခွန်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဗန္ဓုလ၊ ဦးပိုင်အမှတ် ၂၀ᵐ ၊ ဧရိယာ ၀ ဒသမ ၀၅၉ ဧကရှိ အစိုးရမြေမျိုး မြေကွက်အား ဒေါ်နု၊ ဒေါ်စန္ဒာဝင်း ၉/တကန(နိုင်)၀၉၃၂၀၂၊ ၉/တကန(နိုင်)၁၀၄၀၉၈(ဘ) ဦးသာလှ၊ ဦးစိန်ရွှေမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ပြည်ထဲရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော စားဖိုဆောင်သုံးအထွေထွေပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှာ ၂၀-၃-၂၀၂၄ရက် နံနက် ၁၀နာရီဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါတစ်စုံလျှင် ၁၀၀၀၀ဝိ/-နှုန်းဖြင့် ၁၂-၃-၂၀၂၄ရက်မှ ၁၉-၃-၂၀၂၄ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များသိရှိလိုပါက ပစ္စည်းများဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ အမှတ်(၂)ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး၊ စက်မှု (၁)လမ်းနှင့် ဆရာစံလမ်းထောင့် (ယခင်-ပြည်ထဲရေးရုံးဟောင်း)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၉၄၃၃နှင့် ၀၉-၅၃၀၁၆၈၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

**ပြည်ထဲရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ကားတာယာနှင့်ဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှ ၂၄-၃-၂၀၂၄ ရက် နံနက် ၁၀ နာရီဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါတစ်စုံလျှင် ၁၀၀၀၀ဝိ/-နှုန်းဖြင့် ၁၂-၃-၂၀၂၄ ရက်မှ ၂၁-၃-၂၀၂၄ ရက်အထိ ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ပစ္စည်းများဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ အမှတ်(၂) ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံး၊ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်(ယခင်-ပြည်ထဲရေးရုံးဟောင်း)၊ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၉၄၃၃ နှင့် ၀၉-၅၃၀၁၆၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်)မှ နိုင်ငံခြားဖြစ် စက္ကူထုပ် (A4) နှင့် Duplo DP-A120 စာကူးစက်အတွက် မှင်ရည်ဘူး (DA-14) ဝယ်ယူခြင်းဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၀-၃-၂၀၂၄ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၃-၂၀၂၄ရက်

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိလိုပါက နေ့စဉ်ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် လက်ရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ နည်းပညာတက္ကသိုလ်(သန်လျင်)**
**ဖုန်း-၀၅၆-၂၅၀၅၈၊ ၀၉-၈၆၀၂၀၅၃**

## မြန်မာ့စီးပွားရေးဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာ့စီးပွားရေးဘဏ်တွင် သုံးစွဲမရတော့သည့်စက်ပစ္စည်းနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့်ရောင်းချမည်ဖြစ်ရာ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများ ၁၀-၃-၂၀၂၄ ရက်မှစ၍ တင်ဒါပုံစံများဝယ်ယူနိုင်ပြီး ၁၄-၃-၂၀၂၄ ရက် ၁၆း၃၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသဖြင့် တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)**
**စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၂၁၀၃၀၊ ၀၆၇-၄၂၁၀၃၁**

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော Transformer& Electrical Goods နှင့် Spare for Vessel ပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်သွင်းရမည့်နေ့ရက်** - ၁၉-၃-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)

**အချိန်** - ၁၀း၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး)ဆိပ်ကမ်းမြို့နယ်တွင် ၁၀-၃-၂၀၂၄ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ် ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၈၆၁၀၂၂၉ နှင့် ၈၆၁၀၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းထိန်းချုပ်**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၉၇၈၆ Honda Custom M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာချို ၉/မနမ(နိုင်)၀၄၀၃၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၀၉၉ Myanmar BS Jeep , Jeep (4×2)Ⓛယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်း ၉/ပကခ(နိုင်)၀၂၈၆၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၁)**
**(၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၁)၊ ရန်ကုန်မြို့ရှိ စက်/ယာဉ်များ ပြင်ဆင်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ စက်/ယာဉ်များအတွက် ဆက်စပ်ပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | စက်အမျိုးအစား | အစိတ်အပိုင်းများ | အရေအတွက် |
|---|---|---|---|
| (1) | Portable Fire Fighting Pump | စက်အရန်ပစ္စည်းများ | 1 Lot |
| (2) | Nissan Dump Truck (CWM-454) | စက်အရန်ပစ္စည်းများ | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၂၄ခုနှစ် မတ် ၁၄ရက်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**စက်မှုတိုင်း (၁)၊ ဆည်မြောင်းဦးစီးဌာန**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာန**
**(၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၃၃၀၄**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်/ ဦးပိုင်အမှတ် ၂၂၅ ၊ ဧရိယာ ၀ ဒသမ ၁၀၅ ဧကရှိ ဒေါ်နန်းငွေငွေလတ် အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန် မြေကွက်အား ဒေါ်နန်းငွေငွေလတ် ၁၃/တကန(နိုင်)၁၅၈၉၁၇ (ဘ) ဦးဘသန်းဆွေ(ခ) ခွန်မြတ်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်မိတ္တူမှန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ မြေကွက်/ဦးပိုင်အမှတ် ၅၂၊ ဧရိယာ ၀ ဒသမ ၁၇၈ ဧကရှိ ဒေါ်ဆန်း အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးတင်မောင်မြင့် (တရားရုံးအနိုင်ဒီကရီရရှိသူ) ၉/ပမန(နိုင်)၀၁၈၄၃၈(ဘ)ဦးဆန်နီမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၃၀၆၀၉၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးကျော်သူအမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးကျော်သူ ၁၂/မဘန(နိုင်)၀၉၄၇၀၂(ဘ) ဦးကျော်ဦးမှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်ပျောက်ဆုံး၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ရက် ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

### ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ် (၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၁၇-၃-၂၀၁၄ရက်မှ ၂၇-၃-၂၀၁၄ ရက်အထိ ၁၀ရက်တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၈-၃-၂၀၁၄ရက်မှ ၃-၄-၂၀၁၄ရက်အထိ ခုနစ်ရက်တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင်) ဒီဃနိကာယဓမ္မာစရိယ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိကဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့**
ဖုန်း-၅၇၁၂၅၈၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊ ၈၅၀၀၃၄၅
ပခုက္ကူဓမ္မာရုံအကျိုးဆောင်အဖွဲ့၊ ဖုန်း-၀၉-၄၃၁၇၃၆၇၅

[illegible]

[illegible]

### ဖိတ်ကြားအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဘုရားပျံစံပြကျေးရွာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲတွင် အသက် ၆၀ပြည့် ဆရာကြီး ဆရာမကြီးများ (တွဲဖက်ဆရာ၊ ဆရာမများအပါအဝင်)အား ပူဇော်ကန်တော့ပွဲနှင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲအစီအစဉ်** - ၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၉-၃-၂၀၁၄ ရက်(စနေနေ့)

**ကြိုပို့အစီအစဉ်** - ရန်ကုန်အောင်မင်္ဂလာကားဂိတ်သို့ နံနက် ၇ နာရီ အရောက်လာပါရန်

**ဆက်သွယ်ရန်** - ဦးဇော်မင်းအောင် ဖုန်း-၀၉-၄၅၀၀၄၈၀၁၄
ဦးသန်းဇော် ဖုန်း-၀၉-၈၆၄၆၀၇၁
ဦးလှသိန်း ဖုန်း-၀၉-၄၉၇၃၈၈၃၉

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၄၅၉၀၉ HONBO 110 ယာဉ်လက်ဝယ်ရှိသူ ဦးစံခိုင် ၉/မသန(နိုင်)၀၀၄၁၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

### ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၇-C၂၊ မြေကွက်အမှတ် ၃၉၊ မြေကွက်တည်နေရာအမှတ် ၃၂၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် ဦးမြင့်သိန်းအမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်မြသိန်း၊ သားဦးကျော်ဆန်းမြင့်တို့ ကွယ်လွန်သဖြင့် ဒေါ်အေးမို့မို့မြင့် ၁၂/စခန(နိုင်)၀၀၆၇၀၄၊ ဒေါ်မေစပယ် ၁၂/ဥကမ(နိုင်)၀၉၀၄၉၄ နှင့် ဦးကျော်ဇင်မြင့် ၁၂/စခန(နိုင်)၀၀၆၇၀၃တို့က သားသမီး၊ ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ကိုယ်တိုင်နှင့် GP လက်ခံရရှိသူ ဦးကျော်ဇင်မြင့် (GP -၂၉၆၇/၁၄)က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးခင်ညို (အိုင်သပြုလေးမျက်နှာ)**
**(မြန်မာ့စိုက်ပျိုးရေး ကြို့ကုန်း-ငြိမ်း)**
**အသက် (၇၆)နှစ်**

ဗိုလ်ကြီးလှမျိုး (တပ်မတော်ရေ-ငြိမ်း)(Theda Shipping Co.,Ltd.) - ဗိုလ်ကြီးသန်းသန်းထွေး (ငြိမ်း) ရေနီစက္ကူစက်တို့၏ဖခင်သည် ၂-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၅)မှ ကျောင်းဆင်းဖက်သူငယ်ချင်းများ**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၇၃၉၊ မြေကွက်တည်နေရာအမှတ် ၇၃၉၊ ဝေဇယန္တာအနောက် (၁၈)လမ်း၊ ၆/အနောက်ရပ်ကွက် သာကေတမြို့နယ် ဦးကျော်ရှိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ရှိန်သည် (လူပျိုကြီး)ဘဝဖြင့်လည်းကောင်း၊ ဦးအောင်ဘော်(ဖခင်)နှင့် ဒေါ်မယ်ဟန်(မိခင်)တို့ အသီးသီးကွယ်လွန် သဖြင့် ဦးကျော်ရှိန်၏ တစ်ဦးတည်းသောအစ်မ တော်စပ်သူ ဒေါ်မြသန်း ၁၂/သကတ(နိုင်) ၀၉၁၇၃၄ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၂၅၉၅/၂၀၁၄)ရရှိသူ ဦးဝင်းမောင် ၁၂/မဂတ(နိုင်)၀၀၃၇၄၀မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစန်းနိုင် Advisor (Goldpetrol Joc Inc)

**အမှုဆောင်ဘူမိဗေဒအရာရှိ(ငြိမ်း)**
**အသက် (၅၅)နှစ်**

Goldpetrol Joc Inc.၏ Advisor ဦးစန်းနိုင် (အမှုဆောင်ဘူမိဗေဒအရာရှိ-ငြိမ်း)သည် ၆-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Country Manager & Staffs**
**Goldpetrol Joc Inc.**

### ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒေါပုံမြို့နယ်တရားရုံးတော်၌**
**၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၃၂**

| | | |
|---|---|---|
| ဦးစိုးမြင့် | နှင့် | ဦးဝင်းအောင်(ကိုယ်စား) |
| အမှတ် ၆၉၊ ဇေယျာသီရိ ၄လမ်း၊ | | ဒေါက်တာစုမြလှိုင် |
| ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ | | အမှတ် ၇၀(ခ)၊ (၄)လမ်း၊ |
| ရန်ကုန်တိုင်းဒေသကြီး။ | | ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ |
| | | ရန်ကုန်တိုင်းဒေသကြီး။ |
| **တရားလို** | | **တရားပြိုင်** |

အမှတ် ၇၀(ခ)၊ ၄လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဝင်းအောင်(ကိုယ်စား) ဒေါက်တာစုမြလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၁၈ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမမ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဒေါပုံမြို့နယ်တရားရုံး**

### အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံး ခရိုင်တရားမရုံး၌**
**၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂၄**
**ကွယ်လွန်သူ ဦးချစ်ဆွေ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်ဝေဝေမာ **လျှောက်သူ**

ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်၊ (၂၉×၂၈)လမ်းကြား၊ (၇၁×၇၂)လမ်းကြားနေ ဒေါ်ဝေဝေမာက ကွယ်လွန်သူ ဦးချစ်ဆွေ၏ သမီးအရင်းဖြစ်သည်ဟူ၍ ပါတ်ကုန်းဝန်းကျင်နေ ၎င်းကွယ်လွန်သူ ဦးချစ်ဆွေမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးချစ်ဆွေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် မတ် ၂၁ရက် (၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ဝေဝေမာ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ် ရသင့်မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် မတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် ၈၈၊ မြေကွက်တည်နေရာအမှတ် ၈၈၊ နဝရတ် ၁၁ လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်ရီအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရီ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၁၈၅၆/၁၃(၂-၅-၁၃)အရ ဒေါ်သန်းသန်း၊ ဦးလှသိန်း၊ ဦးအောင်မင်းတို့မှပိုင်ဆိုင်ခဲ့ပြီး ဦးလှသိန်းမှ စွန့်လွှတ်စာချုပ်အမှတ် ၁၈၅၇/၁၃(၂၄-၅-၁၃)အရ ဒေါ်သန်းသန်းနှင့် ဦးအောင်မင်းတို့က လက်ခံရရှိခဲ့ပြီး ဦးအောင်မင်းကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်ခင်မြတ်နှင်း ၁၂/ဗဟန(နိုင်)၀၀၄၉၃၇ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၀၅၆/၂၀၁၃)ရရှိသူ ဦးအောင်သိန်းဝင်း ၁/မညန(နိုင်)၀၀၂၁၄၀ နှင့် ပူးတွဲပိုင်ရှင် ဒေါ်သန်းသန်း ၁၂/သကတ(နိုင်)၁၁၁၉၅၇ မှပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊ မြေကွက်အမှတ် ၁၈၀၇၊ မြေကွက်တည်နေရာအမှတ် ၁၈၀၇၊ ပီမိုးနင်းလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာ ဦးစန်းလင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစန်းလင်း(ခ)ဦးဆန်းလင်း KPG-၁၆၂၀၈၀ ကိုယ်တိုင်က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာများ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

